
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မိတ်ကောင်းဆွေကောင်းနှင့်
# ခရီးသွားခြင်း

F-A လှိုင်းသစ်စာပေ (တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း

နန္ဒာသိန်းဇံ

လှိုင်းသစ်စာပေ
အမှတ်– ၃၈၊ ဘိုကလေးဈေးလမ်း
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စာအုပ် စာတမ်း စာနယ်ဇင်း
ပုံနှိပ်ထုတ်ဝေခွင့်ပြု လက်မှတ်အမှတ် ၄၇၇/၈၈(၁၁)
စာအုပ် စာတမ်း စာနယ်ဇင်း မျက်နှာဖုံး
ပုံနှိပ်ထုတ်ဝေခွင့်ပြု လက်မှတ်အမှတ် ၂၁၅/၈၉(၅)

၁၉၈၉–ခု ဇွန်လ
တတိယအကြိမ် အုပ်ရေ ၅၀၀၀
အဖုံးရိုက် – အောင်ကျော်ဖြိုး

ရောင်းဈေး ၈၀၀ ကျပ်

ထုတ်ဝေသူ – ဒေါ်ဟန်တင် (၀၁၈၄၆)၊ လှိုင်းသစ်စာပေ၊
၃၈/၈၊ ဘိုကလေးဈေးလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ – ဒေါ်ခင်စန်းစန်း (၀၃၅၈၀)
အောင်ကျော်ဖြိုးပုံနှိပ်တိုက်
၁၉/၂လမ်း၊ ဟုမ်းလမ်း၊ ချင်းချောင်း
ရပ်ကွက်၊ ကြည့်မြင်တိုင်၊
ရန်ကုန်မြို့။ (ဖုန်း–၈၃၈၇၉)

ဖြန့်ချိရာဌာန –
လှိုင်းသစ်စာပေ
အမှတ် ၃၈/၈၊ ဘိုကလေးဈေးလမ်း၊
ရန်ကုန်မြို့။

## ထုတ်ဝေသူ၏အမှာ

"မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း" သည် ဆရာနန္ဒာသိန်းဇံ၏ ဟောပြောချက်များ ဖြစ်ပါသည်။ ဤ ဟောပြောချက်များကို စာအုပ်အဖြစ် ရိုက်နှိပ်ခွင့်ပေးသော ဆရာနန္ဒာသိန်းဇံအား လည်းကောင်း၊ ဟောပြောချက်များကို ကူးယူပေးသော ဦးစံကောက် (ကုန်သွယ်ရေး) အား လည်းကောင်း၊ မျက်နှာဖုံးပန်းချီနှင့် အတွင်းစာသားများကို သရုပ်ဖော်ပုံများ ရေးဆွဲပေးသော ဆရာပေါ်ဦးသက်အား လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ထုတ်ဝေသူ

(တတိယအကြိမ်)

www.burmeseclassic.com

## မျက်နှာဖုံးပန်းချီ

မျက်နှာဖုံးပန်းချီနှင့် ပတ်သက်၍ ဤသို့ စိတ်ကူး ရေးဆွဲလိုက်ပါသည်။

"ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့သည် ကံသာလျှင် မိမိဥစ္စာ အစစ်ဖြစ်ကုန်၏။ ကံသာလျှင် အကြောင်းရင်း အစစ် ဖြစ်ကုန်၏။ ကံသာလျှင် အဆွေခင်ပွန်းကောင်းအစစ် ဖြစ်ကုန်၏။ ကောင်းသည်လည်းဖြစ်သော၊ မကောင်းသည်လည်း ဖြစ်သော အကြင်ကုသိုလ်၊ အကုသိုလ်ကံကို ပြုမိကြကုန်လတ္တံ့၊ ထိုကံတို့၏ အမွေခံတို့သည် ပြုသူတို့သာလျှင် ဖြစ်ကြကုန်လတ္တံ့" ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသော (အဘိဏှသုတ်) တရားတော်မြတ်ကြီးကို မှီငြမ်းလျက် ကျွန်တော်၏ စိတ်တွင် "မိတ်ဆွေ" ဟူသော သရုပ်ကို ဖော်ပြလိုရာ၌ တစ်ခဏ တစ်ဘဝမျှ ကြုံတွေ့ရသည့် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါတို့ကို

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

မဖော်ပြလိုတော့ဘဲ သံသရာခရီးတစ်လျှောက် နိဗ္ဗာန်သို့ ရောက်သည့်တိုင် မိမိအား အမြဲအဖော်ပြုနေမည့် "ကံ" ကဲ့သို့သော "မိတ်ဆွေ"၏ သရုပ်မျိုးကို ဖော်ပြလိုလှသဖြင့် ထိုသို့ သဘောရှိသော လောကဥပမာများကို ရှာဖွေစဉ်းစား ကြည့်ရာတွင် မိမိနှင့် အတူတကွ ထက်ကြပ်မကွာ တစ်ပါတည်း လိုက်ပါလျက်ရှိနေသော မိမိ၏ "အရိပ်"နှင့် ဥပမာအားဖြင့် တူလှန်းလှရကား ဤစာအုပ်၏ မျက်နှာဖုံး သရုပ်ဖော်ပုံကို ကိုယ့်အရိပ်နှင့် ကိုယ်သာ အဖော်ပြု၍ ခရီးသွားနေရသော ခရီးသွားယောက်ျားတစ်ဦး၏ပုံကို သရုပ်ဖော် ရေးဆွဲလိုက်ပါတော့သည်။

ပေါ်ဦးသက်

၁၉၇၅–ခု၊ ဇူလိုင် ၂–ရက်

(တတိယအကြိမ်)

သူတော်ကောင်းတို့နှင့် ပေါင်းဆုံခြင်းသည် တစ်ကြိမ်သာလျှင် ဖြစ်၏။ (ဝါ)တစ်ကြိမ်သာလျှင် ဖြစ်စေကာမူ ထို တစ်ကြိမ်မျှ ပေါင်းဆုံရ တွေ့ရခြင်းသည် သူတော်ကောင်း တို့နှင့် ပေါင်းဆုံတွေ့ရသော ထိုသူကို အကျိုးမဲ့ပယ်ရှား၊ အကျိုးများအောင် ရှက်ဆောင် စောင့်ရှောက်တတ်ပေ၏။ သူယုတ်မာတို့နှင့် အကြိမ်များစွာ ပေါင်းဆုံရခြင်းသည် (ဝါ) အကြိမ်များစွာ ပေါင်းဆုံရစေကာမူ အကျိုးများအောင် မရှက်ဆောင် မစောင့်ရှောက်တတ်ချေ။

၄၆၉–မဟာသုတသောမဇာတ်

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အခန်း | | စာမျက်နှာ |
|---|---|---|
| | **နိဒါန်း** | |
| | တစ်ခါတုန်းက ငှက်ကလေးတစ်ကောင် .... | ၁ |
| | မိတ်ကောင်းဆွေကောင်း ဟူသည် .... | ၂ |
| | လေရှိလို့ လူတွေရှိလို့ .... | ၅ |
| ၁။ | ဘဝခရီး၌ တွေ့ကြုံဆုံဆည်းရန် ခဲယဉ်းသူများ | |
| | မိတ်ဆွေကောင်းတို့အတွက် ဆော့ခရတ္တိ၏ အိမ် .... | ၄ |
| | ဟေရာကလိုက်တပ်စ်နှင့် သူ၏ မြို့သားများ .... | ၁၁ |
| | နေ့လယ်မှာ မီးထွန်းရှာတောင် မတွေ့နိုင်သူများ .... | ၁၃ |
| | ဒိုင်အိုဂျီးနီးစ်နှင့် လူကုံထံ .... | ၁၃ |
| | ဒိုင်အိုဂျီးနီးစ်နှင့် အလက်ဇန္ဒားဘုရင်ကြီး .... | ၁၄ |
| | စိတ်ထားဖြောင့်မတ်သော မိတ်ဆွေ .... | ၁၅ |


(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ


အခန်း စာမျက်နှာ

အာရုစ္စတိုတယ်၏ မိတ်ဆွေ အယူအဆ .... ၁၆
ဝက်ဝံ၏ အဆုံးအမ .... ၁၉
စွန်တို့၏ ဥပမာ .... ၂၀
အောင်မြင်မှုမှာ မိတ်ဆွေတွေအများကြီး .... ၂၁
ငရဲသို့ပင် ပို့စမ်းနိုင်သော ခြေထောက် .... ၂၅
ယုန်သတ္တဝါ ဦးချိုပေါက်သည့်တိုင် .... ၂၀
အလှပြိုင်လိုသူ .... ၃၁

၂။ **အလှပျောက်ဆုံးခြင်းနှင့် မေတ္တာ အကြင်နာတို့ ပြယ်လွင့်ခြင်း**

အောပီဗွန်နှင့် အီရာမာ .... ၃၇
အလှဆင်းရဲ သွားတဲ့အခါ ရောက်တော့မှ
တကယ့်မေတ္တာအကြင်နာနဲ့ ချစ်မြတ်နိုးခြင်း
ပဲလား.... ဒါမှမဟုတ် အပေါ် ယံ အရေပြား
အလှကို တဏှာရာဂနဲ့ တပ်မက်ပြီး တရှိုက်
မက်မက် မူးမူးယစ်ယစ် ချစ်နေခဲ့ခြင်းပဲလား
ဆိုတာကိုလဲ ခွဲခြား သိနိုင်တော့
တာပဲ။ .... ၅၆


(တတိယအကြိမ်)

မာတိကာ


အခန်း စာမျက်နှာ

၃။ **လှည့်စားသည်ကို လှည့်စားသည်ဟု သိ၍ လှည့်စားခြင်းမှ လွှန်မြောက်ခြင်း**

လူ့အမူအရာတွေကလဲ နားလည်ရခက်တယ် .... ၆၀
အရသာအရှိဆုံးအပြုံး .... ၆၁
အဆင်းသဏ္ဌာန်ဖြင့်
လူကို သိလွယ်သည် မဟုတ် .... ၆၁
လေးဆယ်ကျော်လျှင် လူယုတ်မာဖြစ်ပြီ .... ၆၂
အပြင်က သိုးအသွင်နှင့်
လူကြီးလူကောင်းများ .... ၆၃
ချိုမြိန်သော သရက်စေ့အတွင်း ရောက်သွား
သော ရေ၊ မြေဩဇာနှင့် အကျင့်သီလကောင်း
ရှိသူ၏ စိတ်တွင်းရောက်သွား
သော ဗဟုသုတအသိပညာ .... ၆၄
မအ, သော ခွေးအနှင့် လူလည်များ .... ၆၅

၄။ **သေမရှိလျှင်....ဆော်**

အောင်မြင်မှုအတွက် အတိုဆုံးစကားလုံး .... ၇၀


(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| အခန်း | | စာမျက်နှာ |
|---|---|---|
| | စင်ရော်ငယ်၏ အဖြစ် | ၈၁ |
| | ဒီလိုစိတ်ကူးမျိုးကို တို့လဲ ရသားပဲ | ၉၁ |
| | နေလုံးကို အခန်းတွင်းဆွဲသွင်းရန် အစပြုခြင်း | ၉၁ |
| | အိုင်းစတိုင်းက ပြောဖူးတယ် “ကျုပ် ၉၉ ရာခိုင်နှုန်း မှားတယ်” တဲ့ | ၉၂ |
| | အမှားကိုကြောက်ခြင်းဟာ တိုးတက်မှုရဲ့ သေခြင်းပဲ | ၉၂ |
| | ဒုက္ခရှေ့မှောက်မှာ အတောင်ပေါက်လာသူ | ၉၃ |
| | ညည်းညူတွေဝေသူ | ၉၅ |
| ၅။ | **အမှန်တရား၏မျက်နှာကို ဆောက်ထားခြင်း** | |
| | အတုလျူနှင့် သူ၏ အပေါင်းအဖော်များ | ၉၆ |
| | မိုက်မဲသူတွေရဲ့ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းဟာ ပမာဏ မဟုတ်ပါဘူး | ၁၀၀ |
| | လူမိုက်တို့သည် အပြစ်တင်ကဲ့ရဲ့ခြင်းဟူသော အားရှိကုန်၏ | ၁၀၁ |


(တတိယအကြိမ်)

## မာတိကာ



| အခန်း | | စာမျက်နှာ |
|---|---|---|
| | ကိုယ့်အလင်းရောင်ကို ပိုပြီး တောက်ပစေချင်လို့ သူတစ်ပါးရဲ့ ဆီမီးတိုင်ကို လိုက်၍ ငြိမ်းသတ်သူများ | ၁၀၃ |
| | ဉယျာဉ်သမားကြီး၏ ဥပမာ | ၁၀၃ |
| | အစကတော့ ခြင်တွေချည်းလို့ထင်တာ | ၁၀၇ |
| | ကိုယ့်အမှားကို သူများကိုပါ ဝေ ပေးချင်တဲ့စိတ် | ၁၀၈ |
| ၆။ | **ပန်းများကို မွှေးစေသူ** | |
| | ကိုယ်တိုင်ကော မိတ်ဆွေကောင်း ဟုတ်ရဲ့လား | ၁၁၀ |
| | သတ္တဝါလေးဦး | ၁၁၃ |
| | မျောလာတဲ့ထင်းတုံးကို ဆယ်ယူတာမှ မြတ်သေးတယ်။ လူယုတ်မာကို ဆယ်ယူ ကယ်တင်ခြင်းကတော့ မမြတ်သည်သာတည်း | ၁၁၅ |
| | သခွားသီးနှင့် ဖရဲသီးပုပ်မိတ်ဆွေများ | ၁၁၆ |
| | မိတ်ဆွေကောင်းအင်္ဂါ ၄ပါး | ၁၁၇ |
| | မိမိသည်သာ အကောင်းဆုံးမိတ်ဆွေ | ၁၂၀ |


(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း



တစ်ခါတုန်းက....

ငှက်ကလေး တစ်ကောင်ဟာ အစာရှာဖို့ ပျံသန်း လာတယ်။ ဒီလို ပျံသန်းလာရင်း အတောင်တွေက ညောင်းလာတော့ "လေမရှိရင် သိပ်ကောင်းမှာပဲ။ ခုတော့ လေရှိနေလို့ ငါ့မှာ ပျံလိုက်ရတာ အတောင် တွေကို ညောင်းနေတာပဲ" လို့ ညည်းညူလိုက်မိတယ်....။ ဒီလို ညည်းညူလိုက်တာကို လေက ကြားသွားတယ်။ ဒီတော့ လေက ငှက်ကလေးကို "ငှက်ကလေးရယ်၊ စဉ်းစားပါဦးကွယ်။ လေရှိနေလို့သာ သင် ဟာ လိုရာကို အစာရှာသွားနိုင်တယ်။ အချိန်မီ အိပ်တန်းကို ရောက် အောင်လဲ ပျံနိုင်ပြီး အိပ်စက် နားနေနိုင်တာ မဟုတ်လား" လို့ ပြောတယ်....။

ဒီတော့မှ ငှက်ကလေးဟာ သဘောပေါက်သွားပြီး "အသင် လေကို ကျွန်ုပ် ကျေးဇူးတင်လှပါတယ်။ ဘယ်တော့မှ သင့်ရဲ့ ကျေးဇူးကို မမေ့ပါဘူး" လို့ ပြောပြီး ဆက်လက် ပျံသန်းသွားတယ်....။

ပုံပြင်ကလေးကတော့ ဒါပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီပုံပြင်ကလေးကို အမှီပြုပြီး ပြောလိုတာကတော့ ဒီလိုပါ။

လူဟာ တစ်ယောက်တည်း နေလို့ရတာမဟုတ်ပါဘူး။ လူအများနဲ့ ဆက်ဆံ ပေါင်းသင်းနေရသူ ဖြစ်ပါတယ်။ ဒီလို ပေါင်းသင်းဆက်ဆံရတဲ့အခါမှာ လူတော် လူကောင်း၊ မိတ်ကောင်းဆွေကောင်း၊ အပေါင်းအဖော်ကောင်းတွေနဲ့ တွေ့ကြုံရတယ်ဆိုရင်တော့ သိပ်ကို ဝမ်းသာ ကြည်နူးစရာကောင်းမှာပဲ။

> မိတ်ကောင်း ဆွေကောင်းဆိုတာ .... မိမိကို အင်မတန် ပေးနိုင်ခက်တဲ့ အရာကို ပေးတတ်တယ်။ အင်မတန် ပြုနိုင်ခက်တဲ့ အမှုမျိုး၊ အကူအညီမျိုးကို လုပ်ဆောင်ပေးတတ်တယ်။ မိမိက သတိလွတ်လို့ပဲဖြစ်ဖြစ်၊ တခြားအခြေအနေ တစ်ရပ်ရပ်ကြောင့်ပဲ ဖြစ်ဖြစ်၊ မကောင်းသဖြင့် ပြောဆိုမိတဲ့စကား၊ ပြုမိတဲ့ အပြုအမူမျိုး ရှိလာရင်လဲ သည်းခံတတ်တယ်။
>
> မိမိက လျှို့ဝှက်ထားစေချင်တဲ့၊ မပေါက်ကြား စေလိုတဲ့ စကားကို ပြောတဲ့အခါမှာလဲ အဲဒီစကားကို မပေါက်ကြားအောင်၊ လုံခြုံအောင် လျှို့ဝှက် ပေးတတ်တယ်။ ဘေးရန်အန္တရာယ်တွေနဲ့ ကြုံတွေ့လာတဲ့ အခါမှာလဲ မိမိကို စွန့်ပစ်ကျောခိုင်း မသွားဘူး၊ ထားချန်မပစ်ခဲ့ဘူး၊ အကြောင်းမသင့်လို့ မိမိမှာ ပစ္စည်းဥစ္စာ ဆင်းရဲသွားတဲ့အခါမျိုး၊ အဆင့်အတန်း လျော့ဆင်း နိမ့်ကျသွားတဲ့ အခါမျိုးမှာလဲ မိမိကို မထီမဲ့မြင် မပြုဘူး။ အထင်သေးတဲ့ အပြောမျိုးနဲ့





မပြောတတ်ဘူး။ အထင်သေးတဲ့ အကြည့်မျိုးနဲ့ မကြည့်တတ်ဘူး။

မိမိချမ်းသာရင်၊ အောင်မြင်ရင်၊ ကျော်ကြားရင်လဲ မနာလို မရှုဆိတ်မဖြစ်ဘူး။ မိမိနဲ့ထပ်တူပဲ ဝမ်းသာနေတတ်သေးတယ်။ မိမိရဲ့အောင်မြင်မှု၊ ကျော်ကြားမှုကို ဝမ်းမြောက်ဂုဏ်ယူစွာနဲ့ အခြား သူတွေကိုတောင် တစ်ဆင့်ပြောပြနေတတ် သေးတယ်တဲ့။ မိမိရဲ့ ဂုဏ်သတင်းကို ညှိုးမှိန်စေတဲ့ မဟုတ် မတရား စကားမျိုးကို တစ်ပါးသူက ပြောလာရင်လဲ "ဒီလို မဟုတ်ပါဘူး၊ ဒီလိုမပြောသင့်ပါဘူး" စသည်ဖြင့် ဟန့်တားတတ်တယ်။

တစ်ဦးနဲ့ တစ်ဦး ဝေးနေတုန်းမှာ အစာကောင်းစားရရင် မိမိကို ကျွေးချင် မွေးချင်စိတ်တွေနဲ့ အမှတ်များရနေတတ် သေးတယ်....တဲ့။

ပြီးတော့ ....မိတ်ကောင်းဆွေကောင်းဆိုတာ သဒ္ဓါတရားနဲ့ ပြည့်စုံတယ်၊ စင်ကြယ်တဲ့ သီလရှိတယ်၊ အကြားအမြင် ဗဟုသုတများတယ်၊ ဝန်တိုခြင်းမရှိဘူး။ ပညာနဲ့လဲ ပြည့်စုံတယ်....တဲ့။

ဒီလို စိတ်ထားမျိုးရှိတဲ့ မိတ်ဆွေတွေနဲ့ ဘဝခရီးမှာ တွေ့ရကြုံရ ဆိုရရင်တော့ သိပ်ကို ငြိမ်းအေးပြေလွင်တဲ့ ဘဝခရီး ဖြစ်မှာပါပဲ။ လူဖြစ်ရကျိုး နပ်တယ်လို့တောင် ဆိုရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် လူ့လောကရဲ့ထုံးစံအတိုင်း မိတ်ဆွေမဆန်တဲ့ စိတ်ထား၊ မှုမမှန်တဲ့ စိတ်ထားတွေနဲ့ ဆက်ဆံလာသူတွေ၊ လိုလျှင်တစ်မျိုး မလိုလျှင်တစ်မျိုးနဲ့ ဖောက်ဖောက်ပြန်ပြန် ဆက်ဆံလာသူတွေ၊ သူ့အတ္တအကျိုးအတွက် မိမိကို အသုံးချသွားသူမျိုးတွေနဲ့ ဘဝခရီးမှာ ကြုံတွေ့ပြီး ခရီးဆက်ရတာမျိုးလဲ ရှိတာပါပဲ။ တစ်ခါ တစ်ခါမှာ ကိုယ်က ကျရှုံးသူ၊ မအောင်မြင်သူ၊ နိမ့်လျောနေသူ ဖြစ်နေချိန်မှာ မိတ်ဆွေကောင်းနဲ့ တွေ့ဖို့ နေနေသာသာ ကိုယ့်ကို နှိမ်ချခြင်းတွေ၊ နှိပ်စက်ခြင်းတွေနဲ့ ဆက်ဆံလာသူမျိုးတွေနဲ့ချည်း ကြုံတွေ့ရတာမျိုးတွေလဲ ရှိတတ်ပါတယ်။ ကိုယ့်ကို ဘာမှ အဆက်အဆံ မလုပ်ဘဲ တစိမ်းဆန်ဆန် နေသူတွေကိုလဲ ကြုံရတာပါပဲ။ ဒီလို မိတ်ဆွေ မဆန်တဲ့ သူတွေနဲ့ ဆက်ဆံရဖန်များလာလို့ စိတ်တွေ နွမ်းနယ်ပင်ပန်းရတဲ့ အခါမျိုးမှာ အတောင်ညောင်းလို့ စိတ်ပျက်ပျက်နဲ့ "လေမရှိရင် ကောင်းမှာပဲ" လို့ ငှက်ကလေး ညည်းညူမိသလို၊ "လူတွေမရှိရင် ကောင်းမှာပဲ၊ လူတွေဟာ အလကား လူတွေချည်းပါပဲ"လို့ ညည်းညူမိတတ်ပါတယ်။

လူ့လောကဆိုတာ အကောင်းအဆိုး တွဲနေတာပါပဲ။ ကောင်းတဲ့လူတွေ ရှိသလို မကောင်းတဲ့လူတွေလဲ ရှိမှာပါပဲ။ ကောင်းတဲ့ မိတ်ဆွေ ရှိသလို မကောင်းတဲ့မိတ်ဆွေလဲ ရှိမှာပါပဲ။ မိမိ အကျိုးရလဒ်ကို အဟန့်အတားပြုလို့၊ မိမိကို စိတ်အနှောင့်အယှက်ဖြစ်စေလို့ မကျေမနပ်ဖြစ်ပြီး လူတွေဟာ အလကားပါ။ လူတွေမရှိရင် ကောင်းမှာပဲလို့ ညည်းညူခြင်းဟာ မမှန်သေးဘူးလို့ ထင်ပါတယ်။





လောကမှာ လူတွေမရှိဘူးဆိုရင်လဲ လူဟာ ရပ်တည်ဖို့ မဖြစ်နိုင်ပါဘူး။ လူတွေရှိလို့၊ လူ့အဖွဲ့အစည်းဆိုတာ ရှိလို့ လူဟာ ဘဝရပ်တည် အသက်ရှင်နိုင်မှု ရှိလာတယ်။ သွားလာလုပ်ကိုင် စားသောက်နိုင်မှုတွေလဲ ဖြစ်လာတယ်။ လူတွေရှိလို့ပဲ ကျော်ကြားမှု၊ အောင်မြင်မှု၊ ငြိမ်းချမ်းစွာနေနိုင်မှု စတဲ့အကျိုးတရားတွေလဲ ဖြစ်လာတာပါပဲ။ လေရှိလို့သာ ငှက်ကလေးဟာ လိုရာ ပျံသန်းနိုင်သလို လူတွေရှိလို့ လူဟာ မိမိအတွက် ကောင်းကျိုးတွေ အများကြီး ရတာပါပဲ။ လူတွေကို ကျေးဇူးတင်ရမှာ ပါပဲ။ ဒီတော့ သတိပြုဖို့အချက်တစ်ခုက "လူတွေမရှိရင်ကောင်းမှာပဲ"လို့ ညည်းညူစရာကြုံတိုင်း ငှက်ကလေးဟာ လေအပေါ်မှာ အမြင်မှားသလို လူတွေအပေါ်မှာ ငါ အမြင်များမှားနေသလား၊ ငါကိုယ်တိုင်က မိတ်ဆွေကောင်းရဲ့ ဂုဏ်အင်္ဂါတွေ မရှိလို့ ငါ့မှာ မိတ်ဆွေကောင်းတွေနဲ့ မဆုံမတွေ့ရတာမျိုး ဖြစ်နေတာများလား....၊ ငါ့ကို အကျိုးမပြုလို့ ငါ့အကြိုက်ကို မဆောင်ကြလို့ သူများတွေကို မိတ်ဆွေကောင်း မဟုတ်ဘူးလို့ ထင်မြင် စွပ်စွဲနေတာများလား၊ ငါဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးအတွက် မိတ်ဆွေကောင်း မတွေ့ရတာနဲ့ လူတွေအားလုံးကို သိမ်းကျုံး ပြီး မကျေမနပ်နဲ့ ငါက တစိမ်းပြင်ပြင် ပြန်ကြည့်မိနေတာများလားလို့ စဉ်းစားဖို့ပါပဲ။

ကိုယ်က မိတ်ဆွေကောင်းရဲ့ ဂုဏ်အင်္ဂါနဲ့အညီ အတတ်နိုင်ဆုံး ဆက်ဆံပါလျက်နဲ့ မိတ်ဆွေမဆန်တဲ့ စိတ်ထား၊ မှုမမှန်တဲ့သူမျိုးတွေနဲ့ ချည်း တွေ့ကြုံ ဆုံဆည်းရတယ် ဆိုရင်တော့လဲ သူတို့တွေကို ရှောင်သင့်က ရှောင်၊ ဖယ်ရှားသင့်က ဖယ်ရှားရင်း လောကမှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်အချရဆုံး၊ အကောင်းဆုံး၊ အမှန်မြတ်ဆုံးဖြစ်တဲ့ မိမိရဲ့ဉာဏ်၊ ဝီရိယကို မိတ်ဆွေကောင်း၊ အဖော်ကောင်းပြုရမှာပါပဲ။ ဒီလို အဖော်ကောင်းပြုပြီး ဘယ်သူတွေ ဘယ်လိုပဲ မိတ်ဆွေ မဆန်ချင် ရှိပါစေ၊ ဘယ်သူတွေ ဘယ်လိုပဲ စိတ်ထားမမှန်သူ၊ မကောင်းသူတွေ ဖြစ်စေ၊ ငါကိုယ်တိုင်ကစပြီး မိတ်ဆွေပီသသူ၊ စိတ်ထားမှန်မှန်နဲ့ ကောင်းတာတွေ လုပ်နိုင်သူဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ သဘောထားနဲ့ ခရီးဆက်ခြင်းဟာ အဓိပ္ပာယ်ရှိတဲ့ ဘဝခရီးကို ခရီးဆက်ခြင်းဖြစ်တယ်လို့ ယူဆမိပါတယ်။

ဒီယူဆချက်ကို ရောက်အောင် ပြောသွားဖို့ပဲ ဖြစ်ပါတယ်။



## အခန်း [ ၁ ]

### ဘဝခရီးမှာ တွေ့ကြုံရဆုံဆည်းရန် ခဲယဉ်းသူများ၊

တစ်ခါမှာ.... ဂရိတွေးခေါ် ပညာရှင်ကြီး ဆော့ခရတ္တိက အိမ်ဆောက်နေပါတယ်။

ဆော့ခရတ္တိဟာ အတွေ့အကြုံ ဗဟုသုတနဲ့ ပညာအရာမှာ ကြွယ်ဝ ချမ်းသာသူ ဖြစ်ပေမယ့် ပစ္စည်းဥစ္စာအရာမှာတော့ ချမ်းသာလှသူ မဟုတ်ပါဘူး။ ဒါကြောင့် သူဆောက်နေတဲ့ အိမ်က ခမ်းခမ်းနားနား ထည်ထည်ဝါဝါ အိမ်မျိုးမဟုတ်ပါဘူး။ ခပ်ငယ်ငယ်၊ ခပ်ကျဉ်းကျဉ်း နေလို့ဖြစ်ရုံ အိမ်မျိုးပါပဲ။ ဒီလို အိမ်ငယ်ငယ် ကျဉ်းကျဉ်းဆောက်နေတာကို မြင်တဲ့လူတစ်ဦးက ဆော့ခရတ္တိကို အထင်အမြင်သေးသွားပါ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေကောင်းအတွက် အိမ်က ဆံ့ပါတယ်။

(တတိယအကြိမ်)



တယ်။ ဒါနဲ့ ဒီလူက အပြစ်တင်တဲ့လေသံ၊ ခနဲ့တဲ့လေသံမျိုးနဲ့ "ပညာရှိကြီး ဆော့ခရတ္တိ.... အိမ်က ငယ်လှ၊ ကျဉ်းလှ ချည်လား"လို့ဆိုတယ်။ ဒီလို ဆိုလာတဲ့လူကို ဆော့ခရတ္တိက ပညာရှိပီပီ ပညာသားပါပါနဲ့ "ကျုပ်အိမ်က မိတ်ကောင်းဆွေကောင်းတွေ လာရင်တော့ နေလောက်ပါတယ်"လို့ ပြောလိုက်ပါတယ်။

ဆော့ခရတ္တိ ပြောလိုက်တဲ့စကားကို တစ်ဖက်ကလူ ဘယ်လို နားလည်သွားသလဲတော့ မသိဘူး။

ဆော့ခရတ္တိ ဆိုလိုချင်တာက "စိတ်ကောင်း နှလုံးကောင်းရှိတဲ့ တစ်ပါးသူကို ကူညီရိုင်းပင်းတတ်တဲ့ မိတ်ကောင်း ဆွေကောင်းဆိုတာမျိုးက လောကမှာရှားတယ်။ သူတစ်ပါးကို ကူညီရိုင်းပင်းဖို့ကို စိတ်ကူးထဲတောင် မထည့်တတ်တဲ့ မင်းလိုလူစားတွေ.... သူတစ်ပါးကို အပြစ်ပဲမြင်တတ်၊ အထင်အမြင်သေးဖို့လောက်ပဲ တတ်တဲ့ မိတ်ကောင်း ဆွေကောင်း မဟုတ်တဲ့ မင်းလို လူစားမျိုးတွေကတော့ လောကမှာ အများကြီး။ ဒီလို အရေအတွက် များပြားတဲ့ မင်းလို လူစားမျိုးတွေ လာကြမယ် ဆိုရင်တော့ ငါ့အိမ်က ငယ်တယ်၊ ကျဉ်းတယ်၊ ဆံ့မှာ မဟုတ်ဘူး။ ဒါပေမယ့် စိတ်နှလုံး ကောင်းမြတ်ဖြူစင်တဲ့၊ သူတစ်ပါးကို ကူညီ ရိုင်းပင်းတတ်တဲ့ မိတ်ကောင်း ဆွေကောင်းဆိုတာမျိုးကတော့ လောကမှာ အင်မတန် နည်းတယ်၊ ရှားပါးတယ်။ ဒီတော့ ရှားရှားပါးပါး တစ်ခါတလေမှ ရောက်လာမယ့် မိတ်ကောင်း ဆွေကောင်း အနည်းငယ်အတွက်တော့ ငါ့အိမ်က နေလောက်ပါတယ်။ ဆံ့ပါတယ်လို့" ဆိုလိုချင်တာ ဖြစ်ပါလိမ့်မယ်။

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



ဆော့ခရတ္တိဟာ လူကောင်း သူကောင်းဖြစ်ရေး သဘောတရား အယူအဆတွေ၊ အသိအလိမ္မာအဆင်ခြင်ဉာဏ် တိုးတက်ရေးဆိုင်ရာ အယူအဆတွေကို အပတ်တကုတ် လေ့လာစူးစမ်းခဲ့သူ ဖြစ်ပါတယ်။ ဒီလို လူကောင်းသူကောင်းဖြစ်ရေး အစရှိတဲ့ လူ့အတွင်းသန္တာန် နာမ်ပိုင်း ဆိုင်ရာတို့ကို တိုးတက်အောင် စူးစမ်းလေ့လာသူ ဖြစ်ပါမှ လူဖြစ်ရ ကျိုးနပ်မယ်လို့ ယူဆသူဆိုတော့ လူရဲ့ အပြင်သန္တာန်နဲ့ဆိုင်တဲ့ ပစ္စည်းဥစ္စာ တိုးတက်ရေး၊ ထင်ပေါ် ကျော်စောရေးတွေအတွက် လောဘတကြီး အာသာငမ်းငမ်းနဲ့ အတ္တအကျိုးပဲ ကြည့်ရင်း လုပ်ရှားကြိုးစား နေကြတဲ့ သူ့ဝန်းကျင်က လူတွေအပေါ် ဆော့ခရတ္တိဟာ အားမလိုအားမရ ဖြစ်ပုံရပါတယ်။ မဟုတ်မတရား စွဲချက်အမျိုးမျိုးနဲ့ သူ့ကို သေဒဏ်ပေးဖို့ အပြစ်ရှာကြတဲ့ ဂျူရီအဖွဲ့ကို ရည်ညွှန်းပြီး ဆော့ခရတ္တိ က....

"အသင်တို့ဟာ အသိပညာရရှိရေး၊ အမှန်တရားကို သိမြင်ရေးနဲ့ စိတ်ပိုင်းဆိုင်ရာ ကောင်းမြတ် စင်ကြယ်တိုးတက်ရေးအတွက် အားမထုတ်ကြဘဲ တစ်နေ့ပြီး တစ်နေ့ ပစ္စည်းဥစ္စာ တိုးတက်ရေး၊ ဂုဏ်သိက္ခာ မြင့်မားရေး၊ ထင်ပေါ် ကျော်စောရေးအတွက်သာ လောဘတကြီး ကြိုးစား နေခြင်းကို မရှက်ကြသလော"လို့ ပြောသွားခဲ့ဖူးပါတယ်။

အမှန်ကတော့ လူများစွာဟာ မရှက်ကြပါဘူး။ ပစ္စည်းဥစ္စာ တိုးတက်ရေး၊ ဂုဏ်သိက္ခာ မြင့်မားရေး၊ ထင်ပေါ် ကျော်စောရေးအတွက်ပဲ နေ့ရှိသရွေ့ ကြိုးစားနေကြတာပါ။ ဒါတွေ ရရှိရေးအတွက်ပဲ





နေ့ရှိသရွေ့ စဉ်းစားနေကြတာပါ။ ဒီလို ကြိုးစားရင်း၊ စဉ်းစားရင်း "အလိုမပြည့်မီဘဲ လူ့ဟာသေရတယ်"ဆိုတဲ့ စကားအတိုင်း အလိုလောဘရဲ့ လှည့်စားမှုအတွင်းမှာ မကျေမနပ်နဲ့ဘဲ အသက်ကုန်သွားကြတာပါပဲ။ ဘဝတစ်ခု ကုန်ဆုံးသွားရတာပါပဲ။

ဆော့ခရတ္တိမတိုင်ခင် ပေါ်ထွန်းခဲ့တဲ့ ဟေရာကလိုက်တပ်စ် ဆိုတဲ့ တွေးခေါ်ပညာရှင်ကြီးဟာလဲ လူကောင်း သူကောင်း ဖြစ်ရေး အတွက် အာရုံမစိုက်ကြတဲ့ သူ့ခေတ် သူ့အခါက လူတွေအပေါ်မှာ အင်မတန် အားမလိုအားမရ ဖြစ်ပုံရပါတယ်။ အားမလိုအားမရ ဖြစ်ရာမှ ကရုဏာဒေါသတွေ ဖြစ်လေရော့သလား မပြောတတ်ဘူး။ ဟေရာကလိုက်တပ်စ်က သူ့ဝန်းကျင်မှာရှိတဲ့ မြို့သူမြို့သားတွေကို ဘယ့်နှယ် ပြောသလဲဆိုတော့ "ခင်ဗျားတို့ဟာ ကိုယ့်ကိုယ်ကို သတ်သေကြဖို့ကောင်းတယ်" တဲ့။ "ဘယ်လိုသတ်သေရမလဲဆိုတော့ ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်ပြီး ကြိုးဆွဲချသေကြ" တဲ့။ လူလိမ် လူညာတွေ မကောင်းတဲ့လူတွေ သေကုန်ရင် လောကကြီး အေးချမ်းသွားမယ်လို့ သူက ထင်ပုံရပါတယ်။

ဟေရာကလိုက်တပ်စ်ဟာ သူ့မြို့သားတွေထဲမှာ လူကောင်း သူကောင်းဆိုတာကို မမြင်တွေ့ရဘူး ဖြစ်နေဟန်တူပါတယ်။ ဒါပေမယ့် **Bias** ဆိုတဲ့လူတစ်ယောက်ကိုတော့ ဟေရာကလိုက်တပ်စ်က ခင်မင်တယ်တဲ့။ ခင်မင်တာကလဲ **Bias** ဟာ လူကောင်းသူကောင်းဖြစ်လို့ ခင်မင်တာတော့ မဟုတ်ဘူး။ သူ့လိုပဲ မြို့ကလူတွေကို **Bias** က ကြည့်မရတဲ့သူဖြစ်လို့ ခင်မင်တာ.... တဲ့။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်မှာ မီးထွန်းရှာပေမယ့် တွေ့ဖို့ခက်ခဲသူ

(တတိယအကြိမ်)



တွေးခေါ် ပညာရှင်ကြီး ဒိုင်အိုဂျီးနီးစ်ဟာလဲ လောကမှာ အင်မတန် လူကောင်းသူကောင်း၊ မိတ်ကောင်းဆွေကောင်း ရှားပါးတယ်လို့ ယူဆပုံရပါတယ်။ ဒိုင်အိုဂျီးနီးစ်က နေ့လယ်ကြောင်တောင်ကြီးမှာ မီးအိမ်ကိုဆွဲပြီး တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ မြို့ထဲမှာ လျှောက်သွားနေတယ်။ လူတွေက သူ့ကို "မီးအိမ်ကြီး တကားကားနဲ့ ဆရာကြီး ဘာလုပ်တာလဲ" လို့မေးတော့ ဒိုင်အိုဂျီးနီးစ်က "ကျုပ်.... လူကောင်း သူကောင်းကို လိုက်ရှာနေတာ" တဲ့။ သူဆိုလိုတာက လောကမှာ လူကောင်းသူကောင်းဆိုတာ ရှားလွန်းလို့ နေ့လယ်ကြောင်တောင်မှာ မီးထွန်းရှာတောင် မတွေ့ရဘူးဆိုတဲ့ သဘောပါပဲ။

တစ်နေ့မှာ ချမ်းသာကြွယ်ဝတဲ့ လူကုံထံတစ်ဦးရဲ့ အိမ်ကြီးကို ဒိုင်အိုဂျီးနီးစ် အလည်ရောက်သွားတယ်။ ခမ်းနားလွန်းလှတဲ့ အိမ်ကြီးထဲမှာ အင်မတန် အဖိုးထိုက်တန်တဲ့ ပစ္စည်းတွေကို ပြထားတယ်။ လူကုံထံက သူ့ရဲ့ ချမ်းသာကြွယ်ဝမှု၊ ထည်ဝါမှုကို ဂုဏ်ယူဝံ့ကြွားတဲ့ အနေနဲ့ ဒီလိုအဖိုးတန်လှတဲ့ ပစ္စည်းတွေကို ပြထားတာ ဖြစ်ပါလိမ့်မယ်။

အိမ်ကြီးရှင် လူကုံထံက ခပ်ပေပေနေတတ်တဲ့ ဒိုင်အိုဂျီးနီးစ်ကို "အဖိုးထိုက်တန်တဲ့ ပစ္စည်းတွေပေါ် တံတွေးမထွေးပါနဲ့" လို့ကြိုပြီး သတိပေးထားတယ်။

ဒိုင်အိုဂျီးနီးစ်က ပြထားတဲ့ပစ္စည်းတွေကို လှည့်လည်ကြည့်ရှုတယ်။ ကြည့်ရှုပြီးတဲ့အခါမှာ ဒိုင်အိုဂျီးနီးစ်က လူကုံထံရဲ့ မျက်နှာကို လက်ညှိုးထိုးပြပြီး "ဟောဒီမျက်နှာကတော့ ဘာမှတန်ဖိုးမရှိဘူး" လို့ ပြောရင်း တံတွေးနဲ့ ပက်ခနဲထွေးလိုက်တယ်။ အပေါ် ယံ အခေါင်

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



အယောင် ဂုဏ်ပကာသနတွေနဲ့ လူ့တန်ဖိုးရှိ လုပ်လိုသူတွေ၊ လူကြီးလူကောင်းလို ဟန်လုပ်သူတွေ အပေါ်ယံ ဟန်ကောင်းပေမယ့် အတွင်းသန္တာန်မှာတော့ ကောင်းမြတ်တဲ့ သဘောထားမရှိသူတွေကို ဒိုင်အိုဂျီးနီးစ်က မုန်းဟန်တူပါတယ်။

ဒိုင်အိုဂျီးနီးစ်က အပြောနဲ့အလုပ် ညီတယ်လို့ဆိုရမလားပဲ။ သူ့မှာ အပေါ်ယံအဆောင်အယောင်ဆိုလို့ မရှိသလောက်ပါပဲ။ သူ့အတွက် မလိုအပ်တာတွေကို ဖယ်ရင်းဖယ်ရင်းနဲ့ နောက်ဆုံးမှာ ရေသောက်စရာ ခွက်တစ်ခုပဲကျန်တယ်။ တစ်နေ့မှာ လူတစ်ယောက်က ကန်ထဲကရေကို လက်ခုပ်နဲ့ ခပ်သောက်နေတာမြင်တော့ "ရေသောက်တယ်ဆိုတာ ခွက်မရှိလဲ ဖြစ်တာပါပဲ"လို့ တွေးပြီး နောက်ဆုံးပိုင်ဆိုင်တဲ့ ပစ္စည်းဖြစ်တဲ့ သူ့ခွက်ယ်ကိုလဲ စွန့်ပစ်လိုက်တယ်။

ဒိုင်အိုဂျီးနီးစ်ရဲ့သတင်းက ထင်ရှားလေတော့ တစ်နေ့မှာ .... အလက်ဇန္ဒားဘုရင်ကြီးက ပြဿနာတစ်ခုကို စဉ်းစား အဖြေရှာရင်း ထိုင်နေတဲ့ ဒိုင်အိုဂျီးနီးစ်ရှေ့ လာရပ်ပြီး အထူးအခွင့်အရေးပေးတဲ့ အနေနဲ့ "လိုရာကိုတောင်းပါ"လို့ဆိုတယ်။ ဒိုင်အိုဂျီးနီးစ်က ဘာမှ မတောင်းရုံမက "ဖယ်ပါ၊ ကျုပ်ကိုမကွယ်ပါနဲ့"လို့တောင် ပြောလိုက်တယ်လို့ ဆိုပါတယ်။

ဒိုင်အိုဂျီးနီးစ်ဟာ လူတွေအပေါ်မှာ အားမလို အားမရနဲ့ ကြည့်မရတာတွေ၊ အထင်မကြီးနိုင်တာတွေ ရှိပေမယ့် ခွေးတွေကိုတော့ သိပ်ကိုချစ်တယ်။ ချီးမွမ်းတတ်တယ်။ သူ့အမြင်မှာ လူဆိုတာ ရိုးသားဖြောင့်မတ်မှုမရှိဘူး။ အပေါ်ယံ ဟန်အမူအရာတွေနဲ့ လူကောင်းယောင်





ဆောင်တတ်သူတွေ ဖြစ်တယ်လို့ မြင်ပုံရတယ်။ ခွေးသတ္တဝါကတော့ ရိုးသားဖြောင့်မတ်တယ်။ ဟန်ဆောင်မှု မရှိဘူး။ ကိုယ့်ကို ချစ်ပြီခင်ပြီဆိုရင် ရိုးမြေကျ သေသည်အထိ ရိုးသားစွာ သစ္စာရှိစွာနဲ့ ချစ်သွားခင်သွားတတ်တာပဲ။ ခွေးသတ္တဝါတွေဟာ လူတွေလို နုတစ်မျိုး၊ တော်ကြာ တစ်မျိုး၊ ချစ်လိုက်၊ မုန်းလိုက် မလုပ်တတ်ဘူး။ လိုလျှင်တစ်မျိုး၊ မလိုလျှင် တစ်မျိုးနဲ့ ကိုယ့်ကို ပေါင်းလိုက် ခွာလိုက် မလုပ်တတ်ဘူး။ အခွင့်အရေးကို မျှော်ကိုးပြီး ကိုယ့်ကိုခင်တာမျိုး၊ ဆက်ဆံပေါင်းသင်း တာမျိုးလဲ မလုပ်တတ်ဘူး။ ကိုယ်က ကိုယ့်ခွေးကို မျက်နှာကြော တင်းတင်းနဲ့ ဘယ်လောက်ပဲ ဆူဆူ ကြိမ်းကြိမ်း သခင်ဖြစ်တဲ့ ကိုယ့်ကို ခွေးဟာ မုန်းခဲတယ်။ မကျွေးမွေးဘဲ ထားလို့လဲ ကိုယ့်ကို သူက မမုန်းတတ်ဘူး။

ပြီးတော့.... ကိုယ်က ဆင်းရဲဒုက္ခရောက်တဲ့အခါ ကျရှုံးမှုတွေ နိမ့်ကျမှုတွေနဲ့ ကြုံတဲ့အခါမှာလဲ ကိုယ့်ခွေးက ကိုယ့်ကို စွန့်ပစ်မသွားဘူး။ အထင်သေးအမြင်သေးနဲ့ ကိုယ့်ကို မထီမဲ့မြင် မပြုတတ်ဘူး။ အင်မတန် သစ္စာရှိစွာနဲ့ ကိုယ့်အပါးမှာ မခွဲမခွာ ရှိနေတတ်တယ်။ ဆင်းရဲ .... ဆင်းရဲ၊ ချမ်းသာ .... ချမ်းသာ အေးအတူပူအမျှ ခွေးဟာ ကိုယ့်အနားမှာ နေထိုင်သူဖြစ်တယ်။ ဒါတွေကို ကြုံတွေ့ဖူးခဲ့တဲ့ ဒိုင်အိုဂျီးနီးစ်ဟာ ခွေးတွေကို လူတွေထက် သစ္စာရှိတဲ့ စိတ်ထားဖြောင့်မတ်တဲ့ မိတ်ဆွေတွေ အနေနဲ့ အရောတဝင် ဆက်ဆံဟန်တူပါတယ်။ ခွေးတွေနဲ့ ဒီလို သူ ဆက်ဆံနေတာကို ကြည့်မရတဲ့ အထင်အမြင်သေးတဲ့ လူတစ်ဦးက ဒိုင်အိုဂျီးနီးစ်ကို အမဲရိုးပစ် ပေးလိုက်ဖူးတယ်။ သဘောကတော့



www.burmeseclassic.com

www.burmeseclassic.com



ခွေးတွေကို အမြတ်တနိုးနဲ့ အရော တဝင် ဆက်ဆံနေတဲ့ ဒိုင်အိုဂျီးနီးစ်ဟာလဲ ခွေးပဲလို့ပြောချင်တဲ့ သဘောနဲ့ အမဲရိုးကို ပစ်ပေးလိုက်တာပါပဲ။

ဘဝနာခဲ့တဲ့ ဒိုင်အိုဂျီးနီးစ်ဟာ တမင်ရွဲ့ပြီး ခွေးတွေကို မိတ်ဆွေကောင်းအဖြစ် အရောတဝင် ဆက်ဆံပြတာလဲ ဖြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ သူ့ဘဝခရီးမှာ လူကောင်း သူကောင်း မိတ်ဆွေကောင်းကို များများစားစား တွေ့ခဲ့ရဟန် မတူပါဘူး။ သူ့ကို အယုံအကြည်ကင်းမဲ့စွာနဲ့ သူ့မြို့ကနေပြီး နှင်ပစ်တာမျိုးလဲ သူကြုံခဲ့ရတယ်။ ကျွန်အဖြစ်နဲ့ အရောင်းခံလို ခံရ၊ ပင်လယ်ဓားပြတို့ရဲ့ ဖမ်းဆီးနှိပ်စက်တာကို ခံလိုခံရနဲ့ လူတွေကပေးတဲ့ ဒုက္ခမျိုးစုံကို ခံခဲ့ရသူ၊ ဘဝအတွေ့အကြုံများသူပါပဲ။

တကယ်တော့ ဘဝခရီးကို သွားရဖန်များလို့ ဘဝအတွေ့အကြုံတွေ များလာတဲ့အခါကျမှ ကိုယ့်ပတ်ဝန်းကျင်မှာ ဆက်ဆံရတဲ့လူတွေကို မိတ်ကောင်းဆွေကောင်း အဖော်ကောင်း ဟုတ် မဟုတ် ခွဲခြားသိရတော့တာပါပဲ။

အာရစ္စတိုတယ်ဟာ ဒိုင်အိုဂျီးနီးစ်ထက်တောင် သူ့အနီး ဝန်းကျင်က လူတွေကို စိတ်ပျက်မိသလား မပြောတတ်ဘူး။ ဘာကြောင့်လဲဆိုတော့ တစ်ခါမှာ အာရစ္စတိုတယ်က သူ့အနီးဝန်းကျင်က လူတွေဆီ လှမ်းပြီး "မိတ်ဆွေတို့"....လို့ ခေါ်လိုက်ပါတယ်။ လူတွေက သူ့ဆီ အာရုံ စိုက်လာတဲ့အခါကျတော့ အာရစ္စတိုတယ်က "မိတ်ဆွေတို့....မိတ်ဆွေဆိုတာ လောကမှာ မရှိပါလို့" ပြောလိုက်ဖူးတယ်။ ကြားရတဲ့လူတွေရဲ့ စိတ်ထဲမှာ တော်တော် အခံရခက်သွားမှာပါပဲ။ ဘာကြောင့်





လဲဆိုတော့...."သင်တို့ဟာလဲ မိတ်ဆွေကောင်းတွေ မဟုတ်ပါဘူး"လို့ ပြောလိုက်ရာ ရောက်လို့ပါပဲ။

အသက်တစ်ရာနေရတယ်ပဲထား၊ အဲဒီ အသက်တစ်ရာကြာ ကာလအတွင်းမှာ မိတ်ဆွေကောင်း ဘယ်နှစ်ယောက်ရှိတယ်ဆိုတာကို လက်ချိုးပြီး ရေကြည့်ရင် လက်တစ်ဖက်ပြည့်အောင် လက်ချိုး ရေတွက်စရာ ရှိမယ်မထင်ပါဘူး။ ဘဝခရီးမှာ အခက်အခဲတွေ၊ ဘေးအန္တရာယ်တွေ၊ ဆင်းရဲခြင်းတွေ၊ အဆင့်မြင့်ရာမှ နိမ့်ကျသွားတဲ့ အဖြစ်တွေ၊ ကျရှုံးတာတွေ စတဲ့ ဒုက္ခတွေနဲ့ ကြုံလေလေ....ကိုယ့်ပတ်ဝန်းကျင်မှာ ဆက်ဆံနေရတဲ့ မိတ်ဆွေဆိုတဲ့သူတွေ လျော့နည်း လျော့နည်း သွားလေလေပါပဲ။

တစ်ခါမှာ မိတ်ဆွေနှစ်ယောက်ဟာ တောလမ်းတစ်ခုကိုဖြတ်ပြီး ခရီးသွားနေတုန်း ဝက်ဝံကြီးတစ်ကောင် ရုတ်တရက်ပေါ်လာတယ်။ ဒီအခါမှာ အဲဒီမိတ်ဆွေ နှစ်ယောက်ထဲက တစ်ယောက်က သစ်ပင်တစ်ပင်ပေါ်ကို လျှင်လျှင်မြန်မြန် တက်ပြေးပြီး ပုန်းနေတယ်။ ကျန်ခဲ့တဲ့ မိတ်ဆွေကတော့ ဝက်ဝံကြီးရန်က လွတ်အောင် မပြေးသာ တော့တာနဲ့ မြေကြီးပေါ် လှဲချပြီး သေချင်ယောင် ဆောင်နေလိုက်တယ်။ ဝက်ဝံကြီးဟာ အဲဒီ သေချင်ယောင်ဆောင်နေတဲ့ သူ့ဆီ ရောက်လာပြီး နှာခေါင်းကြီးနဲ့ ထိုးနမ်းပြီး အနံ့ခံကြည့်တယ်။ သူက အသက် အောင့်ထားရတယ်။ ဝက်ဝံဆိုတာ လူသေကို ဘာမှရန်မလုပ်တတ်ဘူးလို့ ပြောတာပဲ။ ဝက်ဝံကြီးဟာ အဲဒီလူရဲ့ မျက်နှာနားကပ်ပြီး နှာခေါင်းကြီးနဲ့ အနံ့ခံကြည့်၊ စူးစမ်းကြည့်တော့ အဲဒီလူဟာ သေနေတဲ့လူပဲလို့ ထင်ပြီး ထွက်ခွာသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အတူ ခရီးမသွားသင့်သူ

(တတိယအကြိမ်)



ဝက်ဝံကြီး ထွက်သွားတော့မှ သစ်ပင်ပေါ်မှာ ပုန်းနေတဲ့ မိတ်ဆွေက ဆင်းလာပြီး သေချင်ယောင်ဆောင်ခဲ့ရတဲ့ မိတ်ဆွေကို "မင့်အနားကပ်ပြီး ဝက်ဝံကြီးက ဘာတွေ တိုးတိုးဟိတ်တိတ်နဲ့ ပြောသွားလဲ" လို့မေးတယ်....တဲ့။ ဒီတော့ သေချင်ယောင်ဆောင်ခဲ့တဲ့ မိတ်ဆွေက "အခက်အခဲနဲ့ ဘေးရန်ကြုံတဲ့အခါမျိုးမှာ ကိုယ့်ကို ဘာမှ မကူညီ မရိုင်းပင်းတဲ့ မိတ်ဆွေမျိုး၊ ကိုယ်လွတ်ရုန်းသွားတတ်တဲ့ မိတ်ဆွေမျိုးတွေနဲ့ နောင်ကို ဘယ်တော့မှ ခရီးမသွားနဲ့လို့ ပြောသွားတယ်" လို့ ပြောလိုက်တယ်....တဲ့။

ဟုတ်တယ်။ အဆင်ပြေနေတုန်း အခက်အခဲတွေ ဒုက္ခတွေကို မကြုံမတွေ့ရခင်တုန်းမှာ ပြေပြေလည်လည် ဆက်ဆံနေတဲ့သူကို "မိတ်ဆွေ" လို့ ပြောရခက်ပါတယ်။ အခက်အခဲနဲ့ ကြုံတော့မှပဲ မိတ်ဆွေ ဟုတ်, မဟုတ် သိရမှာပဲ။ ကိုယ်လွတ်ရုန်း ပြေးတတ်သူလား၊ ဒါမှမဟုတ် ကိုယ့်ဘေးမှာ ရပ်တည်ပေးမယ့်သူလား ဆိုတာ သိရမှာပဲ။

"ချစ်သည်၊ ခင်သည်၊ ကြင်သည်၊ ကျွမ်းသည်ဆိုစေ၊ အမှု ရှိက ရခဲသည်" ဆိုတဲ့ စကားအတိုင်း တကယ့်အကျဉ်းအကျပ်နဲ့ တွေ့ကြုံလာတဲ့ အခါမျိုးမှာ ကိုယ့်ဘေးမှာ ရပ်တည်ပေးရဲတဲ့ မိတ်ဆွေကောင်းမျိုးဆိုတာ ရှားပါလိမ့်မယ်။ အခက်အခဲနဲ့ ဒုက္ခ အန္တရာယ်တွေဟာ ကိုယ့်ဝန်းကျင်မှာ ဆက်ဆံနေရသူတွေကို မိတ်ဆွေတုနဲ့ မိတ်ဆွေစစ် ခွဲခြားပေးနိုင်တဲ့ မှတ်ကျောက်တွေ ဖြစ်မှာပဲ။

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါမှာတော့ အခက်အခဲတွေ ဒုက္ခအန္တရာယ်တွေနဲ့ မကြုံရဘဲ အင်မတန်ရနိုင်ခက်တဲ့ အခွင့်အရေးတစ်ခုခု၊ အင်မတန် မြတ်နိုးစရာကောင်းတဲ့ အရာတစ်ခုခုကို ရစရာ ကြုံလာတဲ့အခါ ရသွားတဲ့ အခါမှာလဲ ကိုယ့်အနီးဝန်းကျင်က မိတ်ဆွေတွေကို မိတ်ဆွေစစ်နဲ့ မိတ်ဆွေတုခွဲပြီး သိနိုင်ပါသေးတယ်။

စွန်ငှက်တွေဟာ သာမန်အချိန်တွေမှာ တစ်ကောင်နဲ့တစ်ကောင် ချစ်ခင်ကြတယ်၊ ပြေလည်နေကြတယ်။ ဒါပေမဲ့ တစ်ကောင်သော စွန်က သားတစ် တစ်ခုကို ရတော့မယ့်အခါ ရသွားတဲ့အခါမှာ အဲဒီစွန်နဲ့ တခြားစွန်တွေဟာ ရန်သူတွေ ဖြစ်သွားကြရော....တဲ့။ ဟုတ်တယ်။ သားတစ် တစ်ခု ရသွားတဲ့စွန်ကို သားတစ် မရစေချင်လို့၊သားတစ်ကို မစားစေချင်လို့ တခြားစွန်တွေက ဝိုင်းပြီး နှုတ်သီးနဲ့ဆိတ်၊ ဆွဲ ခြေသည်းနဲ့ ကုတ်ဖွဲ့ လုပ်ကြတော့တာပဲ။ သားတစ်ကို သူမစားစေချင်၊ မရစေချင်ဘူး။ ငါတို့သာ ရချင်တယ်၊ စားချင်တယ် ဆိုတဲ့စိတ်နဲ့ ရန်ပြုတော့တာပဲ။ ဒီနည်းတူ လူ့လောကမှာလဲ သာမန်အခြေအနေ အချိန်အခါမျိုးမှာ မိတ်ဆွေတွေအဖြစ် ပြေလည်နေသူတွေဟာ မက်မောလောက်တဲ့ အခွင့်အရေး တစ်ခုခု၊ ရစရာ တစ်ခုခုရှိလာပြီ ဆိုရင် မိတ်ဆွေတွေအဖြစ်မှ ရန်ဘက်တွေ အဖြစ်တောင် ရောက်သွား တတ်ပါသေးတယ်။ ဒီလို ရောက်သွားပြီး အဲဒီအခွင့်အရေး၊ အဲဒီရစရာ ကို မရစေချင်တဲ့ ဝန့်တိုမစ္ဆရိယစိတ်တွေဖြစ်တယ်၊ ရစရာအရာက သိပ်မက်မောလောက်တယ် ဆိုရင် ငါသာ ယူမယ်၊ ရစေရမယ်ဆိုတဲ့ စိတ်နဲ့ အဲဒီအခွင့်အရေး၊ အဲဒီရစရာကို ရမယ့်သူ၊ ရနေသူကို ပျက်စီး





သွားအောင် ဖျက်ဆီးပစ်တတ်တာမျိုးတွေ ရှိတတ်တာပါပဲ၊ မိတ်ဆွေအဖြစ်မှ ရန်သူအဖြစ် ပြောင်းသွားသူတွေ ရှိတာပါပဲ။

ပြီးတော့ ကိုယ်က အဆင့်အတန်း မြင့်နေတုန်း၊ အောင်မြင်နေတုန်းမှာ ပေါင်းဖော်ဆက်ဆံလာတဲ့ လူတွေကိုလဲ မိတ်ဆွေတွေလို့ မယူဆနိုင်သေးဘူး။ ဂရိစကားပုံတစ်ခုရှိတယ်။ "အောင်မြင်ခြင်းမှာ မိတ်ဆွေတွေ အများကြီးရှိတယ်" Success has many friends တဲ့။

ကိုယ်က ချမ်းသာနေတဲ့အခါ၊ ရာထူးဌာနန္တရ မြင့်မားနေတဲ့ အခါ၊ ကျော်စောထင်ရှား ဖြစ်နေတဲ့အခါမှာ မိတ်ဆွေတွေ ကိုယ့်ဝန်းကျင်မှာ ရှိလာလိုက်တာမှ အများကြီးပါပဲ။ မိတ်ဖွဲ့စရာ မလိုဘဲ မိတ်ဆွေတွေ အများကြီးရှိလာတတ်တယ်။ မဖိတ်ခေါ် ဘဲနဲ့ မိတ်ဆွေတွေ အများကြီး ရောက်လာတတ်တယ်။ သူတို့ မျက်နှာတွေက ရွှင်ပြုံးချိုသာနေတယ်။ ကိုယ့်အကျိုးကို တကယ်လိုလားတဲ့ ဟန်ပန် အမူအရာတွေလဲ သူတို့ဆီမှာ ရှိနေတတ်တယ်။ ကိုယ့်မှာချမ်းသာမှု၊ ကျော်စောမှု အစရှိတဲ့ အောင်မြင်မှုတွေ ရှိနေပြီဆိုရင် တစ်ဖက်ကလူတွေဟာ ကိုယ့်ကို နှစ်သက်တဲ့ အမူအရာတွေ၊ ကိုယ့်အလိုလိုက်ပြီး အကြိုက်ဆောင်မှုတွေ၊ ကိုယ့်ကို တကယ်ချစ်၊ တကယ်သစ္စာရှိတဲ့ အမူအရာတွေကို ပြတော့တာပါပဲ။

ချမ်းသာတဲ့သူဟာ မိမိကို တစ်ဖက်သားက တကယ်ဝစ်မှန်တဲ့ မေတ္တာနဲ့ ချစ်တယ် မချစ်ဘူးဆိုတာကို အမှန် မသိနိုင်ဘူး။ "The prosperous man does not know whether he is really loved." တဲ့။ ချမ်းသာပြည့်စုံသူဆိုတော့ အရာရာမှာ အဆင်ပြေနေ တတ်တယ်။ ဒီအခါမှာ တစ်ဖက်က ကိုယ့်ရဲ့ချစ်သူ၊ ခင်သူကလဲ ကြည်ကြည်သာသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတတ်တယ်။ ကိုယ့်အပေါ် ပြုစုရမယ့် တာဝန်ဝတ္တရားတွေလဲ မလစ်ဟင်းဘူး။ ကိုယ့်ကို ကြည်ညိုလေးစားမှုတွေလဲ မပျက်ပြယ်ဘူး။ ကိုယ့်အပေါ်မှာ အင်မတန်သစ္စာရှိတဲ့ မြတ်နိုးတဲ့ အမူအရာတွေကိုလဲ သူ့ထံမှာ မြင်နေရတယ်။ ကိုယ်က ချမ်းသာသူ၊ အောင်မြင်သူ ဆိုတော့ ကိုယ့်အကြိုက်ကို အမြဲလိုက်ပြီး ပြုစုတယ်၊ ယုယတယ်၊ ဆောင်ကြဉ်းတယ်။ ဒီအခါမှာ ကိုယ့်ရဲ့ချစ်သူ၊ ကိုယ့်ရဲ့အဖော်ဟာ ကိုယ့်ကို တကယ်အစစ်အမှန် ချစ်ခင်မြတ်နိုးတယ်လို့ ထင်မိတတ်တယ်။ ဒါပေမဲ့ ဘဝဒုက္ခ၊ ဘဝဆင်းရဲတွေနဲ့ တွေ့ကြုံ ရင်ဆိုင်ရတဲ့အခါမျိုးမှာတော့ ချစ်သူကောင်း၊ အဖော်ကောင်း၊ မိတ်ဆွေကောင်း ဟုတ် မဟုတ်ဆိုတာ ကွဲပြားသွားတော့တာပဲ။

ဒီနေရာမှာ သစ်ဆိမ့်ဆရာတော်ကြီးပြောပြတဲ့ အဖြစ်အပျက်လေးတစ်ခုကို အမှတ်ရပါတယ်။

ဟိုး....ရှေးခေတ်က ရွာတစ်ရွာမှာ လင်မယားနှစ်ယောက် ရှိတယ်။ သူတို့အိမ်စီးပွားရေးက မပြေလည်ကြဘူး။ မပြေလည်မှုတွေက များလာတော့ မယားက လင်ဖြစ်သူကို မကြည်ဖြူတော့ဘူး။ တစ်နေ့....မယားက လင်ကို "ရှင်.... အိမ်မှာ ဒီလိုချည်း နေလို့တော့ မဖြစ်ဘူး။ တစ်မြို့တစ်ရွာသွားပြီး စီးပွားရှာဦး၊ ကျုပ်တို့မှာ ဆင်းရဲကျပ်တည်း နေတယ်" လို့ ဆိုတယ်။

ဒါနဲ့ လင်ဖြစ်သူဟာ မယားပြောတဲ့အတိုင်း စီးပွားရှာဖို့ တစ်မြို့တစ်ရွာကို ထွက်သွားတယ်။

(တတိယအကြိမ်)



ဒါပေမဲ့ လင်ဖြစ်သူဟာ တစ်မြို့တစ်ရွာရောက်လို့ အလုပ်မှ မလုပ်ရသေးဘူး၊ ငှက်ဖျားမိလို့ အိမ်ကို အနိုင်နိုင် ပြန်လာခဲ့ရတယ်။ လင်ဖြစ်သူက အိမ်ပေါ် ရောက်ရုံ ရှိသေးတယ်၊ ငှက်ဖျားက တက်လာပြန်ရော။ ဒါနဲ့ အိမ်အထွက်ပေါက်မှာ တုံးလုံးလှဲအိပ်တယ်။ အိပ်ရင်းက "စီးပွားရှာသွားပါတယ်ကွာ ငှက်ဖျားမိလို့ ပြန်လာရတယ်။ ပိုက်ဆံလဲ ဘာမှ မရခဲ့ပါဘူး" လို့ မယားဖြစ်သူကို ပြောတယ်။

ပိုက်ဆံမပါဘူးလို့ ဆိုတော့ မယားက မကြည်ဖြူဘူး။ ငှက်ဖျားတက်နေတာကို ပြုစုယုယဖို့တောင် စိတ်ကူးရပုံ မပေါ်တော့ဘူး။ ဘာလို့ ဆိုတော့ မယားဖြစ်တဲ့သူက "အဖြစ်ကတော့ ကပ်ပဲကပ်တယ်။ ဖျားရနာရတာနဲ့ ပိုက်ဆံရဖို့တော့ ဝေလာဝေး.... သူ့အကြောင်းများ ပြောပဲ မပြောချင်တော့ဘူး၊ မောလွန်းလို့...." ဒီလို မြည်တွန်တောက်တီးရင်းနဲ့ အခန်းပေါက်ဝမှာ အိပ်နေတဲ့ လင်တော်မောင်ရဲ့ ခါးပေါ်က ကျော်ခွပြီး အိမ်အတွင်းဖက်ကို ဝင်တယ်၊ ပါးစပ်က တဖျစ်တောက်တောက်ပြောရင်း လင်ရဲ့ ခါးပေါ်က ကျော်ခွပြီး အိမ်ပြင်ကိုလဲ ထွက်တယ်။

ကြည့်ပါဦး။ လင်ခမျာ ပိုက်ဆံပါမလာလို့ ချမ်းသာမလာလို့ မယားက မရိုမသေ၊ မထီမဲ့မြင်တွေ ပြုနေတာပဲ။ ဖျားနေတဲ့ လင်ယောကျ်ားရဲ့ စိတ်ထဲမှာ ဘယ်လို ခံစားနေရမယ်ဆိုတာ တွေးသာကြည့်ပေတော့။

လင်ဖြစ်တဲ့သူဟာ အဖျားပျောက်တော့ စီးပွားရှာ ထွက်သွားပြန်တယ်။

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ တစ်ခေါက်မှာတော့ အလုပ်အကိုင် အဆင်ပြေပြီး ငွေသား အတော်များများရတယ်။ ရတဲ့ငွေကို (ဟိုခေတ်က ဒင်္ဂါးခေတ်ဆိုတော့) ဝါးကျည်တောက်ထဲ ထည့်ယူပြီး အိမ်ကိုပြန်လာခဲ့တယ်။

လင်ဖြစ်သူက ဒီတစ်ခါတော့ မယားအကဲကို စမ်းမယ်ဆိုတဲ့ စိတ်ကူး ရှိနေတယ်။ ဒါနဲ့ ဖျားပြီး ပြန်လာတဲ့ ဟန်နဲ့ အလျှင်တစ်ခေါက် ကလိုပဲ အိမ်ပေါ် တက်၊ တက်ပြီးတော့ အလျှင်တစ်ခေါက်က ဖျားတုန်းက အိပ်တဲ့နေရာမှာ ပက်လက်ကြီး အစန့်သားအိပ်ရင်း အဖျားတက် နေတဲ့ဟန်နဲ့ ညည်းညူနေတယ်။

မယားကလဲ အလျှင်တစ်ခေါက်ကလို ပိုက်ဆံပါမလာဘဲ အဖျားပဲ ပါလာတယ်အထင်နဲ့ မကြည်ဖြူဘူး။ ဆောင့်ကြီးအောင့်ကြီးနဲ့ လင်ရဲ့ခါးကို ကျော်ခွပြီး အိမ်ရှေ့ဖက် ထွက်တယ်။ အိမ်ရှေ့ကနေပြီး ထမင်းအိုးထည်မယ် အကြံနဲ့ လင်ကို ကျော်ခွပြီး မီးဖိုချောင်ထဲ ဝင်တယ်။

မီးဖိုချောင်ထဲ ရောက်တော့ ထမင်းချက်ဖို့ ထင်းမရှိဘဲ ဖြစ်နေ တယ်။ ဒီအခါမှာ မယားက "အမလေးဟဲ့.... ဆိုးလိုက်တဲ့ အဖြစ်နှယ် လင်က အသုံးမကျတော့ ထမင်းချက်စရာ ထင်းကလေး တစ်ချောင်း တောင် မရှိဘူးဟဲ့"လို့ စောင်းမြောင်းပြီး ပြောနေတယ်။ ဒီအခါမှာ လင်ဖြစ်တဲ့သူက "အဲဒီဝါးကို ထင်းဆိုက်"လို့ပြောပြီး သူငွေထည့်လာတဲ့ ဝါးကျည်တောက်ကို မယားဆီ လှမ်းပစ် ပေးလိုက်တယ်။ ဒီတော့မှ မယားက ပိုပြီး ဒေါသဖြစ်တော့တာပဲ။ "ဒီဝါးကျည်တောက်နဲ့ ထမင်း





ကျက်အောင် ချက်ရ....မတဲ့။ အရှက်မရှိတိုင်း ပြောတဲ့ အသုံးမကျတဲ့ ယောကျ်ား" ဆိုတဲ့ အတွေးနဲ့ ပစ်ပေးလိုက်တဲ့ ဝါးကျည်တောက်ကို စိတ်ဆိုးမာန်ဆိုးနဲ့ ယူပြီး ဓားမနဲ့ ခုတ်တယ်။ ဒီလိုခုတ်တော့ ဝါးကျည် တောက်ထဲက ငွေတွေ အပြင် ထွက်ကျလာတယ်။

ငွေတွေကို မြင်လိုက်တာနဲ့ တစ်ပြိုင်နက် မယားဖြစ်သူရဲ့ မျက်နှာအမူအရာတွေ ချက်ချင်း ပြောင်းလဲသွားတယ်။

မီးဖိုချောင်မှာ ခဏ တိတ်ဆိတ်နေတယ်။

ငွေတွေကိုကြည့်ပြီး ပီတိဖြာရင်း ပြုံးပြုံးကြီးလုပ်နေလို့ ဆိတ် ငြိမ်နေတာနဲ့ တူပါတယ်။

ခဏကြာတော့ မယားက အိမ်ရှေ့ထွက်လာတယ်။

အပေါက်ဝနားမှာ အိပ်နေတဲ့ လင်အနားရောက်တော့ ခါတိုင်း လို ခါးကို ကျော်ခွ မသွားတော့ဘဲနဲ့ "ရှင်ကလဲ ခြေထောက်ကြီး ဆင်းထားလိုက်တာ နည်းနည်းများ ဖယ်ပါဦး။ ကျွန်မ အပြင်ထွက် မလို့"တဲ့။ လေသံက တောင်းပန်တဲ့လေသံ၊ လင်ကို ရိုသေလေးစားတဲ့ လေသံနဲ့ ပြောတာပဲ။ လင်က "အို....ခါတိုင်းလဲ မင်း ကျော်ခွသွားနေ ကျပဲ။ သွားသာသွားပါ။ လင်ဆိုတာ ဂရုစိုက်စရာမှတ်လို့"လို့ ဆိုတော့ "အို....ရှင်ကလဲ ဖယ်ပါဆိုနေ ကျွန်မကို ငရဲမပေးပါနဲ့ အပြစ် ထိုက်ပါဦးမယ်"တဲ့။

ငွေရလာတဲ့ အခေါက်မှာမှ လင်ယောကျ်ားရဲ့ ခြေထောက်က လေးစားစရာ ခြေထောက်၊ သူ့ကို အပြစ်ထိုက်စေနိုင်စွမ်းတဲ့ ခြေ



www.burmeseclassic.com

www.burmeseclassic.com



ငရဲသို့ပင် ပို့နိုင်တဲ့ ခြေထောက်

(တတိယအကြိမ်)



ထောက်၊ အင်မတန် အဖိုးထိုက်တန်ပြီး သူ့ကို ငရဲကိုတောင် ကျ‌ေအောင် ပို့နိုင်တဲ့ တန်ခိုးအစွမ်းရှိတဲ့ ခြေထောက်ဖြစ်သွားတယ်။

ပုထုဇဉ် လူသတ္တဝါတွေဟာ ဒီလိုပါပဲ။ လိုလျှင်တစ်မျိုး၊ မလိုလျှင် တစ်မျိုး၊ အကြိုက်နဲ့ တွေ့လျှင် တစ်မျိုး၊ မကြိုက်နှစ်သက်တာနဲ့တွေ့လျှင် တစ်မျိုး၊ ဖောက်ဖောက်ပြန်ပြန် ဖြစ်တတ်တာပါပဲ။ ဆင်းရဲအတူ ချမ်းသာအမျှ အချစ်မပျက်၊ မေတ္တာမပျက် ရိုသေလေးစားမှုမပျက်ဘဲ ပေါင်းသင်းဆက်ဆံနေနိုင်ဖို့ဆိုတာ ခဲယဉ်းကြပါတယ်။

တစ်ခါတုန်းက.... မင်းသားတစ်ပါးဟာ အမျိုးသမီးတစ်ဦးကိုအမြဲတမ်း ငွေတွေပေးပြီး ဆက်ဆံပေါင်းသင်း နေခဲ့တယ်။ ဒါကြောင့်အမျိုးသမီးကလဲ မင်းသားကို အမြဲတမ်း ကျေနပ်ကြည်ဖြူနေတယ်။

တစ်နေ့တော့ မင်းသားဟာ မှန်မှန်ပေးနေကျ ငွေကို မပေးမိဘူး။ ဒီအခါမှာ အမျိုးသမီးက ဘဝင်မကျဖြစ်ပြီး မင်းသားကို ရိုင်းပျစွာဆက်ဆံ တုံ့ပြန်ခဲ့တယ်။ ဒီလို ဆက်ဆံခံလိုက်ရတဲ့ မင်းသားဟာ သံဝေအကြီးအကျယ် ရသွားပြီး ရသေ့ရဟန်း ဝတ်သွားတယ်။

မင်းသားဟာ ရသေ့ ရဟန်းအဖြစ်နဲ့ လောကကြီးကို ကျောခိုင်းသွားပြီ ဆိုတဲ့ သတင်းကို ကြားတော့မှ အမျိုးသမီးက သူ့ထံပြန်လာဖို့တောင်းပန်တယ်။ ပြန်လည်ဆုံဆည်းကြပါစို့ ဆိုတဲ့သဘောနဲ့ အမျိုးမျိုးတောင်းပန်စကား ဆိုတယ်။ ဒါပေမဲ့ ရသေ့ ရဟန်းဖြစ်သွားတဲ့ မင်းသားက နာနာကျည်းကျည်းနဲ့ ဒီလို ပြောဖူးတယ်။

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



★ ဂဂ်၊ ယမုန်နာစတဲ့ မြစ်တွေဟာ ရေစီးရပ်ပြီး ကြာတွေ ဖုံးအုပ်နေတဲ့ ကန်ကြီးတွေလို ဖြစ်သွားတဲ့အဖြစ်မျိုး ဖြစ်ချင်ဖြစ်နိုင်မယ်....

မည်းနက်တဲ့ ဥဩငှက်ဟာ ဖြူစင်တဲ့ အဆင်းရှိတဲ့ငှက်မျိုး ဖြစ်ကောင်းဖြစ်လာမယ်....

သပြေသီးတွေဟာ တစ်နေ့နေ့မှာ ထန်းသီးလောက်ကြီးတဲ့ အသီးတွေ ဖြစ်ချင်ဖြစ်လာမယ်....

ဘယ်တုန်းကမှ အမွေးမပေါက်တဲ့ လိပ်မှာ အမွေးတွေ ပေါက်လာပြီး လိမ်မွေးနဲ့ ရက်လုပ်တဲ့ ခြုံစောင်ကို ဆောင်းအခါမှာ ခြုံရတဲ့အဖြစ်မျိုး ဖြစ်ချင် ဖြစ်လာမယ်....

ဦးချိုပေါက်လာတယ်လို့ ဘယ်တုန်းကမှ မကြားဖူးတဲ့ ယုန်သတ္တဝါမှာ ဦးချိုတွေ ပေါက်လာပြီး ယုန်ချိုနဲ့ လုပ်တဲ့ လှေခါးကို ထောင်၊ အဲဒီလှေခါးနဲ့ ကြွက်တွေ တက်သွားပြီး လကို ကိုက်ဖဲ့စားသောက်တဲ့ အဖြစ်မျိုး ဖြစ်ချင်ဖြစ်မယ်။

ဒါပေမဲ့ မင်းနဲ့ငါ ပြန်လည်ဆုံဆည်းဖို့တော့ မဖြစ်နိုင်ဘူး....တဲ့။ ★

ပြီးတော့ ....အစဉ်အဆက် တစ်ဦးနဲ့တစ်ဦး အင်မတန်မုန်းတီးကြတဲ့ ကျီးနဲ့ ခင်ပုပ်ငှက်ဟာ တစ်ကောင်က တစ်ကောင်ကို မမြင်ရ မနေနိုင်အောင် မခွဲနိုင် မခွာရက် ချစ်ခင်ကြပြီး လျှို့ဝှက်အပ်တဲ့ ကိစ္စကို ဆိတ်ကွယ်ရာမှာ





နှစ်ဦးသား ယုံယုံကြည်ကြည်နဲ့ တိုင်ပင်ဆွေးနွေးကြတဲ့ အဖြစ်မျိုး ဖြစ်ချင်ဖြစ်မယ်။

ဒါပေမဲ့ မင်းနဲ့ငါ ပြန်လည်ဆုံဆည်းဖို့တော့ မဖြစ်နိုင်ဘူး.... စသည်ဖြင့် ပြန်ပြောလိုက်ဖူးတယ်။

ကိုယ်က ငွေကြေး ချမ်းသာနေတုန်း၊ တစ်ဖက်သား အကြိုက်ကို ဆောင်နိုင်တုန်းမှာ တစ်ဖက်က ကိုယ့်ကို ဘယ်လောက် ကြည်ဖြူလေးစားမြတ်နိုးသည်းခံနေပေမယ့် အဲဒီ တစ်ဖက်လူကို တကယ့်မိတ်ဆွေကောင်းလို့ မယူဆနိုင်သလိုဘဲ၊ ကိုယ့်မှာ အလှချမ်းသာနေတုန်း၊ တင့်တယ်နေတုန်းမှာ တစ်ဖက်က အသက်ပါပေးမတတ် ချစ်ခင်ယုယမြတ်နိုးနေသူကိုလဲ တကယ့်ချစ်သူကောင်း၊ အဖော်ကောင်းဖြစ်ပြီလို့ မယူဆနိုင်ဘူး။

တစ်ခါတစ်ခါမှာ ရုပ်ရည်တင့်တယ်တဲ့၊ အလှချမ်းသာတဲ့ သူကိုယ်တိုင်က သူ့ရဲ့ဘဝတင့်တယ်မှုအပေါ်မှာ မာနဖြစ်တယ်။ ကိုယ့်အလှပြည့်စုံမှုအပေါ်မှာ ကျေနပ်သာယာတယ်။ အများက သူ့ကို ချစ်ခင်နှစ်သက်ကြ၊ စွဲလမ်းကြတာကို သူက သူ့အလှကို ဂုဏ်ပြုနေရာရောက်တယ်လို့ ထင်ပြီး အင်မတန် ကျေနပ်သာယာမှုဖြစ်တယ်၊ တစ်ဖက်လူကို သူ့အလှမှာ ယစ်မူးသွားတာ မြင်ရရင် အကျေနပ်ကြီးကျေနပ်တယ်။ သူ့ကို တစ်ဖက်လူ မကြည့်လဲ ကြည့်အောင်၊ ဂရုမစိုက်ရင်လဲ ဂရုစိုက်လာအောင် အမူအရာတွေ လုပ်ပြတာမျိုးလဲရှိတယ်။ သူ့အလှနဲ့ တစ်ဖက်လူကို သူလိုသလို လှည့်စားလို့ရရင် ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ မသိမသာ ဖြစ်စေ၊ သိသိသာသာဖြစ်စေ တယ်ဟုတ်တဲ့ ငါ၊ တယ်လှတဲ့ ငါပါလားလို့ ဂုဏ်ယူနေတတ်တယ်။ တစ်ဖက်လူကို ဆွဲဆောင်နိုင်စွမ်းတဲ့ ငါပါလားလို့လဲ ကျေနပ်နေ တတ်တယ်။ အလှချမ်းသာသူဆိုတော့ သူ့ကို ကြိုက်နှစ်သက်မယ့်သူကလဲ တစ်ဦးပြီး တစ်ဦး ရှိလာမှာ ထုံးစံပါပဲ။ သူ့ကို နှစ်သက်သူတွေများလေ သူက ကျေနပ်လေဖြစ်ပြန်တာပဲ။ ဥမ္မာဒန္တီဟာ ဟိုဖက်ဘဝတုန်းက "သူ့ကို မြင်ရတဲ့သူအားလုံး အရူးအမူး ဖြစ်အောင် လှရပါလို၏"လို့ ဆုတောင်း ခဲ့ဖူးတာပဲ။ လှချင်တဲ့စိတ်၊ လှတယ်လို့ ဂုဏ်ပြုချီးမြှောက် ခံချင်တဲ့စိတ် ဟာလဲ လူရဲ့ အင်မတန် ပြင်းထန်တဲ့ ဆန္ဒဖြစ်ပါလိမ့်မယ်။

အလှချမ်းသာသူမှာ သူ့အလှကို ပိုင်ဆိုင်ချင်လို့ ရောက်လာမယ့် သူတွေ အများကြီးဆိုတော့ အဲဒီ ရောက်လာသူတွေ ထဲမှာ သူ့အကြိုက် ရွေးစရာ အများကြီး ဖြစ်နေမှာပဲ။ တစ်ယောက်ကို ရွေးပြီးရုံ ရှိသေး တယ်၊ အဲဒီထက်သာတဲ့ အခြားတစ်ယောက် ရောက်လာပြန်တဲ့ အခါ အဲဒီလူကို ထားပြီး အခြားတစ်ယောက်ကို ရွေးပြန်တယ်။ နောက်ထပ် သာတာ တွေ့ပြန်တော့ နောက်လူကို စိတ်ဝင်စားမှုဖြစ်ပြန်ရော။ သာယာ သာယာမိပြန်ရော၊ ဒီလိုနဲ့ စိတ်ဝင်စားစရာတွေကများ၊ သာယာ စရာတွေကများ၊ ပေါင်းသင်းဆက်ဆံရတာတွေကများ၊ မျက်နှာက များနဲ့ နောက်ဆုံးမှာ "မိန်းမဆိုတာ လမ်းရေအိုးစင်နဲ့ တူတယ်။ သေတင်းကုပ် (အရက်ဆိုင်) နဲ့ တူတယ်လို့ အပြောခံရတဲ့ အဖြစ်ကို ရောက်တာပဲ။ လမ်းရေအိုးစင်ဆိုတာ လူတကာ ဝင်သောက်တဲ့၊ လူ တကာ ဆက်ဆံရတဲ့ အရာဖြစ်တယ်။ သေတင်းကုပ်ဆိုတာဟာလဲ

(တတိယအကြိမ်)



ယစ်မူးလိုသူ အများရောက်လာရာ လူအများနဲ့ ဆက်ဆံရာနေရာဖြစ် တယ်။ မိန်းမဆိုတာဟာလဲ ဒီလိုအများနဲ့ ဆက်ဆံတတ်တဲ့ သဘော ရှိတယ်လို့ ပြောတာပဲ။

အလှချမ်းသာတဲ့သူဟာ သူ့အလှ အားကိုးနဲ့ တစ်ဖက်သူတွေကို အရူးအမူးဖြစ်အောင် လှည့်စားဖန် များလာတဲ့အခါမှာ အလှည့်စားခံ ရတဲ့ သူတွေကလည်း သူ့ကို ပြန်ပြီး မုန်းတီးလာကြတယ်။ မခံချင် ဖြစ်လာကြတယ်။ သူ့အလှမာန်ကို ချိုးနှိမ်ချင်လာကြတယ်။ လှည့်စားခံ ရပြီး အခံရခက်လွန်းလို့နဲ့ တူပါတယ်။ လူရွယ်တစ်ဦးဟာ တစ်ခါမှာ စာရေးဆရာကြီး တစ်ဦးကို မေးခွန်းတစ်ခုမေးဖူးပါတယ်။ သူက "အမျိုးသမီးတစ်ဦးကို ကျွန်တော် ပညာရေး၊ စီးပွားရေးနဲ့ ဂုဏ်သိက္ခာ အရာမှာ အပြတ်အသတ်နိုင်အောင် ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သူလှတာထက် ကျွန်တော်က ပိုလှအောင်တော့ မယှဉ်ပြိုင်နိုင်ဘူး ဖြစ်နေပါတယ်။ လူတွေကို လှည့်စား ဖမ်းစားတတ်တဲ့ သူ့အလှမာန်ကို ကျွန်တော် ချိုးနှိမ်ချင်ပါတယ်။ အဲဒီအလှကို ပြိုင်ရာမှာ အနိုင်ရအောင် ဘယ်လို လုပ်ရပါ့မလဲ"လို့ မေးဖူးပါတယ်။ သူဟာ တစ်ဖက်လူ မဖြေနိုင် အောင် တမင်သက်သက် မေးတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

ဆရာကြီးပြန်ဖြေလိုက်တဲ့အဖြေဟာ အင်မတန် နှပ်လို့ဖွယ်ရာ ကောင်းပါတယ်။ ဇာတကမှာလာတဲ့ အဖြစ်အပျက်တစ်ခုကို မှီငြမ်းပြု ပြီး ဖြေတာပါပဲ။ သူ့ဖြေပုံက ပိုပြီး ထိမိသလိုရှိတဲ့အတွက် သူဖြေဆို စဉ်က အတိုင်းပဲ ဒီနေရာမှာ ပြန်ပြီးပြောပြချင်ပါတယ်။ ဒီလိုပါ။

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ အင်မတန် လှပချောမွေ့တဲ့ မင်းသမီးလေးတစ်ပါးရှိတယ်။ သူ့ကို လက်ထပ်ထိမ်းမြားချင်ကြတဲ့ မင်းညီမင်းသားတွေ သူဌေးသူကြွယ်တွေ အများကြီးပါပဲ....တဲ့။ လက်ဆောင်ပဏ္ဏာတွေ အမျိုးမျိုးပေးပြီး လက်ထပ်ထိမ်းမြားဖို့ လာရောက် ကမ်းလှမ်းသူတွေ များလွန်းလို့ ဒီမင်းသမီးလေးဟာ လူသူမမြင်ရတဲ့ ပြာသာဒ်မြင့်တစ်ခုပေါ်မှာ တက်နေတယ်....တဲ့။ ဒါပေမဲ့ တစ်နေ့မှာ လူရွယ်တစ်ယောက်ဟာ မင်းသမီးလေးဆီကို ရောက်လာတယ်။ ဒီ လူရွယ်ဟာ လက်ဆောင်ပဏ္ဏာအဖြစ် ရွှေလင်ပန်းထဲမှာ အဖိုးထိုက်တန်လှတဲ့ ကျောက်သံပတ္တမြားတွေ ထည့်ယူလာပြီး သူ့ကို လက်ထပ်ခွင့်ပြုပါရန် တောင်းဆိုတယ်။ ဒါပေမယ့်.... မင်းသမီးက ငြင်းဆိုနေတဲ့အတွက် နောက်ဆုံးမှာ ပြန်သွားရတယ်။

မကြာမီရက်အတွင်းမှာပဲ ဒီလူရွယ်ဟာ မင်းသမီးလေးရှိနေတဲ့ အဆောင်အတွင်းကို ရောက်လာပြန်တယ်။ ဒီတစ်ခါမှာ လူရွယ်က လက်ဆောင်ပဏ္ဏာအဖြစ် ငွေလင်ပန်းထဲမှာ ရွှေဒင်္ဂါးတွေ ထည့်ယူလာတယ်။ ဒီတစ်ခေါက်မှာလဲ မင်းသမီးက လူရွယ်ရဲ့ ကမ်းလှမ်းချက်ကို အတင်းငြင်းဆန်တဲ့အတွက် လူရွယ်ဟာ ပြန်သွားရပြန်ပါတယ်။

နောက် ရက်မကြာခင်မှာဘဲ လူရွယ်ဟာ မင်းသမီးလေးရဲ့ အဆောင်ကို ရောက်လာပြန်တယ်။

ဒီတစ်ခါမှာတော့ လူရွယ်က လက်ဆောင်ပစ္စည်းအဖြစ် ကြေးလင်ပန်းထဲမှာ ငွေဒင်္ဂါးတွေ ထည့်ယူလာတယ်။





မင်းသမီးဆီ သုံးခေါက်လာရာမှာ လူရွယ်ယူလာတဲ့ လက်ဆောင်ပစ္စည်းသုံးမျိုးဟာ မတူကြဘူး။ တစ်ခေါက်ထက် တစ်ခေါက် လက်ဆောင်ပစ္စည်းရဲ့ တန်ကြေးဟာ လျော့လျော့လာတယ်။ ဒီလို လျော့လျော့လာတာကို မင်းသမီးလေးကလဲ သတိထားမိတယ်။ 'တကယ်ဆိုရင် ပထမတစ်ခေါက်မှာ ငါ့ရဲ့မေတ္တာကိုမရရင် ဒုတိယအခေါက်မှာ ပိုပြီး အဖိုးထိုက်တန်တဲ့ လက်ဆောင်ပစ္စည်းကို ယူလာရမှာ ခုတော့ တစ်ခေါက်ထက် တစ်ခေါက် လက်ဆောင်ပစ္စည်းက ညံ့,ညံ့လာတယ်။ တကယ်တော့ ဒါဟာ ငါ့ကို စော်ကားတာပဲ'၊ ဒီလိုတွေးပြီးတော့ မင်းသမီးလေးက လူရွယ်ကို "ရှင်က.... ဘယ်လိုလဲ၊ တစ်ခါထက်တစ်ခါ ညံ့ဖျင်းတဲ့ လက်ဆောင်တွေ ယူလာတာဟာ ကျွန်မကို သက်သက် စော်ကားတာလား"လို့ မေးတယ်။

မင်းသမီးက ဒီလိုမေးတော့ လူရွယ်က "ကျွန်တော် စော်ကားတာ မဟုတ်ရပါဘူး၊ သင် မင်းသမီးလေးရဲ့ အလှနဲ့ ထိုက်တန်တဲ့ လက်ဆောင်ပဏ္ဏာကို အမှန်တကယ်ယူလာတာပါ"လို့ ပြောတယ်။ ဒီအခါမှာမှ မင်းသမီးလေးဟာ ပိုဒေါသထွက်သွားတယ်။ "ဒါဆိုရင်ဟာ.... ကျွန်မ အလှ၊ ကျွန်မသိက္ခာကို သက်သက်စော်ကားတာပဲ" လို့ ဆိုတော့ လူရွယ်က "ကျွန်တော် စော်ကားတာ မဟုတ်ရပါဘူး။ သင့်ရဲ့အလှဟာ တစ်နေ့ထက်တစ်နေ့ လှလှသွားတာမှ မဟုတ်ဘဲ၊ တစ်နေ့ပြီး တစ်နေ့ အိုခြင်းတရားနဲ့အတူ အလှဟာလဲ လျော့လျော့သွားတာပါ။ ဒီလို အလှတွေ လျော့လျော့သွားတာမို့လို့ ကျွန်တော်လဲ



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင် ပစ္စည်းကို တန်ကြေးလျှော့လျှော့ပြီး ယူလာခဲ့တာပါ”လို့ ပြန်ပြောလိုက်တယ်....တဲ့။

ဟုတ်ပါတယ်။ ပျို့ရှယ်ချိန်ပြီးလို့ရှိရင် သဘာဝနိယာမအတိုင်း အိုမင်းခြင်းဆီကို တဖြည်းဖြည်း ရောက်သွားရစမြဲပါပဲ။ ပျို့ရွယ်ချိန်ရဲ့ အလှချမ်းသာမှုဟာလဲ အိုမင်းခြင်း၊ ရင့်ရော်ခြင်းနဲ့အတူ ဆင်းရဲ နွမ်းပါးသွားရတာပါပဲ။ အလှတန်ဖိုးဟာလဲ လျော့နည်း လျော့နည်း သွားတာပါပဲ။

အထက်က အဖြစ်ပျက်ကို ပြောပြပြီးတော့ အလှကို နိုင်အောင် ဘယ်လိုပြိုင်ရမလဲလို့ မေးလာတဲ့ လူရွယ်ကို ဆရာကြီးက “အပင်ပန်းခံ ပြီး အလှပြိုင်ချင်မနေပါနဲ့၊ မပြိုင်ရဘဲ သူ့ဟာသူ အလှဆုံးရှုံးသူ ဖြစ် သွားပါလိမ့်မယ်”လို့ ဖြေလိုက်ဖူးပါတယ်။

“တင့်တယ်ရုပ်ဆင်း၊ လှပခြင်းကား၊ အိုမင်းနောက်ဆုံးရှိချေ ၏”ဆိုတာကို မေ့လျော့ပြီးတော့ လူအများကို အလှမာန်နဲ့ ဆက်ဆံ တတ်သူမှာ သူ့လိုစိတ်မာတ်ရှိတဲ့လူတွေနဲ့ပဲ အများအားဖြင့် တွေ့ကြုံရ တတ်တယ်။ ဒီလို အလှမာန်နဲ့ လူအများကို ဆက်ဆံတတ်တဲ့သူမှာ သူ့လိုပဲ ဘဝကို အလေးအနက်မထားတတ်သူမျိုးတွေနဲ့ ကြုံတတ်တာ ပဲ။ တစ်ခါတစ်ခါမှာ သူလှည့်စားတာထက်ပိုပြီး လှည့်စားတတ်တဲ့ သူမျိုး နဲ့လဲ တွေ့သွားတတ်တယ်။ ကိုယ့်အလှကို ဂုဏ်ပြုချီးမြှောက် ခံချင်တာ ဟာ ကိုယ့်ရဲ့ အားနည်းချက်တစ်ခု ဖြစ်နေတယ်ဆိုတာ မေ့လျော့နေ တတ်တယ်။ ဒီလို မေ့လျော့ပြီး တစ်ဖက်လူက ကိုယ့်အလှကို ချီးမြှောက် တာကို အကျေနပ်ကြီး ကျေနပ်တတ်တယ်။ ဘုံကြိုးပြတ်ပြီး ကျလာတဲ့ နတ်သမီးလေးလို လှပတဲ့အကြောင်း ဖွဲ့နွဲ့ပြီး မြှောက်ပင့်တာကို မဟုတ်





မှန်း သိပေမယ့်လဲ ပီတိတွေဖြာပြီး သဘောကျနေသေးတယ်။ သူ့ အလှကို မပိုင်ရခင်မှာ “သူ့ကို ဖျာလိုလိပ် ထိပ်ပေါ်တင်”ဆိုတာလို သူ့ အကြိုက်လိုက်တယ်။ မြှောက်တယ်။ အဖော်ကောင်းအဖြစ် ဟန်လုပ်ပြီး ဆက်ဆံတယ်။ ယုယပြတယ်၊ အလိုက်သိပြတယ်၊ ကြင်နာပြတယ်။ ဒါပေမယ့် .... သူ့ကိုလဲပိုင်၊ သူ့အလှချမ်းသာမှု မှန်သမျှကိုလဲ သုံးဖြုန်းပစ်လို့ အလှကုန်တဲ့အခါ သူ့ကို လှည့်မကြည့်တော့တာ မျိုးလဲ ဖြစ်တတ်တယ်။ အဲဒီအခါမှ “မရခင်ကတော့ ဖျာလိုလိပ်၊ ထိပ်ပေါ်တင်၊ ခုတော့ ဖြန့်ခင်းနင်းချေပါပေါ့လား၊ ရှင်တို့ ယောကျ်ားတွေများ ကြောက်ပါရဲ့ ဘာရဲ့နဲ့” ညည်းညူတတ်တယ်။ ဒါကတော့.... အစက ဖျာလိုလိပ် ထိပ်ပေါ်တင်တာကို အဟုတ်ထင်ပြီး သာယာခဲ့တာကိုး၊ ဖြန့်ခင်းခံရတာ မျိုးကိုလဲ ကြုံရပေမှာပေါ့။

အလှချမ်းသာသူဟာ သူကိုယ်တိုင်က တစ်ဖက်လူကို အလှမာန် နဲ့ လှည့်စားတတ်သူ မဟုတ်သူကလေး၊ ပကတိရိုးအေးသူကလေး၊ မွန်ရည်သူကလေး ဖြစ်တယ်ပဲ.... ထား၊ ချစ်မေတ္တာရေးရာမှာ သူလို မိန်းကလေးမျိုးဟာ ကံဆိုးတတ်တယ်တဲ့။ ဘာကြောင့်လဲဆိုတော့ အလှချမ်းသာလေ တစ်ဖက်လူက ကိုယ့်ကို ချစ်မြတ်နိုးလေ၊ အလွန်လှ လေ၊ တစ်ဖက်လူက အလွန်ချစ်မြတ်နိုးလေဖြစ်တယ်။ အလွန်ချစ်မြတ် နိုးတော့ နေရာတကာမှာ ကိုယ့်အကြိုက်ကို လိုက်တယ်၊ ယုယတယ်၊ ဂရု စိုက်တယ်၊ ငုံထားမတတ် မြတ်နိုးတယ်။ အလှချမ်းသာသူဟာ ဒီလို တစ်ဖက်လူရဲ့ အပြုအမူတွေကို ကြည့်ပြီး တစ်ဖက်လူဟာဖြင့် မိမိကို တကယ်ချစ်မြတ်နိုးတာပဲလို့ ထင်ပြီး အဖော်ကောင်း၊ ခင်ပွန်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ရာသက်တိုင် မိတ်ဆွေကောင်းအဖြစ် ရွေးချယ်လိုက်တတ်တယ်။ တစ်ဖက်လူကလဲ အလှချမ်းသာသူအပေါ် တကယ်ပဲ မြတ်နိုးချစ်ခင်တယ်လို့ ထင်မိတတ်တယ်။ ဒါပေမဲ့ အလှချည်း ချမ်းသာသူဟာ အခြေအနေအရ အလှဆင်းရဲသွားတဲ့အခါလဲရောက်ရော တစ်ဖက်လူရဲ့ ချစ်ခင်မြတ်နိုးစိတ်တွေဟာ အလှဆင်းရဲသွားခြင်းနဲ့ အတူ မဲ့တေခေါင်းပါးသွားတတ်တာမျိုးတွေလည်း ရှိတတ်တယ်။ ဒါကြောင့် အလှချမ်းသာသူဟာ ကံဆိုးတတ်တယ်လို့ ပြောတာ ဖြစ်မှာပါပဲ။

ဒီနေရာမှာ အလျဉ်းသင့်နေလို့ ပြင်သစ် စာရေးဆရာ ဂီးဒီးမော်ပါးဆွန်းရဲ့ Bed 29 ဆိုတဲ့ ဝတ္ထုတိုကလေးကို ပြောပြချင်ပါတယ်။



အခန်း [ ၂ ]

## အလှပျောက်ဆုံးခြင်းနှင့် မေတ္တာအကြင်နာတို့ ပြယ်လွင့်ခြင်း

ပြင်သစ်မြင်းတပ်ဖွဲ့မှာ ရုပ်ရည်သားနားတဲ့ အေပီဗွန်လို့ ခေါ်တဲ့ စစ်ဗိုလ် ကပ္ပတိန်တစ်ဦးရှိတယ်။

အေပီဗွန်ဟာ အရပ်ဝတ်အရပ်စားနဲ့ဆိုရင် သိပ်မထူးခြားပေမယ့် စစ်ဝတ်စုံနဲ့ဆိုရင် သူဟာ အင်မတန်ကြည့်လို့ကောင်းတယ်။ သူ့မျက်လုံးက ပြာလဲ့လဲ့အရောင်ရှိတယ်။ မျက်လုံး မျက်ဖန် ကောင်းတယ် နှာတံပေါ်တယ်၊ သူ့နှုတ်ခမ်းမွေးနဲ့ သူ့မျက်နှာက လိုက်ဖက်တယ်၊ ခါးသေးတယ်၊ ရင်ကားတယ်၊ သူ့လက်တံ ပေါင်တံတွေက ကျစ်ကျစ်လျစ်လျစ်နဲ့ အချိုးအစား သိပ်ကျတယ်။ သူ့ခန္ဓာ သူ့အမူအရာတွေက ဆွဲဆောင်မှုရှိလေတော့ မိန်းမတွေက သူ့ကို သိပ်သဘောကျတယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီကပ္ပတိန်နဲ့ မိန်းကလေးတွေ တွေ့လိုက်ရင် မိန်းကလေးတွေက အားနွဲ့တဲ့ အမူအရာမျိုး၊ ရှက်သွေးဖြာသွားတဲ့ အမူအရာမျိုး လုပ်တတ်တယ်။ မိန်းကလေးတွေက ဦးခေါင်းလေးတွေ ဆတ်ခနဲတိမ်းတိမ်းပြီး မျက်နှာ လွှဲ၊ လွှဲသွားတတ်ကြတယ်။ ဒီကပ္ပတိန်ရှေ့ရောက်ရင် အမျိုးသမီးလေး တွေဟာ မလုံမလဲနဲ့ ရှက်ကိုး ရှက်ကန်းဖြစ်နေတတ်ကြတယ်။ မိန်းမ ချောချောကလေးတွေဟာ သူနဲ့ တွေ့လိုက်ရင် ကျသွားတာချည်းပဲ။ အင်မတန် မိန်းမစွဲတဲ့ အေပီဗွန်ပါပဲ။

ဈေးထဲကို ဒီကပ္ပတိန်သွားရင် ဆိုင်ထဲက အမျိုးသမီးလေးတွေက သူ့ကို မသိမသာ ခိုးကြည့်ကြတယ်။ ဆိုင်ရှေ့က ဖြတ်သွားရင် ဆိုင်ရှင် တွေရဲ့ မယားတွေကလဲ သူ့ကို ပြတင်းပေါက်က လှမ်းကြည့်တတ်တယ်။ ဒါကြောင့် ဆိုင်ရှင်ယောကျ်ားတွေဟာ ကပ္ပတိန်ကို မနာလို ဖြစ်ကြ တယ်။ မုန်းကြတယ်။ ဟုတ်မှာပဲ၊ ကိုယ့်ယောကျ်ား အနားထားပြီး တခြားယောကျ်ားကို တပ်တပ်မက်မက်ကြည့်တာမျိုးကို ဘယ်လင် ယောကျ်ားမျိုးက ခံနိုင်မှာလဲ။ ကပ္ပတိန်ဟာ အလကားကြွာသမားပါ ကွာ လို့ လင်ယောကျ်ားတွေကပြောရင် မယားဖြစ်သူတွေက သိပ်မကျေနပ်ကြဘူး။ လင်ယောကျ်ားတွေက သူတို့ကို ကပ္ပတိန်နဲ့ ပတ်သက်ပြီး မြည်တွန်တောက်တီးရင် မိန်းမတွေက အရေးမစိုက်သလို အမူအရာတွေ ပြတတ်ကြတယ်။

ကပ္ပတိန်ဟာ ရုပ်ရည်အင်မတန်သားနားတဲ့လူဆိုတော့ အမျိုးသမီးတွေရဲ့ ပါးစပ်ဖျားမှာ သူ့အကြောင်းကို ပြောလို့မဆုံး ဖြစ်နေတယ်။





အဲဒီမြို့မှာ အလွန်ရုပ်ရည်လှပတယ်လို့ ဆိုရတဲ့ အမျိုးသမီး တစ်ဦးရှိတယ်။ သူ့နာမည်က အီရာမာလို့ ခေါ်တယ်။ အဲဒီ အမျိုးသမီးက အဲဒီမြို့က ကုမ္ပဏီသူဌေးကြီးတစ်ဦးရဲ့ ပျော်တော်ဆက် မိန်းမတစ်ဦး ဖြစ်တယ်။

တစ်ခါပဲတွေ့၊ တစ်ညနေပဲ လူပျိုလှည့်လိုက်ရတယ်။ အီရာမာ ဟာ ကပ္ပတိန်ရဲ့ ချစ်သူဘဝ ရောက်သွားတယ်။ သူတို့နှစ်ဦးဟာ အတူ သွား အတူလာနဲ့ မခွာနိုင်မခွာရက် တတွဲတွဲဖြစ်သွားကြတယ်။ မြို့က လူတွေကလဲ သူတို့အကြောင်းပဲ ပြောနေကြတယ်။ သူတို့နှစ်ဦးစလုံး ကလဲ တကယ်ပဲ မခွဲနိုင် မခွာရက် မေတ္တာနှောင်ကြိုး တင်းလွန်းနေ ကြသူတွေ ဖြစ်တယ်ဆိုတဲ့ အမူအရာမျိုးတွေကို အများသိအောင် ပြကြ တယ်။ သူတို့နှစ်ဦးဟာ တစ်နှစ်ပတ်လုံးပဲ အတူသွား၊ အတူလာ နေ နေကြတယ်။ လူတကာကလဲ သူတို့နှစ်ဦးကို ဝိုင်းကြည့်ကြတယ်။ ဒီလို ဝိုင်းကြည့်ခံရတာကိုပဲ သူတို့နှစ်ဦးက အရသာတွေ့ပြီး ပီတိ ဖြာနေကြတယ်။ ဂုဏ်ယူနေကြတယ်။ ဂုဏ်ယူလောက်အောင်လဲ နှစ်ဦးစလုံးက လှပတင့်တယ်သူတွေ ဖြစ်နေကြတယ်။ ကပ္ပတိန်ရဲ့ စိတ်ထားက ဘယ်လို လဲဆိုတော့ သူ့ကို လူအများက မသိဘဲနေမှာသာ စိုးတယ်။ အများက သိတယ်၊ ဂရုစိုက်တယ်ဆိုရင် သူ့အတွက် ဂုဏ်ထူး ဘွဲ့ထူး တစ်ခုခုရတာကို ဂုဏ်ယူသလို ဂုဏ်ယူကြည်နူးနေတတ်သူ ဖြစ်တယ်။ သူ့ကို အများက ဝိုင်းပြီး မနာလိုဖြစ်နေကြတာ၊ ငြူစူ နေတာဟာ တကယ်တော့ သူ့ရဲ့ အောင်မြင်ခြင်းကို ဝိုင်းပြီး သြဘာ ပေးနေတာလို့ သူက ထင်ထားတယ်။ ကိုယ့်ကို သူများတွေက မနာလို



www.burmeseclassic.com

www.burmeseclassic.com



အလှချမ်းသာသူ





ဖြစ်ရင် ကိုယ်ဟာ သူများတွေထက် သာနေလို့ပဲဆိုတဲ့ ခံယူချက်မျိုး သူမှာရှိနေဟန်တူပါတယ်။

တစ်နေ့တော့ ပြင်သစ်နိုင်ငံဟာ ပရပ်ရှားနဲ့ စစ်ကြေညာတယ်။ ဒီအခါမှာ ကပ္ပတိန်ရဲ့ စစ်တပ်ဟာ အလျင်ဆုံးထွက်ဖို့ အမိန့်ကျလာတယ်။

စစ်မြေပြင်ကို ထွက်ခွာကာနီးမှာ ချစ်သူနှစ်ဦးဟာ ဝမ်းနည်းကြေကွဲဖြစ်ကြတယ်။ ခွဲရမည့်ညမှာ တစ်ညလုံး နှစ်ဦးသားတွေ့ကြတယ်။ ချစ်သူနဲ့ ခွဲရမှာမို့လို့ အီရာမာဟာ ရင်ဘတ်စည်တီးနဲ့ ဆံပင်ကို ထောင် မနိုင်တော့ဘဲ ကြမ်းပေါ်မှာ လူးလိမ့်ငိုတယ်။ အိမ်ထောင်ဗရိဘောဂတွေဟာလည်း အကုန်ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်တယ်။ ကပ္ပတိန်ကလည်း ဝမ်းနည်းလွန်းလို့ မျက်ရည်တွေ ကျနေတယ်။

မိုးလင်းလို့ နောက်နေ့မှာ နှစ်ဦးသား ခွဲကြရတယ်။

အီရာမာက သူ့ချစ်သူကို ပထမစခန်း ရောက်သည်အထိ မြင်းရထားနဲ့ လိုက်ပို့တယ်။

တပ်ထွက်တဲ့အခါမှာ အီရာမာက စစ်တပ်တစ်တပ်လုံးရဲ့ ရှေ့မှာပဲ ကပ္ပတိန်ကို ဖက်ရမ်း နမ်းရှုပ် နှုတ်ဆက်တယ်။ ဒီမြင်ကွင်းကို မြင်တဲ့ စစ်သားတွေဟာ လွမ်းဆွတ်ကြေကွဲခြင်း ဖြစ်ကြတယ်။ သူတို့ရဲ့ ကပ္ပတိန်ကို "ကပ္ပတိန်ရဲ့ချစ်သူဟာ တကယ့် မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်တဲ့သူပဲ။ တော်ပါပေတယ်။ အဖိုးတန်လှတဲ့ မိန်းကလေးပါပဲ"တို့



www.burmeseclassic.com

www.burmeseclassic.com



ပြောကြတယ်။ အီရာမာရဲ့ အမှုအရာကို အကဲခတ်ပြီး "မျိုးချစ်စိတ်ရှိတဲ့ သူကလေးဖြစ်တယ်"လို့ ချီးကျူးကြတယ်။

ကပ္ပတိန်ရဲ့ စစ်တပ်ဟာ စစ်မြေပြင်မှာ ပြောင်မြောက်စွာ တိုက်ခိုက်နိုင်ခဲ့ကြတယ်။ ကပ္ပတိန်ကိုယ်တိုင် သူရသတ္တိရှိရှိ တိုက်ခိုက်ခဲ့တဲ့အတွက် ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခြင်း ခံရတယ်။

စစ်ပြီးတဲ့အခါ ကပ္ပတိန်ဟာ အီရာမာနေတဲ့ မြို့ကို ပြန်လာတယ်။မြို့ကိုရောက်တော့ မြို့စောင့်တပ်ကို အုပ်ချုပ်ပြီးစခန်းချတယ်။

မြို့ကို ရောက်,ရောက်ချင်း ကပ္ပတိန်ဟာ အီရာမာရဲ့ သတင်းကို စုံစမ်းတယ်။ ဒါပေမဲ့ သတင်းအတိအကျ မရဘူး ဖြစ်နေတယ်။

တချို့က အီရာမာဟာ ပရပ်ရှားစစ်တပ်က မေဂျာတစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ်လို့ ပြောတယ်။ တချို့ကလဲ သူ့မိဘတွေနေတဲ့ ရွာကို ပြန်သွားတယ်လို့ ပြောကြတယ်။ ကပ္ပတိန်ဟာ မြို့တော်ဝန်ရုံးကို လှူလှတ်ပြီးတော့ လူသေစာရင်းမှာ အီရာမာရဲ့ နာမည် ပါ မပါ ရှာကြည့်ခိုင်းသေးတယ်။ ဒါပေမဲ့ ရှာမတွေ့ဘူး။ ဒီလို ရှာမတွေ့တော့ အဲဒီမြို့ကို သိမ်းပိုက်ခဲ့တဲ့ ပရပ်ရှားစစ်သားတွေကို မဲပြီး ဆဲဆို ကြိမ်းမောင်းတယ်။ ဒီကောင်တွေကြောင့် ငါချစ်သူနဲ့ မတွေ့ရတာ၊ နောက်တစ်ချီ တိုက်ကြရရင်တော့ ဒီကောင်တွေကို အပြတ်ရှင်းမယ်လို့ ကြိမ်းမောင်းတယ်။

တစ်ခုသော နံနက်မှာ ကပ္ပတိန်ဟာ နံနက်စာ စားမယ်လို့ လုပ်နေတုန်း စာတစ်စောင်ရတယ်။ သူ အင်မတန် မျှော်လင့်တောင့်တနေတဲ့ အီရာမာဆီက စာပဲ။

(တတိယအကြိမ်)



စာထဲမှာ အီရာမာ ဆေးရုံတက်နေရတယ် ဆိုတဲ့အကြောင်း သူ အင်မတန် နေမကောင်းဖြစ်နေကြောင်း၊ သူ့ကို လာတွေ့ဖို့ အကြောင်း၊ လာတွေ့လျှင် သိပ်ပျော်မှာပဲဆိုတဲ့အကြောင်းပါတယ် ကပ္ပတိန်ဟာ အီရာမာကို သိပ်သနားသွားတယ်။ ဒါနဲ့ နံနက်စာ စားပြီး,ပြီးချင်း ဆေးရုံဆီကို အမြန်ထွက်လာခဲ့တယ်။

ဆေးရုံကိုရောက်တော့ ဆေးရုံအတွင်းကို လွယ်လွယ်နဲ့ ဝင်ခွင့်မရဘူး ဖြစ်နေတယ်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေကို အဘော်ပြောဆိုပြီးမှ ဝင်ခွင့်ရတယ်။

တာဝန်ကျတဲ့ လူငယ်တစ်ဦးက သူ့ကိုဆေးရုံအတွင်းခေါ် သွားတယ်။

သူ့လမ်းတစ်လျှောက်မှာ လူနာတွေရဲ့ ညည်းညူသံတွေကိုပဲ ကြားနေရတယ်။

မကြာခင်မှာဘဲ သူ့ကိုခေါ် လာတဲ့ တာဝန်ကျ လူငယ်က လူနာတွေနဲ့ ပြည့်နေတဲ့ အခန်းတစ်ခုကို ညွှန်ပြလိုက်သည်။ သူညွှန်ပြတဲ့ အခန်းဝဆီမှာ "ဆစ်ဖလစ်"လို့ စာလုံးကြီးတွေနဲ့ ရေးထားတဲ့ ဆိုင်းဘုတ်ကို တွေ့ရတယ်။

ကပ္ပတိန်ဟာ တော်တော်ကို လန့်သွားတယ်။ ရှက်ကိုး ရှက်ကန်းလဲ ဖြစ်သွားတယ်။ အဲဒီအချိန်မှာ သူနာပြုဆရာမ တစ်ဦးက အခန်းထောင့်မှာ ဆေးဖျော်နေတယ်။ အဲဒီသူနာပြုဆရာမ က "ကျွန်မလိုက်ပြပါမယ်။ သူ့ခုတင်နံပါတ်က ၂၉ ပါ" လို့ ပြောပြီး ကပ္ပတိန်ကို ခေါ် သွားတယ်။ အဲဒီနောက် အိပ်ရာတစ်ခုကို ညွှန်ပြပြီး "ဒီမှာပါ"လို့ ဆိုတယ်။

(တတိယအကြိမ်)

www.burmeseclassic.com



ခုတင်ပေါ်မှာ စောင်တွေနဲ့ ဖုံးနေတဲ့အတွက် လူနာရဲ့ ခေါင်းတောင် မပေါ်တော့ဘူး။ ဘယ်ခုတင်ပဲ ကြည့်ကြည့် မျက်နှာညှိုးငယ်နေတဲ့ လူနာတွေကိုပဲ တွေ့ရတယ်။ လူနာတွေထဲမှာ မိန်းမပျိုတွေရော မိန်းမအိုတွေရော အစုံပဲ။

ကပ္ပတိန်ဟာ လက်တစ်ဖက်နဲ့ ဦးထုပ်ကိုကိုင်၊ ကျန်လက်တစ်ဖက်နဲ့ ဓားလွယ်ကို ကြမ်းပေါ်မှာ ထောက်ပြီး သူရပ်နေတဲ့ ခုတင်နံပါတ် ၂၉ စောင်ခြုံအောက်က လူနာကို "အီရာမာ"လို့ တိုးတိုးခေါ်လိုက်တယ်။ ဒီအခါမှာ ခုတင်ပေါ်က စောင်တွေလှုပ်ရှားလာပြီး အီရာမာရဲ့ မျက်နှာက ဘွားခနဲ ပေါ်လာတယ်။

အီရာမာရဲ့ ရုပ်က သိပ်ကို ပြောင်းလဲသွားပြီ။ အလှဆိုတာကို မျက်နှာမှာ ရှာလို့ မတွေ့တော့ဘူး။ သူ့တစ်ကိုယ်လုံးလဲ ပိန်ချုံးချည့်နဲ့နေတယ်။ တခြားတစ်နေရာမှာ သူ့ကို မြင်ရရင် မှတ်မိနိုင်မှာ မဟုတ်တော့တဲ့ အလှဆင်းရဲသူလေး ဖြစ်နေပြီ။ အီရာမာ အလှဆင်းရဲနေတာကို မြင်လိုက်ရတဲ့ ကပ္ပတိန်ရဲ့ စိတ်ဟာလည်း ချက်ချင်းပဲ ပြောင်းလဲသွားတယ်။ ဆေးရုံမရောက်ခင်က အီရာမာကို တွေ့ချင်လွန်းလို့တဲ့ စိတ်တွေ၊ သနားကြင်နာခဲ့တဲ့ စိတ်တွေ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။

အီရာမာဟာ စိတ် သိပ်ထိခိုက်တဲ့အတွက် စကားမပြောနိုင်ပဲ ဖြစ်နေတယ်။ နောက်တော့မှ အခုလို တွေ့ရတဲ့အတွက် သိပ်ဝမ်းသာတဲ့ အကြောင်းပြောပြီး မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာတယ်။

(တတိယအတွဲ့မ်)



သူနာပြုဆရာမ လာချပေးတဲ့ ခုံပေါ် ထိုင်လိုက်ရင်း ကပ္ပတိန်က "ဘယ်လိုဖြစ်ရတာလဲ"လို့ မေးတော့ အီရာမာက ငိုပြီး "ကျွန်မဘာဖြစ် တယ်ဆိုတာ ရှင်သိရောပေါ့။ အခန်းဝမှာ စာကပ်ထားတာပဲ"လို့ ပြန်ပြောတယ်။ ပြောရင်းနဲ့ အီရာမာက အိပ်ရာခင်းအစကို ဆွဲပြီး မျက်နှာကို ဖုံးလိုက်တယ်။

ကပ္ပတိန်ဟာ သိပ်ကို စိတ်ပျက်သွားတယ်။ သိပ်ကို ရှက်သွားရှက်တယ်။ အဲဒီခေတ်က ဆစ်ဖလစ်ရောဂါဆိုတာ အင်မတန် ဂုဏ်သိက္ခာမဲ့တဲ့ ရောဂါဖြစ်ပါတယ်။ ကုစားဖို့လဲ အင်မတန်ခက်တဲ့ရောဂါဖြစ်တယ်။

ကပ္ပတိန်က "ဒီလိုရောဂါကို ဘယ်လိုရတာလဲ"လို့ မေးတယ်။

"ပရပ်ရှားစစ်သား အရိုင်းအစိုင်းတွေဆီက ပေါ့ရှင်။ သူတို့က အတင်းအဓမ္မဆိုတော့ သူတို့ကြောင့် ကျွန်မ ဒီရောဂါရတာပဲ"လို့ အီရာမာက ဖြေတယ်။

ကပ္ပတိန်ဟာ အီရာမာကို ကြည့်ရင်း ဘာဆက်ပြောရမှန်း မသိဖြစ်နေတယ်။

တခြားလူနာတွေကလဲ သူ့ကို ဝိုင်းကြည့်နေကြတယ်။

ကပ္ပတိန်ဟာ ဆေးရုံက ပုပ်စော် နံလာတယ်လို့ ထင်နေတယ်။ ဆစ်ဖလစ်ရောဂါကြောင့် လူနာတွေရဲ့ အသွေးအသားတွေက အပုပ်နံ့လှိုင်နေတာလို့ ထင်နေတယ်။ ဒီအခန်းထဲမှာ ဒီလောက် မသတီစရာရှက်စရာရောဂါကိုရနေတဲ့ မိန်းကလေးတွေ အများကြီးပါသွားလို့လဲ

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



တွေးနေတယ်။ ဒီအတွေးတွေနဲ့သာ ငိုင်တိုင်တိုင်ကြီးဖြစ်နေတယ်။ ရှက်လဲ ရှက်နေတယ်။ အီရာမာကိုတွေ့ရင် ယုယလိုက်မယ်။ ကြင်နာလိုက်မယ်၊ ပွေ့ဖက်လိုက်မယ်ဆိုတဲ့ စိတ်မျိုးတွေ သူ့ဆီမှာ တစ်ခုမှ ရှိပုံမပေါ်တော့ဘူး။

အီရာမာက "ကျွန်မကတော့ သေမှာပါပဲ။ ဆရာဝန်က ကျွန်မရောဂါကျွမ်းနေပြီလို့ ပြောတယ်" လို့ ညည်းညည်းညူညူ ပြောလိုက်တယ်။

အီရာမာဟာ ကပ္ပတိန်ကို လှမ်းကြည့်ရင်းက ကပ္ပတိန်ရဲ့ ရင်ဘတ်မှာ ဆွဲထားတဲ့ တံဆိပ်တစ်ခုကို မြင်လိုက်တယ်။ ဒီအခါမှာ အီရာမာက "အလိုလေး.... ရှင့်ကို ခုလို တိုင်းပြည်က ဂုဏ်ပြုကြတယ်ဆိုတော့ ကျွန်မ ကျေနပ်ပါပြီ။ ကျွန်မ ဝမ်းသာလွန်းလို့ ရှင့်ကို ဟောဒီလို ပွေ့ဖက်ချင်လိုက်တာ" လို့ ဆိုတယ်။ ဒီစကားကို ကြားလိုက်တော့ ကပ္ပတိန်ဟာ လန့်ဖျပ်သွားတယ်။ ဟိုတုန်းကလို အီရာမာ အလှချမ်းသာ ရင်တော့ ဒီစကားမျိုးကို သူဘယ်လောက် ကြည်နူးလိုက်မလဲ။ ခုတော့ ဆစ်ဖလစ် ရောဂါသည်ကြီးက သူ့ကို ပွေ့ဖက်မှာကို ကြောက်ရွံ့နေပြီ။ ဟိုအလျင် အီရာမာ အလှချမ်းသာတုန်းကတော့ ကပ္ပတိန်ဟာ အီရာမာကို မျိုထားမတတ်၊ ငုံထားမတတ်၊ မက်မက်မောမောနဲ့ ပွေ့ဖက် ခဲ့တာပဲ။ ခုတော့ ကပ္ပတိန်ဟာ ငုံထားချင်ဖို့ နေနေသာသာ အန်ချင်နေမှာပဲ။ တကယ်လို့များ အီရာမာက သူ့ကိုထပြီး ပွေ့ဖက်လိုက်ရင် ဘယ်လောက် ကြောက်စရာကောင်းမလဲ" လို့ သူက တွေးနေမိတယ်။ ဒီအတွေးနဲ့အတူ





သူဟာ ထွက်ပြေးချင်စိတ် ပေါက်နေတယ်။ အီရာမာနဲ့ ဝေးဝေးမှာ သန့်ရှင်းတဲ့ လေကိုရှူရှိုက်ရရင် ကောင်းမှာပဲလို့ တောင့်တနေတယ်။

ဒါပေမဲ့ ချက်ချင်းနှုတ်ဆက်ပြီး ပြန်သွားရမှာကလည်း ကောင်းတတ်တော့ အောင့်အည်းပြီး နေနေရတယ်။ အလျင်ကလိုသာ အီရာမာ လှနေသေးရင် ပြန်ပါလို့ တွန်းထုတ်တောင် သူပြန်မှာ မဟုတ်ဘူး။ အခုတော့ အချစ်တွေက ကုန်နေပြီ။ စိတ်တွေက ကုန်နေပြီ။ စိတ်ကုန်နေတော့ သူက အီရာမာကို "မင်းက ကိုယ့်ကိုယ်ကိုမှ ဂရုမစိုက်ဘဲ" လို့ အပြစ်တင်လိုက်တယ်။ ဒါကိုကြားတော့ အီရာမာက ဒေါသဖြစ်သွားတယ်။

"ဟုတ်တာပေါ့။ ကျွန်မကိုယ်ကျွန်မ ဘယ်ဂရုစိုက်နိုင်မှာလဲ။ ကျွန်မက သူတို့ကို ကလဲ့စားချေဖို့ပဲ ဂရုစိုက်နေတာ၊ ကျွန်မက သူတို့ကို အရမ်းပြန်သတ်ချင်နေတာ။ ဒီတော့ ကျွန်မလဲ တတ်နိုင်သမျှ ကျွန်မမှာ ရနေတဲ့ ရောဂါနဲ့ ပြန်သတ်တာပဲ။ ပရပ်ရှားတွေ မြို့ကို သိမ်းထားသမျှ ကာလပတ်လုံး ကျွန်မလဲ ကျွန်မကျန်းမာရေးအတွက် နည်းနည်းမှ ပြန်မကြည့်ဘူး။ ဒီကောင်တွေ အားလုံး ....အားလုံး သေရင်ပြီးရော...." အီရာမာက ဒေါနဲ့မောနဲ့ ပြန်ပြောတယ်။

အီရာမာဟာ သူပြောတဲ့အတိုင်း သူ့ဆီက ရောဂါ ပရပ်ရှားစစ်သားတွေဆီ ကူးစက်ပြီး ရောဂါရလေအောင် တွေ့သမျှ စစ်သားတွေနဲ့ တွဲတယ်။ ဒါကို အီရာမာက "ကျွန်မ ကောင်းကောင်း လက်စားချေလိုက်

www.burmeseclassic.com



ရပြီ။ သူတို့ကို ရောဂါကူးစက်ခိုင်းပြီး သတ်ခဲ့လို့ သေကုန်ကြတာ မနည်းဘူး''လို့ ဒေါနဲ့မောနဲ့ ပြောနေတယ်။

အီရာမာ ပြောနေတာကို နားထောင်နေရပေမယ့် ကပ္ပတိန်စိတ်ကတော့ ပြန်ချင်လှပြီ။ အီရာမာနဲ့ ဝေးရာကို ရောက်သွားချင်လှပြီ။ အီရာမာ အလှဆင်းရဲတာနဲ့ တစ်ပြိုင်နက် အနားမှာတောင် မနေလိုတော့ဘူး။ ဒါကြောင့် ''စကားပြောရတာတော့ ကောင်းပါတယ်။ ဒါပေမယ့် ပြန်ဦးမှထင်တယ်။ အလုပ်တစ်ခု ချိန်းထားတာ ရှိသေးတယ်''လို့ ကပ္ပတိန်က အကြောင်းပြပြီး စကားဖြတ်ဖို့ ကြိုးစား တယ်။ ဒီအခါမှာ အီရာမာက ဝမ်းနည်းသံနဲ့ ''ရှင်ကလဲ ရောက်လို့မှ မကြာသေးဘူး ပြန်ချင်လှပြီလားရှင်''လို့ ဆိုတယ်။ ဒါနဲ့ ကပ္ပတိန်ကလဲ မပြောချင်ပြောချင်နဲ့စကားဆက်ပြောနေရတယ်။ ဟိုတုန်းက လိုသာ အီရာမာလှမယ်ဆိုရင် ခုလို စကားပြောရတာကို အားမရ နိုင်လောက်အောင်ကိုရှိမှာပဲ။ အချိန်တွေ မကုန်ပါစေနဲ့လို့ ဆုတောင်းချင် ဆုတောင်းနေမှာပဲ။

ခဏကြာတော့ အီရာမာက ကပ္ပတိန်ကို ....

''အချစ်ရယ် .... သူနာပြု ဆရာမလဲ အနားမှာ မရှိတော့ပါဘူး။ အချစ်မပြန်ခင် ကျွန်မကို တစ်ခါလောက် နမ်းစမ်းပါ''လို့ ဆိုတယ်။ အဲဒါမှ ဒုက္ခပဲ။ ကပ္ပတိန်ရဲ့ စိတ်ထဲမှာ အီရာမာကိုနမ်းဖို့ အင်မတန် စက်ဆုပ်နေတယ်။ ဟိုအလျှင်ကနဲ့ အင်မတန်ကို ကွာခြားနေတယ်။ ဒါပေမဲ့ မလွှဲသာတော့လို့ အီရာမာရဲ့ နှဖူးဆံစကို မသတီစရာ အရာတစ်ခုကို နမ်းသလို နမ်းတယ်။ မြတ်နိုးတဲ့ စိတ်ဆိုလို့





နည်းနည်းမှ မရှိဘူး။ အီရာ မာက ကပ္ပတိန်ရဲ့ ယူနီဖောင်းအင်္ကျီအပြာကို ဖက်ရမ်း နမ်းရှုပ်တယ်။ နမ်းရင်းက ''ကျွန်မဆီကို လာဦးမယ် မဟုတ်လား။ ဆက်ဆက် လာနော်'' လို့ တတွတ်တွတ် မှာနေတယ်။

ကပ္ပတိန်က မြန်မြန်ပြန်ရရင် ပြီးရောဆိုပြီး ''ကြာသပတေးနေ့ နေ့လယ် ၂ နာရီ လာခဲ့မယ်''လို့ ကတိပေးလိုက်တယ်၊

အခန်းထဲကလူတွေက ပြုံးတုံးပြုံးတုံနဲ့ ဝိုင်းကြည့်နေတဲ့အတွက် ကပ္ပတိန်ဟာ ရှက်ကိုးရှက်ကန်းကြီး ဖြစ်နေပြန်တယ်။ သူ့အရပ်မြင့်တာကို လူမမှတ်မိလေအောင်ဆိုတဲ့ သဘောနဲ့ ကုပ်ချောင်းချောင်းလုပ်ပြီး အပြင်ကို ထွက်တယ်။

လမ်းပေါ် ရောက်မှပဲ အသက်ကောင်းကောင်း သူရှူနိုင်တော့တယ်။

အဲဒီညနေမှာ သူ့ရဲဘော်တွေက သူ့ကို အီရာမာ အကြောင်းဝိုင်း မေးကြတယ်။ ကပ္ပတိန်က အီရာမာ အဆုတ်ရောဂါနဲ့ နေမကောင်းတဲ့အကြောင်း မပြောချင် ပြောချင်နဲ့ ပြောပြတယ်၊ ဒါပေမယ့် တပ်ထဲက လူတွေဟာ သူနဲ့ အီရာမာအကြောင်း တော်တော်ကို သိထားနှင့်ကြပြီ။ အီရာမာဟာ ပရပ်ရှား စစ်ဦးစီးဌာနက မေဂျာတစ်ဦးနဲ့ လက်ထပ်တယ်လို့လဲ တချို့ကပြောကြတယ်။ ဒီလို လက်ထပ်တာဟာ မေဂျာက အမြင် ကတ်လို့ လက်ထပ်တာ ဖြစ်တယ်လို့လဲ ပြောကြတယ်။ အဲဒီလို လက်ထပ်ပြီးတဲ့နောက်မှာ အီရာမာဟာ ပရပ်ရှားမြင်းတပ်က ကာနယ်ကြီးနဲ့အတူ မြင်းစီးထွက်လေ့ရှိတယ်လို့ ဆိုကြတယ်။ ဒါကြောင့်

www.burmeseclassic.com



မြို့သူမြို့သားတွေက အီရာမာကို ပရပ်ရှား စစ်တပ်ကြီး တစ်တပ်လုံးနဲ့ ပေးစားပြီး အတင်းစကား ပြောနေကြ တယ်လို့လဲ ဆိုတယ်။

ကပ္ပတိန်ကို တစ်တပ်လုံးက လှောင်ပြောင်နေကြတော့တာပဲ။ ကပ္ပတိန်ဟာ နေစရာတောင် မရှိဘူးဖြစ်နေတယ်။

အီရာမာဆီကလည်း ဆေးရုံလာဖို့ ခေါ်တဲ့စာ ခဏခဏ သူ့ဆီ ရောက်နေတယ်။ ကပ္ပတိန်က ရောက်လာသမျှ စာတွေကို ဆုတ်ဖြဲပစ် တယ်။ စာလဲမပြန်ဘူး။

နောက်ဆုံးမှာ.... ဆေးရုံက လူနာတစ်ဦးဦးသေရင် ခရစ် ယာန်ထုံးစံအရ ကျမ်းစာဖတ်ပြီး သင်္ဂြိုဟ်ပေးရတဲ့ ခရစ်ယာန်သင်းအုပ် ဆရာကြီးဆီက စာတစ်စောင်ရတယ်။ စာထဲမှာ အီရာမာဟာ မျှော်လင့် စရာမရှိတော့တဲ့အတွက် ကပ္ပတိန်ကိုယ်တိုင် လာခဲ့ဖို့အကြောင်း ပါရှိတယ်။

ဒီတစ်ကြိမ်မှာတော့ သူမငြင်းသာတော့တဲ့အတွက် ဆေးရုံကို သွားရတယ်။

ဆေးရုံကိုရောက်လို့ အီရာမာကိုတွေ့တော့ အလျင်ကလိုပဲ အခြေအနေမပြောင်းတာကို တွေ့ရတယ်။ ဒါ့ကြောင့် အီရာမာက သူ့ကို သာပြီးခေါ်တာလို့ ယူဆပြီးတော့ "မင်း ငါ့ကို ဘာလုပ်ဖို့ခေါ်တာလဲ" လို့ မကျေမနပ်နဲ့မေးတယ်။ "ကျွန်မ ရှင့်ကို မတွေ့ရတော့ဘူးထင်တယ်၊ ဒါကြောင့် နောက်ဆုံးတွေ့ချင်လို့ခေါ်တာ" လို့ အီရာမာကပြောတယ်။ ဒီစကားကို ကပ္ပတိန်က မယုံဘူး။ ဒါကြောင့် .... "ဒီမှာ ငါပြောမယ်၊





မင်းကြောင့် ငါ့ကို တစ်တပ်လုံးက ဝိုင်းပြီး လှောင်ပြောင်နေကြ ဒီတော့ နောက်ထပ် လူရယ်စရာ မဖြစ်စေချင်ဘူး" လို့ လေသံမာမာနဲ့ ပြောတယ်။ ဒီအခါမှာ အီရာမာက "အလိုရှင်၊ ကျွန်မ ရှင့်ကို လူရယ်စရာဖြစ်အောင် ဘယ်တုန်းက လုပ်ခဲ့ဖူးလို့လဲ" လို့ မေးတယ်။

အီရာမာမေးတာကို မဖြေတတ်တဲ့အတွက် ကပ္ပတိန်က ငိုင်ဘိ ငိုင်တိုင် ဖြစ်နေတယ်။

ဒါပေမယ့် သူပြောလက်စ စကားကို ဆက်ပြီး.... "မင်းကြောင့် ငါ့ကို လူတကာ ပြောင်လှောင်နေတဲ့အထဲက မင်းဆီကို အခုလို လာရတာ မလွယ်ဘူးကွ" လို့ ပြောလိုက်တယ်။

အီမာရာဟာ ကပ္ပတိန်ကိုကြည့်ရင်း ဒေါသဖြစ်လာတဲ့ လက္ခဏာ နဲ့ "ကျွန်မ ဘာများ လုပ်မိလို့လဲ၊ ရှင့်ကို တွေ့တွေ့ချင်း ကျွန်မက ခယယ မလုပ်မိလို့လား၊ ဒါမှမဟုတ် တစ်ခါတုန်းလေ ရှင့်ကို ကျွန်မ ဟိုဟာလိုချင်တယ်၊ ဒီဟာလိုချင်တယ်လို့ တောင်းဆိုမိတာများ ရှိခဲ့ လား၊ ပြောပါဦး၊ ရှင့်အတွက်ကြောင့်သာ ကျွန်မဘဝကို စွန့်လွှတ်ခဲ့ ရတာ၊ ရှင့်အတွက်ကြောင့်သာ မဟုတ်ရင် ကျွန်မရဲ့ ပထမယောကျ်ား သူ့ဌေးဆီမှာ အေးအေးဆေးဆေးနေရုံပေါ့၊ အခုလိုဘဝမျိုး ဘာ ရောက်စရာမရှိဘူး၊ ကျွန်မကို တခြားသူလို ပစ်ပြီးပြေးနိုင်တယ်၊ ဒါပေမယ့် ရှင်တစ်ယောက်ကတော့ ကျွန်မကို အပြစ်မတင်သင့်တာ အမှန်ပဲ" လို့ ပြောတော့ ကပ္ပတိန်က "မင်းကို အပြစ်တင်တာ မဟုတ်ပါဘူး။ ငါပြောချင်တာက ငါဟာ နောက်ကို မင့်ဆီလာခြင်း

www.burmeseclassic.com



မကြည့်နိုင်တော့ဘူး ဆိုတာပဲ၊ မင်းနဲ့ ပရပ်ရှားစစ်သားတွေ အကြောင်းကို တစ်မြို့လုံးက ပြောဆိုနေကြတာ သိပ်ကိုရှက်ဖို့ကောင်းတယ်''လို့ ပြောလိုက်တယ်။

ဒီစကားကို ကြားလိုက်တော့ အီရာမာဟာ အိပ်ရာထဲက ငေါက်ခနဲ ထထိုင်လိုက်တယ်။ ပြီးတော့.... ဒေါနဲ့ မောနဲ့ အီရာမာက ပြောတယ်။ ''ပရပ်ရှားစစ်သားတွေနဲ့ ကျွန်မအကြောင်းလား၊ ဒီစစ်သားတွေ ကျွန်မကို မတရားပြုကျင့်တဲ့အကြောင်း ပြောခဲ့ဖူးသားပဲ၊ သူတို့နဲ့ တတွဲတွဲလုပ်ခဲ့တာဟာ တခြားကြောင့်မဟုတ်ဘူး၊ သူတို့ကို ကျွန်မရောဂါ ပေးပြီး သတ်ချင်လို့ ကျွန်မ ကျန်းမာရေးတောင် မငဲ့ဘူး၊ အဲဒီတုန်းက ကျွန်မရောဂါကို ပျောက်အောင်ကုချင်တယ်ဆိုရင် ဖြစ်သားပဲ၊ မခက်ပါဘူး၊ ဒါပေမယ့် သူတို့ကို သတ်ချင်လို့....ရှင့်၊ အခု ကျွန်မသတ်ခဲ့တာ အများကြီး''

''ဒါပေမယ့် မင်းဘာပြောပြော ဒီရောဂါမျိုး ရတာကတော့ ရှက်စရာကြီး''လို့ ကပ္ပတိန်ကပြောတော့ အီရာမာက ပိုပြီး ဒေါသဖြစ်လာတယ်။ ''ဘာရှက်စရာကြီးရမလဲ၊ သူတို့ကို သတ်ရတာ ဘာရှက်စရာကြီးလဲ၊ ကျွန်မအိမ် လာတုန်းကတော့ ရှင် ဒီလိုမပြောပါလား။ အခုမှ ရှက်သတဲ့လား၊ ဒီမှာ....ရှင် အခုရထားတဲ့ ဘွဲ့တံဆိပ်ဆိုတာ ကျွန်မလိုထိုက် တန်လို့ ရတာမဟုတ်ဘူးရှင့်၊ ကျွန်မက ရှင့်ထက် ဂုဏ်ထူးဘွဲ့ ထူးနဲ့ထိုက် တန်တယ်၊ ပရပ်ရှားစစ်သားတွေကို ကျွန်မက ရှင့်ထက်ပိုပြီး သတ်နိုင်တယ်၊ ဒါကြောင့် ကျွန်မက ရှင့်ထက်ပိုပြီး ဘွဲ့ထူးဂုဏ်ထူးနဲ့ ထိုက်တန်တယ်''လို့ ပြောလိုက်တယ်။

(တတိယအကြိမ်)



အီရာမာရှေ့မှာ ရပ်နေတဲ့ ကပ္ပတိန်ဟာ ဒေါသတွေနဲ့ ဆတ်ဆတ်တုန်နေတယ်။ အီရာမာကို ''ဒီအကြောင်းတွေ မပြောနဲ့''လို့ ဟန့်တားပေမယ့် အီရာမာကတော့ မရပ်ဘူး၊ ဆက်ပြောတော့တာပဲ။

''ရှင်က ပရပ်ရှားစစ်သားတွေကို ဘယ်လောက်များ ချေမှုန်းနိုင်ခဲ့လို့လဲ၊ ပြောစမ်းပါဦး၊ ရှင်တို့ကသာ ပရပ်ရှားတွေကို မြို့ထဲ မဝင်နိုင်အောင် ဟန့်တားနိုင်ခဲ့ရင် ကျွန်မလဲ ဒီဘဝရောက်မှာ မဟုတ်ဘူး။ ဟုတ်တယ် မဟုတ်လား။ ရှင် ဘာပြောနိုင်သေးလဲ။ တကယ်တော့ ကျွန်မကသာ ရန်သူတွေကို ချေမှုန်းခဲ့တာ ရှင့်ထက်ပိုပြီး ချေမှုန်းနိုင်ခဲ့တယ်။ ဒီလို ချေမှုန်းခဲ့လို့ ကျွန်မလည်း ရောဂါရပြီး အခု သေရတော့မယ်။ ရှင်က တော့ ပျော်လို့ မော်လို့ မိန်းမတွေနဲ့ တွဲဖို့သာ မျှော်လင့်နေတာ....''

အီရာမာ စကားသံကြောင့် တခြားလူနာတွေက ခေါင်းထောင်ထပြီး ကပ္ပတိန်ကို ဝိုင်းကြည့်ကြတယ်။ ကပ္ပတိန်က အီရာမာကို ဟန့်တားပေမယ့် အီရာမာက မနေဘူး။ အော် အော်ပြီး ပြောလိုက်ပြန်တယ်။

''ကျွန်မ ရှင့်အကြောင်းသိပါပြီရှင့်။ ခုနေအခါ ရှင်က အာဇာနည်ကြီး ဆိုပြီး ဝင့်ဝါနိုင်ပြီ.... ပေါ့။ ဒါပေမဲ့ ရှင့်ကို ကျွန်မ ပြောလိုက်ပါမယ်။ ရန်သူတွေကို ကျွန်မ ချေမှုန်းခဲ့တာ၊ ရန်သူတွေကို ကျွန်မ သတ်ခဲ့တာတွေဟာ ရှင်တို့ စစ်တပ် တစ်တပ်လုံးက သတ်တာထက် ပိုပြီးများတယ်၊ ကျွန်မက ပိုပြီး သတ်နိုင်တယ်ရှင့်၊ ကဲ.... ဘာပြောချင်သေးလဲ၊ အလကား သတ္တိမရှိဘဲနဲ့....''

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



ဒီစကားတွေကို ကြားတော့ ကပ္ပတိန်ဟာ ချာခနဲ လှည့်ထွက်သွားတယ်။ တကယ်တော့ ဒီလို လုပ်ခြင်းဟာ ထွက်ပြေးခြင်းပါပဲ။ ကပ္ပတိန်ဟာ လူနာ ခုတင်တွေကြားက ခြေလှမ်းကျဲကြီးနဲ့ ထွက်သွားတယ်။ ဒါပေမဲ့ ....“ကျွန်မက ရန်သူတွေကို ရှင့်ထက်ပိုပြီး သတ်နိုင်တယ်” ဆိုတဲ့ အီရာမာရဲ့ အသက်ငင်နေသလို အသံက သူ့နောက်ကို လိုက်နေ သလိုပဲတဲ့။

ကပ္ပတိန်ဟာ အီရာမာရှိရာ ဆေးရုံကို ဘယ်တော့မှ ခြေဦး လှည့်တော့မှာ မဟုတ်ပါဘူး။

နောက်နေ့မှာ အီရာမာ ကွယ်လွန်သွားပါတယ်။

ကပ္ပတိန်အေပီဗွန်နဲ့ အီရာမာရဲ့ အဖြစ်အပျက်ကို မောပါးဆွန်းဖွဲ့ဆိုထားတာဟာ မြတ်နိုးဖွယ်ကောင်းလှပါတယ်။ ဒီမှာတော့ စကားအဖြစ် ပြောနေရတော့ နားထောင်ရတာ အရသာသိပ်ရှိနိုင်မှာ မဟုတ်ပါဘူး။ ဖတ်ကြည့်ဖို့ ကောင်းပါတယ်။

အေပီဗွန်နဲ့ အီရာမာတို့ရဲ့ အဖြစ်အပျက်ကို ကြည့်မယ်ဆိုရင် အီရာမာ အလှချမ်းသာတုန်း၊ ချစ်ဖွယ်ကောင်းတုန်းကတော့ ကပ္ပတိန်ဟာ အီရာမာအတွက် တကယ့်ဘဝအဖော်မွန်၊ သစ္စာရှင်၊ မိတ်ဆွေကောင်းကြီးလို ဖြစ်ခဲ့တာပဲ။ ဒါပေမဲ့ အလှလည်းပျက်ရော ဟိုတုန်းက အစွမ်းကုန် အီရာမာအပေါ် ချစ်ခဲ့တဲ့စိတ်တွေ၊ ကွဲကွာနေတုန်းက လွမ်းဆွတ်တမ်းတတာတွေ၊ တွေ့လိုက်ချင် မြင်လိုက်ချင်တဲ့ အာသာဆန္ဒတွေ၊ ကြင်နာသနားတာတွေဟာ ကပ္ပတိန်စိတ်ထဲက ချက်ချင်းလျှောကျ ပျောက်ပျက်သွားကြတယ်။

(တတိယအကြိမ်)



အလှတရား ကုန်ဆုံးခြင်းနှင့် ထပ်တူပဲ သစ္စာမေတ္တာဟူသမျှဟာလဲ ပျောက်ပျက်ကုန်တော့တာပဲ။ အလှရှိတုန်းက သိပ်ချစ်ခဲ့တာ သိပ်သစ္စာရှိခဲ့တာ၊ ကိုယ့်ချစ်သူအတွက် အရေးကြုံရင် အသက်ပါစွန့်လိုက်မယ်ဆိုတာတွေဟာ အလှဆင်းရဲသွားခြင်းနဲ့ အတူ ချုပ်ပျောက်တာ မြန်လွန်းလှပါတယ်။ သိပ်ကို ချစ်မြတ်နိုးတဲ့ အဖြစ်မှ သိပ်ကို ရွံရှာ စက်ဆုပ်တဲ့ အဖြစ်ကို ချက်ချင်းရောက်သွားတယ်။

တစ်ဖက်သော ရှုထောင့်က ကြည့်မယ်ဆိုရင် အီရာမာဟာ ရန်သူတွေကို ချေမှုန်းရင်း သူ့ဘဝကို စွန့်ခဲ့တဲ့ ကိုယ်ကျိုးမကြည့်ခဲ့တဲ့ တကယ့်သူရဲကောင်းမလေးပဲ။ ဒါပေမဲ့ အလှမရှိတော့လို့ သူရဲကောင်းအဖြစ် မြတ်နိုးရကောင်းမှန်းတောင် မသိတော့ဘူး၊ အလှချမ်းသာ ပြည့်စုံနေတဲ့ အချိန်တွေမှာ ကိုယ့်အနီးဝန်းကျင်က မိတ်ဆွေအပေါင်းအသင်း ချစ်သူခင်သူတွေဟာ ဘယ်လောက်ပဲ ကိုယ့်အကြိုက်လိုက်ပြီး ဘယ်လောက်ပဲ ကိုယ့်အကြိုက်ကို အမြတ်တနိုးဆောင်နေနေ သူတို့ကို တကယ့် မိတ်ဆွေကောင်း၊ အဖော်ကောင်း၊ ချစ်သူကောင်းရယ်လို့ မယူဆနိုင်သေးဘူး။

အီရာမာလို ဘဝတစ်ကွေ့ကွေ့ ဘဝခရီးတစ်နေရာရာမှာ ဒုက္ခနဲ့ကြုံလိုက်ရတဲ့အခါ အလှဆင်းရဲသွားတဲ့အခါကျတော့မှ ကိုယ့်အနီး ဝန်းကျင်မှာ ပေါင်းသင်းဆက်ဆံရသူကို တကယ် သစ္စာရှိတဲ့ အဖော်ကောင်းဟုတ် မဟုတ်၊ ချစ်သူကောင်း ဟုတ် မဟုတ် သိနိုင်တာပဲ။ အလှဆင်းရဲသွားတဲ့အခါ ရောက်တော့မှ တစ်ဖက်လူဟာ ကိုယ့်ကို အလှချမ်းသာချိန်တုန်းက တကယ့်မေတ္တာ အကြင်နာနဲ့ ချစ်မြတ်နိုးခြင်းပဲလား။ ဒါမှ

(တတိယအကြိမ်)

www.burmeseclassic.com



မဟုတ် အပေါ်ယံအရေပြားအလှကို တဏှာရာဂနဲ့ တပ်မက်ပြီး တရှိုက်မက်မက် မူးမူးယစ်ယစ် ချစ်နေခဲ့ခြင်းပဲလားဆိုတာကိုလဲ ခွဲခြားသိနိုင်တော့တာပဲ။

ထိုနည်းတူ ကိုယ်က ပစ္စည်းဥစ္စာ ဆင်းရဲသွားတဲ့အခါ၊ ရာထူးဌာနန္တရ ဆင်းရဲသွားတဲ့အခါ၊ ကျော်စောမှုတွေ မရှိတော့တဲ့အခါမှာ ကိုယ့်အနီးဝန်းကျင်မှာ ပေါင်းသင်းဆက်ဆံနေရသူတွေဟာ မိတ်ကောင်း ဆွေကောင်း အဖော်ကောင်း ဟုတ်မဟုတ် သိရတော့တာပါပဲ။



အခန်း [ ၃ ]

## လှည့်စားသည်ကို လှည့်စားသည်ဟု သိ၍ လှည့်စားခြင်းမှ လွန်မြောက်ခြင်း

မိမိက ပစ္စည်းဥစ္စာ ရာထူးဌာနန္တရ စသည်တို့နှင့် ချမ်းသာအောင်မြင်နေတဲ့အခါမှာလဲ ကိုယ့်ဝန်းကျင်က လူတွေဟာ တကယ့်အဖော်ကောင်း၊ မိတ်ဆွေကောင်းတွေလိုလို မိမိအကြိုက်ကိုလိုက်ပြီး ဆောင်တတ်တယ်။ မိမိအကြိုက်ကို လိုက်ပြီး ပြုတယ်၊ ပြောတယ်၊ ချီးမွမ်းစကားဆိုတယ်။

လူသတ္တဝါဟာ ကဲ့ရဲ့ခံရခြင်းဆိုတဲ့ လောကဓံကို ခံနိုင်ရည် မရှိသလိုဘဲ၊ ချီးမွမ်းခြင်းဆိုတဲ့ လောကဓံကိုလဲ ခံနိုင်ရည်မရှိပါဘူး။

တစ်ဖက်လူက မိမိကို ချီးမွမ်းလိုက်ရင် တစ်ခါတည်း ပီတိတွေဖြာပြီး သဘောကျ ကျေနပ်သွားတော့တာပဲ။ ချီးမွမ်းတယ်ဆိုတာ မိမိကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သူက အမှန်တကယ် သဘောကျ ကျေနပ်မှုနဲ့ ချီးမွမ်းတာမျိုး ဖြစ်ခဲ့ပါတယ်။ လူ့လောကမှာ အများအားဖြင့်တော့ စေတနာ အလွဲအမှားနဲ့ တစ်ဖက်သားကို မြှောက်ပင့်တာတွေပဲ များပါတယ်။ ချီးမွမ်းခံရခြင်းဆိုတဲ့လောကဓံကို မခံနိုင်တဲ့လူဟာ ကိုယ့်အကြိုက်လိုက်ပြီး မြှောက်ပင့်ပြောဆိုနေသူကို "ငါ့ အကျိုးကို တကယ်လိုလားတဲ့ မိတ်ကောင်း ဆွေကောင်းပဲ"လို့ အထင်မှားသွားတတ်တယ်။

လူဟာ အသိဉာဏ်ရှိတဲ့ သတ္တဝါဆိုတော့ အမျိုးမျိုး မြှောက်ပင့်တတ်တယ်။ တစ်ဖက်သူ အကြိုက်လုပ်ပြီး ချီးမွမ်းစကားတွေ အမျိုးမျိုး ဆိုတတ်တယ်။ တစ်ဖက်သားအကြိုက်လိုက်ပြီး 'အလိုကျ' 'အကြိုက်ဆောင်' စကားတွေကလည်း ပညာသားပါပါနဲ့ သေသေသပ်သပ် ပိပိရိရိ ပြောတတ်တယ်။ ဒါပေမဲ့ သူ့ပါးစပ်ကပြောလိုက်တဲ့ စကားတွေနဲ့ သူ့ စိတ်ထဲမှာရှိတဲ့ စိတ်ထားတွေဟာ တလွဲစီ၊ တခြားစီချည်း ဖြစ်နေတတ်တယ်။

ဇာတက တစ်နေရာမှာ လူတွေထဲက ပြန်ရောက်လာတဲ့ ဟင်္သာငှက် တစ်ကောင်က သူ့အတွေ့အကြုံတွေကို သူ့အပေါင်းအသင်းတွေကို ပြန်ပြောပြထားတာ တစ်ခုရှိတယ်။

"အဆွေတို့ ပရိယာယ်ကင်းတဲ့ တောခွေးနဲ့ ငှက်တွေရဲ့ မြည်သံကို သိလွယ်တယ်။ ဒါပေမယ့် ပရိယာယ် မာယာတွေ ပါနေတဲ့ လူတွေရဲ့ စကားကိုတော့ သိနိုင်ခဲပါတယ်"…. တဲ့။

(တတိယအကြိမ်)



ဟုတ်တယ်။ လူ့စကားတွေကို သိနိုင်ခဲတယ်။ တကယ်စေတနာ မရှိပါဘဲလျက် လူဟာ တကယ့်စေတနာရှိတဲ့ အနေနဲ့ ပြောတတ်တယ်။ တစ်ဖက်လူကို "ကျေးဇူးတင်ပါတယ်"လို့ ပါးစပ်ကတော့ ပြောတယ်၊ စိတ်ထဲကတော့ "ဒီလောက်ကလေး ကူညီရတာများ မဖြစ်လောက်ပါဘူး"လို့ ထင်နေတယ်။ "တစ်လုပ်စားဖူး သူ့ကျေးဇူးကို သိရမယ်"လို့ သူက သူများကို ပြောတတ်ပေမယ့် သူ့အလှည့်ကျတော့ တစ်ပါးသူရဲ့ကျေးဇူး ကို လွယ်လွယ်ကလေးနဲ့ မေ့သွားတတ်တယ်။ "လိုက်လှဲ့စွာ ဖိတ်ခေါ်ပါတယ်"လို့ ပြောပေမယ့် စိတ်ထဲကတော့ တစ်ဖက်လူကို မိမိထံ မလာစေချင်ဘူး ဖြစ်နေတယ်။ ပါးစပ်က "ဘက်လိုက်တာ မကောင်းဘူး၊ ဘက်မလိုက်သင့်ဘူး"ပြောပေမယ့် ပြောသူကိုယ်တိုင်ကတော့ ဘက်လိုက်တယ်။

တစ်ဖက်လူက မိမိထက် ရာထူးအာဏာ ဂုဏ်သိက္ခာတွေ ကျော်စောမှုတွေနဲ့ အဆင့်အတန်း မြင့်မားသွားတဲ့အခါ ဒီလိုအဆင့်တန်း မြင့်သွားတဲ့အတွက် "ဝမ်းသာလှပါတယ်"လို့ ပြောပေမယ့် စိတ်ထဲကတော့ ဝမ်းမသာဘူး။ ဝမ်းမသာတဲ့အပြင် မနာလို မရှုဆိတ်တောင် ဖြစ်နေတတ်တယ်။ အဲဒီအဆင့်အတန်းကနေ တစ်ဖက်လူ ပြုတ်ကျ၊ လျှောကျသွားစေချင်တဲ့ စိတ်တောင် ဖြစ်တတ်တယ်။

လူ့စကားကို အမှန်အတိုင်းနားလည်ဖို့ ခက်တယ်။ ပါးစပ်ကတော့ တစ်ဖက်သားအကျိုးကို လိုလားသယောင်နဲ့ ပြောတယ်။ စိတ်ထဲကတော့ ပျက်စီးစေချင်တယ်။ ပါးစပ်က မိမိကိုယ်မိမိ နှိမ့်ချတဲ့စကားမျိုး ပြောတယ်။ စိတ်ထဲကတော့ မာနအပြည့်နဲ့

(တတိယအကြိမ်)

www.burmeseclassic.com



ဖြစ်နေတယ်။ "လေးစားပါတယ်"လို့ ပြောပေမယ့် စိတ်ထဲကတော့ မလေးစားဘူး၊ အထင်သေးနေ တယ်။ အမြင်လဲ ကတ်နေတယ်၊ တစ်ဖက်လူကို "တော်ပါပေတယ်"လို့ ပါးစပ်က ချီးမွမ်းပေမယ့် စိတ်ထဲကတော့ "သိပ်လဲ မဟုတ်လှပါဘူး"လို့ ထင်တယ်။"အလကား သူပါ"လို့တောင် ထင်နေတယ်။ "ငါ့လိုပဲ ရစေချင်တယ်၊ အောင်မြင် စေချင်တယ်"လို့ ပြောပေမယ့် မိမိနောက်မှာ တစ်ဖက်လူ မအောင်မြင် ဘဲ အဝေးကြီးမှာ လိုက်မမီနိုင်လောက်အောင် ကျန်နေ ခဲ့စေချင်တယ်။

လူတွေဟာ စိတ်ထဲမှာ ရှိနေတဲ့အတိုင်း ပါးစပ်ကလဲ ပြောဆို ဆက်ဆံကြမယ်ဆိုရင် ဒေါသတွေဖြစ်ပြီး တစ်ယောက်နဲ့ တစ်ယောက် သတ်ဖြတ်ကုန်ကြမှာပဲ။ သတ်ဖြတ်လို့ကို ဆုံးမှာ မဟုတ်တော့ဘူး။ ဒါကို ကာတွန်းအနုပညာရှင်ကြီး ဦးဘကျော်းက ပြောဖူးတယ်။ "လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် ပွင့်ပွင့်လင်းလင်းသာ ပြောဆို ဆက်ဆံနေ ကြရင် တစ်ယောက်နဲ့ တစ်ယောက် သတ်ဖြတ်ကြလို့ မသာချရတာနဲ့ပဲ အချိန်ကုန်မှာပဲ"တဲ့။

စကားတွင် မကဘူး၊ လူ့အမူအရာတွေကလဲ နားလည်ရ ခက်တာပါပဲ။

ရှေ့တွင်မှာတော့ တစ်ဖက်လူကို အင်မတန် အကျိုးလိုလားတဲ့ ဟန်ပန်တွေနဲ့ ပြုမူတယ်။ ဒါပေမယ့် နောက်ကွယ်မှာတော့ အဆင်းမှာ အီးတပ်ပြီး တွန်းချလိုက်တာလို တစ်ဖက်လူ ဒုက္ခလှလှကြီး ရောက်သွား အောင် ရက်စက်ယုတ်မာတဲ့ အပြုအမူကို ပြုတတ်တယ်။ မျက်နှာက

(တတိယအကြိမ်)



ပြုံးနေပေမယ့် တစ်ဖက်လူကို တကယ်သဘောကျ ကျေနပ်လို့ ပြုံးတာ ဟုတ်ချင်မှ ဟုတ်မယ်။ ပြုံးတာဟာ ကျေနပ်ကြည်နူး ဝမ်းသာလို့ ပြုံးတာပဲထား၊ သူ့ရဲ့ကျေနပ်ကြည်နူးဝမ်းသာမှုဟာ ကောင်းတဲ့ ကျေနပ် ကြည်နူး ဝမ်းသာမှု ဟုတ်ချင်မှ ဟုတ်မယ်။ ဆော့ခရတ္တီက ပြောဖူးတယ်၊ "အရသာအရှိဆုံး အပြုံးဆိုတာ ကိုယ်မုန်းတီးတဲ့သူ ဒုက္ခရောက်သွားတဲ့ အခါ ပြုံးရတဲ့ အပြုံးမျိုး ဖြစ်တယ်"တဲ့။ ဒီတော့ ပြုံးတိုင်းကောင်းတဲ့ အပြုံးလို့ မဆိုနိုင်ဘူး။ ကိုယ့်ဆီက တစ်ခုခုကို လိုချင်ရင်လဲ ပြုံးပြုံး ပြုံးပြုံးနဲ့ မျက်နှာပေးက ချိုလို့၊ နေ့စဉ် ဘဝမှာ ဟန်ဆောင်ပြီး ပြုံးတဲ့ အပြုံးပေါင်း မြောက်မြားစွာ တွေ့ရမယ်။

လူဟာ အသိဉာဏ်ရှိတဲ့ သတ္တဝါဆိုတော့ ပညာသားပါပါနဲ့ ဟန်ဆောင်နိုင်စွမ်းတယ်။ လူကောင်း သူကောင်း၊ မိတ်ကောင်း ဆွေကောင်း မဟုတ်ပေမယ့် တကယ့်လူကောင်း သူကောင်း မိတ်ကောင်း ဆွေကောင်းအဖြစ် ပီပီရိရိနဲ့ ဟန်လုပ်တတ်တယ် ပညာမရှိပေမယ့် ပညာရှိလိုလဲ လုပ်တတ်တယ်။ ဒါကို ဂေါတမဗုဒ္ဓက သတိပေးထားတာ ရှိတယ်။

"အဆင်းသဏ္ဌာန်ဖြင့် လူကို သိလွယ်သည်မဟုတ်၊
အခိုက်အတန့်မြင်ကာမျှဖြင့် အကျွမ်းမဝင်ရာ၊ အချည်းနှီး
သော....ကိုယ်နှုတ်နှလုံး မစောင့်စည်းသော သူတို့သည်
ကိုယ်နှုတ်နှလုံး စောင့်စည်းသူ၏ ဟန်ပန်အမူအရာ အဆောင်
အယောင်တို့နှင့် လှည့်လည်တတ်ကုန်၏ ...."

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



"ကြေးပဲဝက်မျှ ထိုက်တန်သည့် ရွှေရည်စိမ်နားတောင်းကို ရွှေအစစ်နားတောင်းကဲ့သို့ဝတ်ဆင်လျက် လှည့်လည်ကုန်သကဲ့သို့ စိတ်အတွင်း၌ စိတ်ယုတ် စိတ်ညစ်တို့နှင့် မစင်ကြယ်သူတို့သည် အမှန်တကယ် စိတ်နှလုံးစင်ကြယ်သောသူတော်ကောင်းကဲ့သို့ ဟန်ဆောင်လျက် လောက၌ လှည့်လည်ကြကုန်၏"

လူဟာ အခြားသတ္တဝါတွေထက် အသိဉာဏ်၊ ဆင်ခြင်ဉာဏ်ရှိတဲ့သူဆိုတော့ အသိဉာဏ် ဆင်ခြင်ဉာဏ်တွေ၊ အသိဗဟုသုတတွေ များလာလေ သူ့ဟန်ပန် အမူအရာ အပြောအဆိုတွေက တကယ့် သူတော်ကောင်း မိတ်ဆွေကောင်းလို့ ထင်မှတ်ရလောက်အောင် ဟန်ဆောင်ကောင်းလာလေပဲ။

အင်္ဂလိပ် ပြဇာတ်ဆရာကြီး ဘားနဒ်ရှောက "လူဟာ အသက်လေးဆယ်ကျော်ရင် လူယုတ်မာဖြစ်ပြီ"လို့ ပြောင်လှောင်ဖူးတယ်။ တချို့ပုဂ္ဂိုလ်တွေက "လေးဆယ်ကျော်မှ နေပျော်စ ဖြစ်တယ်"လို့ ပြောဘယ်။ "လေးဆယ်ကျော်မှ ဘဝ စတယ်"၊ "အသက်လေးဆယ်ရောက်မှ အသိဉာဏ်၊ ဆင်ခြင်ဉာဏ်တွေ ရင့်ကျက်ပြီး နိူင်းနိူင်းချိန်ချိန်နဲ့ လူ့ဘဝကို ကောင်းကောင်းမွန်မွန်နေတတ်လာတယ်"စသည်ဖြင့် ပြောကြဆိုကြဘာတွေကို ဘားနဒ်ရှောက အမြင်ကတ်ကတ်နဲ့ ပြောင်လှောင်လိုက်တာနဲ့ တူပါတယ်။

လူဟာ အသက်ကြီးလာလေ အသိဉာဏ်၊ ဆင်ခြင်ဉာဏ်တွေက ရင့်ကျက် ပြည့်စုံလာလေ၊ ဒီအခါ.... ပိုပြီး ဟန်ကောင်းကောင်းနဲ့





လိမ်တတ် ညာတတ်လာလေ၊ အလိုလောဘတွေကလဲ ကြီးလာလေ၊ ဒီအလို လောဘတွေအတွက် ပိပိရိရိလိမ်ညာလှည့်ပတ်ပြီး ယူတတ်လာလေနဲ့ တဖြည်းဖြည်း လူဟာ ယုတ်မာကောက်ကျစ်မှုတွေ ပိုလာတဲ့အတွက် ဘားနဒ်ရှောက လေးဆယ်ကျော်ရင် လူယုတ်မာဖြစ်ပြီလို့ သရော်ပြောင်လှောင်လိုက်တာနဲ့ တူပါတယ်။

အသိဉာဏ် ဗဟုသုတတွေနဲ့ အပေါ်ယံ ဟန်ကောင်းပေမယ့် အတွင်းသန္တာန်မှာတော့ ယုတ်မာတဲ့ သူမျိုးတွေကို လူကောင်း သူကောင်းအဖြစ် ထင်မှတ်မှားပြီး မပေါင်းမိစေဖို့အတွက် ဂျီးဇက်ခရိုက်က သတိပေးထားတာလည်း ရှိတယ်။ "အပြင်က သိုးအသွင်နဲ့ အတွင်းသန္တာန်မှာတော့ မြေခွေးစိတ်ထားရှိတဲ့ လူကြီးလူကောင်း ဆိုသူများကိုသတိကြပ်ကြပ်ထား"တဲ့။

စိတ်ဓာတ်ပျော့ပျောင်းတဲ့၊ သဘောကောင်းတဲ့ အားနာတတ်တဲ့ သူဟာ ဟန်ကောင်းတဲ့ လူကြီးလူကောင်းဆိုတာမျိုးနဲ့ တွေ့လိုက်ရင် ကျသွားတော့တာပဲ၊ အညာမိသွားတော့တာပဲ။

ဒီလို အတွေ့အကြုံမျိုးတွေ၊ အညာခံလိုက်ရတာမျိုးတွေကို ကြုံ တွေ့ဖန်များလို့ထင်ပါရဲ့။ ရှေးခေတ် တရုတ်တွေးခေါ် ပညာရှင်တစ်ဦး ဖြစ်တဲ့ ယန်ချူးဆိုတဲ့ ပုဂ္ဂိုလ်က "သူတစ်ပါးကို ဘာမှ မလိုက်လျောနဲ့" "မပေးနဲ့"တဲ့၊ "သူတစ်ပါးအတွက်ဆို ခြေသလုံးမွေး တစ်ပင်တောင် မပေးနဲ့"တဲ့။ အခြားပုဂ္ဂိုလ်တစ်ဦးကလဲ ဘယ့်နယ်အကြံပေးသလဲ ဆိုတော့ "ကိုယ့်ကိုယ်ကို အပြစ်မဲ့တဲ့ သိုးငယ်လို သဘောမထားနဲ့



www.burmeseclassic.com

www.burmeseclassic.com



သိုးငယ်လို သဘောထားနေရင် ဝံပုလွေတွေရဲ့ အစားမျိုး ခံသွားရမယ်၊ ဒီတော့ ဆတ်ဆတ်ထိမခံတဲ့ ကျားသစ်လိုနေ''တဲ့။ ကိုယ့်ကိုယ်ကို သူတော်ကောင်းလို လုပ်မနေနဲ့ လူညာတွေရဲ့ လှည့်စားသွားမှုကို ခံရလိမ့်မယ် ဆိုတဲ့ သဘောဖြစ်ပါလိမ့်မယ်။

တစ်ဖက်လူက မကောင်းတော့ ကိုယ်ကလဲ စိတ်ကောင်းတွေ ပျောက်ပြီး မကောင်းစိတ် မွေးမိ၊ ကိုယ့်မကောင်းစိတ်နဲ့ တခြားသူကို ဆက်ဆံတဲ့ အခါ တခြားလူတွေကလဲ မကောင်းစိတ်ပြန်မွေးနဲ့ ဆိုရင်တော့ လောကကြီးမှာ မကောင်းသူတွေ တိုးပွားလာမှာပဲ။

ချိုမြိန်တဲ့သရက်စေ့အတွင်း ရောက်သွားတဲ့ ရေ၊ လေ၊ မြေ ဩဇာ အစရှိတဲ့ ဓာတ်သဘာဝတွေဟာ ချိုမြိန်ဖို့ ဖြစ်စေတယ်။ ဒါပေမဲ့ ခါးတဲ့တမာစေ့အတွင်းရောက်သွားကြတဲ့ ရေ၊ လေ၊ မြေဩဇာစတဲ့ ဓာတ်သဘာဝတွေကတော့ ခါးဖို့ ဖြစ်ကုန်တယ်....တဲ့။

ဒီအတိုင်းပါပဲ။ စိတ်နှလုံးကောင်းမြတ်တဲ့၊ အကျင့်သီလကောင်း ရှိတဲ့ သူရဲ့ရင်တွင်း စိတ်အတွင်းကို ရောက်ရှိသွားကြတဲ့ ဗဟုသုတ အကြားအမြင် ပညာတွေ၊ အသိဉာဏ်၊ ဆင်ခြင်ဉာဏ်တွေဟာ မိမိရော အများအတွက်ပါကောင်းဖို့ အကျိုးရှိဖို့ဖြစ်စေနိုင်တယ်။ ဒါပေမယ့် စိတ်နှလုံးကောင်းမရှိသူ၊ အကျင့်သီလကောင်းမရှိသူရဲ့ ရင်တွင်း စိတ်တွင်းကို ရောက်သွားတဲ့ ပညာရပ်တွေ၊ ဗဟုသုတတွေ၊ အသိဉာဏ်၊ ဆင်ခြင်ဉာဏ်တွေကတော့ ကောက်ကျစ်ယုတ်မာဖို့ တစ်ဖက်သားကို





ကိုယ့်အတွက် အသုံးချဖို့အတွက် ဖြစ်ကုန်တာပဲ။ ကိုယ်ကိုယ်တိုင်လဲ ယုတ်မာသူအဖြစ်ရောက်အောင် အများသူတွေကိုလဲ အကျိုးမဲ့ဖြစ်အောင် ဖန်တီးဖို့ ဖြစ်ကုန်တာပဲ....တဲ့။

ဟုတ်တယ်။ စိတ်နှလုံးကောင်း မရှိတဲ့သူဟာ အသိဉာဏ်တွေ သိပ်ထက်မြက်၊ ဆင်ခြင်ဉာဏ်တွေ သိပ်ကောင်းပြီး ပညာတွေ သိပ်တတ်ပြီဆိုရင် (ဒီနေရာမှာ ပြောနေတဲ့ အသိဉာဏ်ပညာ ဆိုတာတွေဟာ လောကီဆိုင်ရာ ပညာတွေ၊ အသိဗဟုသုတတွေကို ဆိုလိုပါတယ်။) သူ တစ်ပါး လိုက်မမီနိုင်လောက်အောင် လူလည်ကျဖို့ အမြတ်ထုတ်ဖို့ဖြစ်ကုန်နိုင်တယ်။ ဟန်ကောင်းကောင်းနဲ့ မိတ်ကောင်းဆွေကောင်းယောင် ဆောင်ပြီး တစ်ပါးသူတွေကို လှည့်စားဖို့ ဖြစ်ကုန်တတ်တာပဲ။ ဒီနေရာမှာ ပုံပြင်ကလေး တစ်ခုကို အမှတ်ရပါတယ်။

တစ်ခါတုန်းက တောကြီးတစ်ခုမှာ ခွေးအ တစ်ကောင်ရှိတယ်။ ခွေးအ ဆိုပေမယ့် မအ,ပါဘူး။ အင်မတန်လည်တယ်၊ လှုပ်တယ်၊ လိမ္မာပါးနပ်တယ်။ ခွေးအဆိုတဲ့ သတ္တဝါမျိုးဟာ ကိုယ့်ခွန်ကိုယ့်အားကို အားကိုးပြီး ကိုယ့်အစာ ကိုယ်ရှာစားတဲ့ သတ္တဝါမျိုးမဟုတ်ဘူးလို့ ဆိုပါတယ်။ ခြင်္သေ့တို့ ကျားတို့ ဖမ်းပြီး စားလို့ ကျန်နေတဲ့ သားကောင်တို့ရဲ့ အသား အကြွင်းအကျန်ကို လိုက်လံရှာဖွေ စားသောက်တယ်....တဲ့။

ဆိုခဲ့တဲ့ ခွေးအဟာ တစ်နေ့တော့ တောလည်ရင်းနဲ့ ဆင်ဆေးကြီးတစ်ကောင်ကို သွားတွေ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခွေးအဟာ အားရဝမ်းသာနဲ့ ဆင်သား စားလိုက်မယ်ဆိုပြီး ဆင်သေကြီးကို အလောတကြီးနဲ့ ကိုက်လိုက်တယ်။ ဒါပေမဲ့ ဆင်အရေခွံဟာ သိပ်မာတော့ သွားတွေ ကျိုးမတတ်ဖြစ်သွားတယ်။ ကြိုးစားပမ်းစား ဆင်ရေကို ကိုက်ဖွဲ့ပြီး အသားကိုရအောင် ဖောက်တယ်။ ဒါပေမဲ့ ဆင်ရေခွံက ထူလွန်းမာလွန်းတော့ အသားကို မရောက်နိုင်ဘူးဖြစ်နေတယ်။ ဒါနဲ့ ခွေးအဟာ "ငါတော့ ဆင်သားစားရတော့မှာမဟုတ်ဘူး"လို့ တွေးပြီး ဆင်သေကြီးဘေးမှာ စိတ်ပျက်လက်ပျက်နဲ့ထိုင်နေတယ်။

အဲဒီလို ထိုင်နေတုန်း ခြင်္သေ့ကြီးတစ်ကောင် တောထဲက ထွက်လာတာကို မြင်လိုက်တယ်။ ဒီအခါမှာ ခွေးအက "ခြင်္သေ့ကြီး ဆင်သားကို စားရင် ငါလဲ အကြွင်းအကျန်တော့ စားရမှာပဲ"လို့ တွေးပြီး ခြင်္သေ့ကြီးကို အလွန် ရိုသေလေးစားတဲ့ဟန်နဲ့....

"အို.... သားတို့သနင်း အရှင်ခြင်္သေ့မင်းကြီး၊ အရှင်ခြင်္သေ့မင်းကြီး ပွဲတော်တည် သုံးဆောင်ရအောင် ဤဆင်သေကြီးကို ကျွန်တော်မျိုး စောင့်ရှောက်လျက် ရှိပါတယ်။ စိတ်နှလုံးတော်ရှင်ပြုံးစွာနဲ့ ပွဲတော် တည်တော်မူပါ"လို့ ရှိခိုးပြီး ဖိတ်ခေါ် လိုက်တယ်။

အင်မတန်လည်တဲ့ ခွေးအဆိုတော့ ဘယ်သူ့ကိုဘယ်လို လေးစားမှု ပြုရမယ်၊ ဘယ်လိုခယ ရိုကျိုးမှုပြုရမယ်ဆိုတာသိတယ်။ ခြင်္သေ့လိုသတ္တဝါမျိုးကို လက်ရုံးရည်အားနဲ့ မပြိုင်နိုင်ဘူးဆိုတာ သူနားလည်တယ်။ ဒါကိုသိလို့ ခြင်္သေ့ကြီးကို လေးစားကြည်ညိုမှုတွေ အစွမ်းကုန်ပြပြီး မြှောက်ပင့်မှုအပြည့်နဲ့ ဖိတ်ခေါ် လိုက်တာပဲ။ ရိုသေလေးစားတာ





တွေ မြှောက်ပင့်တာတွေကို ခြင်္သေ့ကြီးကလဲ ကျေနပ်ပြီး "အမောင်ခွေးအ၊ ငါတို့ ခြင်္သေ့ မည်သည်မှာ တစ်ပါးသူသတ်ထားတဲ့ သားကောင်ကို စားရိုး ထုံးစံမရှိဘူး၊ သည်တော့ ဆင်သေကြီးကို မောင့်သဘောကျစား သုံးဖို့ ကျွန်ုပ်ပေးပါတယ်"လို့ ပြောပြီး ထွက်ခွာသွားတယ်။

ခြင်္သေ့ကြီး ထွက်ခွာသွားလို့ မကြာခင်မှာဘဲ ကျားကြီး တစ်ကောင် သူ့ဆီ လျှောက်လာတာကို ခွေးအ မြင်ရတယ်။

ခွေးအက စဉ်းစားတယ်။ "ဟို ခြင်္သေ့ကြီးကိုတော့ ရိုသေလေးစားဟန်လုပ်ပြီး လှည့်ပတ် လွှတ်လိုက်လို့ ထွက်သွားပြီ။ ဒီကျားကိုကော ငါဘယ်လိုလုပ်ပြီး ထွက်သွားအောင် ကြံဆောင်ရပါ့မလဲ။ ကျားဆိုတဲ့ အကောင်ဟာ သတ္တိကောင်းတယ်၊ ကြောက်စရာကောင်းတယ်။ ဒါပေမယ့် "လာဘ်ပေးခြင်း၊ မြှောက်ပင့်ခြင်းနဲ့ မရနိုင်ဘူးဆိုရင် ပရိယာယ်ဆင်ပြီး အောင်မြင်အောင် လုပ်ရတယ်"ဆိုတဲ့ အဆိုစကား ရှိတယ်။ သတ္တဝါတွေကို ပရိယာယ်သုံးပြီးသိမ်းသွင်းရင် ကိုယ့်ရဲ့ ကျွန်ဘဝကိုတောင် သူတို့ရောက်လာနိုင်တာပဲ။ ဒီကျားကိုလဲ ငါ ပရိယာယ်သုံးရမှာပဲ"လို့ တွေးပြီးတော့ ခွေးအဟာ မျက်နှာငယ်ကလေးနဲ့ စိုးရိမ်ထိတ်လန့်တဲ့ အမူအရာနဲ့ ကျားကို....

"သတ္တိသခင် အရှင်ရွှေကျား.... ဒီလောက် အန္တရာယ်များတဲ့ ဒီနေရာကို အသင် ဘာကြောင့်များ လာရသလဲ။ ဒီဆင်သေကြီးဟာ ခြင်္သေ့ကြီးတစ်ကောင်ကိုက်သတ်ပြီး ကျွန်တော့်ကို အစောင့်ချထားခဲ့တာပါ။ သွားခါနီး ခြင်္သေ့ကြီးက ကျွန်တော့်ကို "ဟဲ့.... ခွေးအ၊



www.burmeseclassic.com

www.burmeseclassic.com



မအ့သော ခွေးအ

(တတိယအကြိမ်)



ကျားများလာရင် ငါ့ဆီကို အမြန်သတင်းပို့ရမယ်၊ ဒီတောထဲမှာ ကျားမျိုးပြုတ်အောင် ငါကြိုးစားနေတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ခါတုန်းက ငါသတ်ထားတဲ့ဆင်သေကို ကျားတစ်ကောင် အလစ်ဝင်စားသွားလို့ ငါစားဖို့ အသားဆိုလို့ မကျန်တော့ဘူး။ အဲဒီတုန်းကတည်းက ကျားဆိုရင် အကုန်မျိုးဖြုတ်မယ်လို့ ဆုံးဖြတ်ထားတယ်''လို့ ပြောသွားပါတယ်လို့ ဆိုတော့ ကျားဟာ ထိတ်ထိတ်လန့်လန့် ဖြစ်သွားတယ်။ ဒါနဲ့ ခွေးအကို ကျားက....

"အမောင် ခွေးအ.... ငါ ဒီကိုရောက်လာတယ် ဆိုတာကို ခြင်္သေ့ကြီး မသိပါစေနဲ့၊ ငါ အခုပဲ သွားမှာပါ''လို့ ပြောပြီး ထွက်ခွာသွားတယ်။

ကျားထွက်သွားလို့ မကြာခင်မှာပဲ ကျားသစ်တစ်ကောင် လျှောက်လာတာကို ခွေးအ မြင်ရပြန်တယ်။

ဒီတစ်ခါမှာလဲ ခွေးအဟာ အကြံထုတ်ရပြန်တယ်၊ ခွေးအက စဉ်းစားတယ်။ "ကျားသစ်ဆိုတာ သွားအင်မတန်ထက်တဲ့ အကောင်မျိုး။ ဒီတော့ ဒီကျားသစ်ကို ဆင်ရေပေါက်အောင် ကိုက်ဖောက်ခိုင်းပြီး ဆင်သားကို ငါစားရအောင် လုပ်မှပဲ''လို့ စဉ်းစားပြီး ကျားသစ်ကို ဆီးကြို ပြောလိုက်တယ်။

"အမောင်.... ကျားသစ် မလာတာ ကြာပါပြီကော။ မျှော်နေတုန်း အမောင် ရောက်လာတာကို ဝမ်းသာလို့ မဆုံးပါဘူး။ ကျုပ်က အိမ်ရှင် ပီသစွာနဲ့ အမောင်ကို ဧည့်ခံပြုစုရမှာပေါ့။ ဟောဒီ ဆင်ကြီးကို

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



ခြင်္သေ့ကြီးတစ်ကောင်က သတ်ပြီး ကျုပ်ကို အပ်ထားခဲ့တယ်။ ဒီဆင်သားကို အမောင်စားကြည့်စမ်းပါ၊ ဒါပေမယ့် မြန်မြန်တော့ စားရမယ်နော်။ ခြင်္သေ့ကြီးပြန်မလာခင် စားဖို့လိုတယ်''လို့ ပြောတော့ ကျားသစ်က ''ဒီလိုဆို ကျွန်တော်မစားတော့ပါဘူး၊ ခြင်္သေ့ကြီးပိုင်တာကို စားမိရင် ဒုက္ခရောက်နေပါဦးမယ်''လို့ ပြောပြီး ထွက်ခွာသွားဖို့ လုပ်တယ်။ ဒီအခါမှာ ခွေးအ က ကျားသစ်ကို....

''အို.... ဒီလောက်လဲ ကြောက်မနေပါနဲ့။ ဆင်သားဆိုတာ စားရခဲလှပါတယ်။ အခုလို စားဖို့ကြုံနေတုန်း စားဖြစ်အောင် စားသွား၊ ခြင်္သေ့လာရင် ပြေးနိုင်အောင် ကျုပ် သတိပေးမှာပေါ့၊ ပြောမှာပေါ့''လို့ ပြောတယ်။

ခွေးအက အပြောကောင်းနေတော့ ဆင်သားစားချင်တဲ့စိတ်တွေ ပြင်းပြနေတဲ့ကျားသစ်ဟာ ဆင်ရေကို ထက်မြက်တဲ့ သွားသွားတွေနဲ့ ကိုက်ဖောက်တယ်။ ခဏတွင်းမှာပဲ ထူထဲတဲ့ ဆင်ရေဟာ ပေါက်သွားဘယ်။ ဆင်ရေအောက်မှာ စားချင်စဖွယ် ဆင်သားကို မြင်လဲ မြင်ရော ခွေးအဟာ ထိတ်လန့်တဲ့အသံနဲ့....

''မြန်မြန်လုပ်ဟေ့ .... ခြင်္သေ့ကြီးပြန်လာပြီ''လို့ အော်ဟစ်ပြီး ကျား သစ်ကို ခြောက်လှန့်လိုက်တယ်။

ကျားသစ်လဲ ကြောက်လန့်ပြီး တစ်ကြိုးတည်း ပြေးတော့ ဘာပဲ။

(တတိယအကြိမ်)



ကျားသစ်ပြေးတော့မှ ခွေးအဟာ သူ့အတွက် အဆင်သင့်ဖြစ်နေတဲ့ ဆင်သားကို မြိန်မြိန်ရှက်ရှက် စားပါလေရော။ ဒါပေမဲ့ အနှောင့်အယှက် တစ်ခု ပေါ် လာပြန်တယ်။ ဘာလဲဆိုတော့ သူစားနေတုန်းမှာ တခြားခွေးအတစ်ကောင် သူ့ဆီ ရောက်လာလို့ပါပဲ။

သည်လောက် လိမ္မာပါးနပ်တဲ့ ခွေးအဆိုတော့ ဘာလုပ်ရမယ်ဆိုတာ သိတယ်။ သူ့လို ခွေးအပဲ။ ခြင်္သေ့တို့ ကျားတို့မှ မဟုတ်ဘဲ။ ကိုယ်လို သတ္တဝါမျိုးဆိုတော့ ''ကိုယ်နဲ့တန်းတူသူကို တိုက်ဖျက်ချေမှုန်း ပစ်ရမယ်''ဆိုတဲ့ ခံယူချက်နဲ့ သူ့ဆီလာတဲ့ ခွေးအကို တစ်အားကုန်ပြေးပြီး ကိုက်လိုက်တယ်။ အငိုက်မိသွားသလို ဖြစ်သွားတော့ တစ်ဖက်ကအကောင်ဟာလည်း ပြေးရတော့တာပဲ။

အနှောင့်အယှက်တွေ ရှင်းသွားတော့မှ ခွေးအဟာ ဆင်သားကို မြိန်မြိန်ရှက်ရှက် အားရပါးရ စားနေပါရော....တဲ့။

ဒီပုံပြင်ကလေးဟာ ပဉ္စတန္တရသက္ကတ ပုံပြင်တစ်ခုပါပဲ။

အရှေ့တိုင်းသားတွေဟာ လူတွေအကြောင်း ပြောချင်ရင် တိရစ္ဆာန်ကလေးတွေကို နိမိတ်ပြပုံအဖြစ်ယူပြီး ပြောလေ့ရှိပါတယ်။ ဒီပုံပြင်ကလေးထဲက ခွေးအဟာ လူ့လောကမှာ ရှိတတ်တဲ့ အင်မတန်ပါးနပ်လိမ္မာစွာနဲ့ မိမိအကျိုးစီးပွားအတွက် တစ်ဖက်သူကို အသုံးချတတ်၊ လှည့်ပတ်တတ်၊ ချဉ်းကပ်တတ်တဲ့ လူလည်တွေကို ကိုယ်စားပြုထားတဲ့ ဇာတ်ကောင်တစ်ကောင်ပါပဲ။

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



လူလည်တွေဟာ မိမိတို့အတွက်· အခွင့်အရေး တစ်စုံတစ်ရာ အကျိုးတစ်စုံတစ်ရာကို လိုချင်ပြီဆိုရင် မိမိထက် ရာထူးအာဏာ ဂုဏ်သိက္ခာအရာ၊ ပစ္စည်းဥစ္စာအရာမှာ အဆင့်မြင့်တဲ့ သူတွေကို အမျိုးမျိုး ချဉ်းကပ်တတ်တယ်။ အရိုအသေ အလေးအစားကြိုက်သူကို ရိုသေလေးစားမှု၊ ကြည်ညိုမှုတွေကို ပြတတ်တယ်။ ခယယတွေ လုပ်တတ်တယ်။ တစ်ဖက်သားရဲ့ စိတ်နှလုံးကို ကျေနပ်စေနိုင်တဲ့ လက်ဆောင်ပစ္စည်းတွေကို ပေးတတ်တယ်။ တစ်ဖက်က လူကို မြှောက်မှန်းမသိလောက်အောင် ပညာသားပါပါနဲ့ မြှောက်ပင့်တတ်တယ်။ ကိုယ့်ထက်မြင့်မြတ်သူ ကိုယ့်အထက်က ပုဂ္ဂိုလ်ကို မြှောက်ပင့်စရာရှိသမျှ အကုန်မြှောက်ပင့်တယ်။ လူဆိုတာကလဲ မြှောက်ပေးရင် ကြိုက်တတ်တာပါပဲ။ "တယ်ဟုတ်တဲ့ ငါပါလား" ဆိုပြီး ကျေနပ်သွားတတ်သေးတယ်။

ဒီသဘောကို ပုံပြင်မှာ ကျေနပ်ကြည်နူးစွာနဲ့ ထွက်ခွာသွားတဲ့ ခြင်္သေ့ကြီးကို ပုံဆောင်ပြထားတယ်။ တစ်ခါတစ်ခါ လူ့စိတ်ထားတွေဟာ ဘယ်လောက် ရယ်စရာကောင်းသလဲဆိုရင် ကိုယ့်ကို တမင်မြှောက်နေမှန်း သိသိကြီးနဲ့ကို အဲဒီ မြှောက်နေတာကို နှစ်သက် သဘောကျနေတတ်တယ်။ ဒီလို နှစ်ခြိုက်သဘောကျတတ်တဲ့ သူဟာ မြှောက်မှန်းမသိအောင် ပညာသားပါပါနဲ့ မြှောက်တတ်တဲ့လူလည်မျိုးနဲ့ တွေ့လိုက်ရင် ကျသွားတတ်တာပဲ။ မြှောက်ပင့်လာသူကို ယုံကြည်မှုတွေပါ ဖြစ်လာပြီး အဲဒီမြှောက်ပင့်သူရဲ့ လိုလားချက်တွေကိုလဲ လိုက်လျှောတတ်တာပဲ။

ပုံပြင်ထဲက ကျားလို စိတ်ဓာတ်ရဲရင့်တဲ့၊ တည်ကြည်ခိုင်ခံ့တဲ့ သူမျိုးကိုတော့ ခပ်လွယ်လွယ်နဲ့ ကိုယ့်ဖက်ပါအောင် လုပ်လို့မလွယ်ဘူး။





ခယတာမျိုး၊ လာဘ်ပေးတာမျိုး၊ မြှောက်ပင့်တာမျိုးမျ
ပတ်လို့ မရတတ်ဘူး။ ဒါပေမယ့် သူတို့ဟာလဲ ပရိယာယ်ကြွယ်တဲ့ လူလည်မျိုးနဲ့တွေ့ရင် ကျသွားတတ်တာပါပဲ။ ဒါကြောင့် လူလည်တွေဟာ ကျားလို ပုဂ္ဂိုလ်မျိုးကိုတော့ ပရိယာယ် သုံးရမယ်ဆိုတာ နားလည်နေတတ်တယ်။

ပြီးတော့ ဆင်ရေကို ကိုယ်ဖောက်ပေးရသည်အထိ အသုံးခ ခံလိုက်ရတဲ့ ပုံပြင်ထဲက ကျားသစ်လိုပဲ တချို့လူတွေဟာ လူလည်တွေရဲ့ အသုံးချသွားမှု၊ ခုတုံးလုပ်သွားမှုကို ခံကြရတယ်။ စိတ်ကောင်း စိတ်မြတ် မရှိကြတဲ့ လူလည်တွေဟာ အသုံးချလို့ရမယ့်လူကို အသုံးချမှာပဲ။ ခုတုံးလုပ်မှာပါပဲ။ သူတို့အတွက်က "ပန်းတိုင်ရောက်ရေးသာ ပဓာန" ဒီပန်းတိုင်ရောက်ဖို့အတွက် သူတို့ အသုံးပြုတဲ့နည်းလမ်းကို ကောင်းမြတ်တယ်၊ မကောင်းမြတ်ဘူး၊ တရားတယ်၊ မတရားဘူးဆိုတာကို ကြည့်မှာ မဟုတ်ပါဘူး။ ဒီတော့ ပန်းတိုင်ကိုရောက်ဖို့ သူတို့ လိုချင်တာ ရဖို့ကို ဖြစ်နိုင်တဲ့ နည်းလမ်းနဲ့ လုပ်မှာပဲ။ ကိုယ်ရယူမယ်လို့ ရည်ရွယ်ထားတဲ့ အခွင့်အရေး အကျိုးအမြတ်တစ်ခုကို အခြားသူ တစ်ဦးကလဲ ရယူဖို့ ဝင်လာပြီ၊ ယှဉ်လာပြီဆိုရင် (ပုံပြင်ထဲက ဆင်သေဆီကိုလာတဲ့ သဏ္ဍာ ခမျာ တိုက်ထုတ်ခံလိုက်ရသလို)တိုက်ဖျက်ပစ်မှာပဲ၊ ဖြစ်နိုင်တဲ့နည်းန ဖယ်ရှားပစ်မှာပါပဲ။

လူ့လောကမှာ ဒီလို လူလည်မျိုးတွေရှိတယ်။ သူတို့တွေကို မိတ် ကောင်း ဆွေကောင်း၊ လူတော် လူကောင်းတွေလို့ ထင်မှတ်မှား



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသင်းဆက်ဆံမိလို့ ငိုရ ရှိုက်ရ နာကြည်းခဲ့ရသူတွေ၊ ပင်ပန်းဆင်းရဲဖြစ်ခဲ့ရသူတွေအများကြီးပါပဲ။ ဒီတော့ ဒီလို လူမျိုးတွေရဲ့ လှည့်ပတ် ဖြားယောင်း အသုံးချလာမှုကို မခံရဖို့ သတိကြီးစွာ ထားရမှာပါပဲ။ ဇာတက တစ်နေရာမှာ ဒီလို သတိပေးထားတာ ရှိတယ်။

"မကောင်းမှုကို ပြုသောသူ၌ အကျွမ်းမဝင်ရာ။မုသားဆိုလေ့ရှိသောသူ၌လည်း အကျွမ်းမဝင်ရာ။မိမိအကျိုးကိုသာ အလိုရှိ၍ ဆည်းကပ်လာသူ၌လည်း အကျွမ်းမဝင်ရာ။မိမိကိုယ်၌ ဂုဏ်မရှိဘဲလျက် ဂုဏ်ရှိသကဲ့သို့ပြုသော သူ၌လည်း အကျွမ်းမဝင်ရာ။

ရေငတ်သော နွားနှင့် တူကုန်သော အချို့သော ယောကျ်ားတို့သည် ရှိကုန်၏။ နှုတ်ဖြင့်သာလျှင် အဆွေခင်ပွန်းတို့ကဲ့သို့ ဆက်ဆံကုန်၏။ကိုယ်ဖြင့်ကား မစပ်ကုန်၊မဆက်ဆံကြကုန်။ထိုနှုတ်ဖြင့်သာလျှင် အဆွေခင်ပွန်း ဖွဲ့တတ်သော သူတို့၌လည်း အကျွမ်းမဝင်ရာ။

အကြင်သူတို့သည် အချည်းနှီးသော လက်အုပ်ကို ချီကုန်၍ နှုတ်ဖြင့်သာလျှင် ဤမည်သောဥစ္စာကို ပေးအံ့။ ဤမည်သောအမှုကို ပြုအံ့ဟု ဖုံးလွှမ်း၍ ဆိုအပ်ကုန်၏။ ထိုသူတို့ထံ၌လည်း အကျွမ်းမဝင်ရာ။.... ဟိရီ ဩတ္တပ္ပ တည်း ဟူသော အနှစ်သာရမှ ကင်းသော အဟိရိက အနောတ္တပ္ပတည်းဟူသော အကာသာရှိသောသူကိုလည်းမဆည်းကပ်ရာ။အကြင်





သူ၌ ပြုသော သူ့ကျေးဇူးကိုသိသော အဖြစ်သည် မရှိ။ထိုကျေးဇူးကို မသိသော သူ၌လည်း အကျွမ်းမဝင်ရာ။...

မုန်းလွယ် ချစ်လွယ်သောစိတ် ရှိကုန်သော မိန်းမတို့အားလည်းကောင်း၊ ယောကျ်ားတို့အားလည်းကောင်း အကျွမ်းမဝင်ရာ။အကြင်သူသည်လည်း အထူးထူးသောအကြောင်းဖြင့် ရောနှောသည်ကို ထင်စွာပြု၍ အန္တရာယ်ပြုတတ်၏။ ထိုသို့ အန္တရာယ်ပြုရအောင် ပေါင်းယှဉ်လာသောသူကိုလည်းအကျွမ်းမဝင်ရာ....။

သူတော်မဟုတ် သူယုတ်တို့၏ အမှုသို့ သက်ဝင်သော မြဲမြံခိုင်ခံ့သော စကားမရှိသော အဝတ်ပုဆိုးတို့ဖြင့် ဖုံးလွှမ်းအပ်သော ထက်စွာသော သန်လျက်နှင့် တူသော ခပ်သိမ်းသော သတ္တဝါတို့ကို ညှဉ်းဆဲတတ်သော ထိုသို့သဘောရှိသောသူကိုလည်း အကျွမ်းမဝင်ရာ....။

ဤလောက၌ အချို့သောသူတို့သည် စကားသာပြေပြစ်၍ စိတ်မပါသော အဆွေခင်ပွန်း သဘောဖြင့် အထူးထူး အပြားပြား များသောအကြောင်းတို့ဖြင့် အခွင့်ကိုသာ ရှာကုန်လျက် ကပ်ကုန်၏။ ထိုသို့ သဘောရှိသော အဆွေခင်ပွန်းယောင်ပြု၍ အခွင့်ကိုရှာတတ်သူကိုလည်း အကျွမ်းမဝင်ရာ....။

အကြင်သူသည် အကြင် အဆွေခင်ပွန်းအိမ်၌ ထမင်းခဲဘွယ်ကိုလည်းကောင်း၊ထိုမှတစ်ပါးသောဥစ္စာကိုလည်းကောင်း မြင်၏။ ထိုသို့သဘောရှိသော ပညာမဲ့သူသည် ထိုအဆွေခင်ပွန်း



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာကို ပြစ်မှား၏။ ထိုအဆွေခင်ပွန်းကိုလည်း ဖျက်ဆီး၍ သွားတတ်၏။ ထိုသို့ မြင်မြင်သမျှကို လိုချင်တတ်သော သူကိုလည်း အကျွမ်းမဝင်ရာ။"

ဆက်ပြီး ဒီလိုသတိပေးထားတာလဲ ရှိသေးတယ်....။

"စကားဖြင့် ဖုံးလွှမ်း၍ ပျူငှာတတ်ကုန်သော များစွာကုန်သော ရန်သူတို့သည် အဆွေခင်ပွန်း အတုဖြင့် မှီဝဲဆည်းကပ်လာကုန်အံ့၊ ယောကျ်ားယုတ်ဖြစ်ကုန်သော ထိုအဆွေခင်ပွန်းတုတို့ကို စွန့်ကုန်ရာ၏။

အကြင်သူသည် ဖြစ်လာလတ္တံ့သော အကျိုးကို လျင်စွာလျင် သိ၏။ ထိုဖြစ်လာလတ္တံ့သော အကျိုးကို သိသူသည် ရန်သူလက်မှ လွတ်၏။

တော၌ မုဆိုးထောင်အပ်သော စဉ်းလဲသော ကျော့ကွင်းကို သမင်သည် ကြဉ်ရှောင်သကဲ့သို့ ထိုမုဆိုး ထောင်အပ်သော ကျော့ကွင်းနှင့်တူသောတရားကို မကျင့်သော အမြဲလျှင် အကျိုးစီးပွားကို ဖျက်ဆီးတတ်သော ထိုသို့သော သူကို ပညာရှိသောသူသည် ဝေးစွာ ကြဉ်ဖဲရာ၏။"*

* ကုက္ကုဋဇာတ်–ဒွါသနိပါတ်–ဇာတက။



## အခန်း [ ၄ ]

### သေမရှိလျှင်....သော်

ဘဝခရီးမှာ စိတ်နှလုံးကောင်းမြတ်တဲ့၊ အကျင့်သီလကောင်းရှိတဲ့ မိတ်ဆွေကောင်း အဖော်ကောင်းမျိုး ရခဲ့ရင်တော့ အင်မတန် ဝမ်းသာရမှာပဲ။ ဒါပေမယ့် ဘဝခရီးမှာ မိတ်ကောင်းဆွေကောင်းကို တွေ့ကြုံရဖို့နေနေသာသာ အပေးအယူသဘောမျိုးနဲ့ ပေါင်းဖော်ရတဲ့ မိတ်ဆွေ မျိုးတောင် မရတဲ့အခါမျိုးတွေ ရှိတတ်ပါတယ်။ ဘယ်လိုအခါမျိုးလဲဆိုရင် ကိုယ့်မှာ ကျရှုံးမှု၊ ဆုံးရှုံးမှုတွေ၊ ဆင်းရဲနွမ်းပါးမှုတွေနဲ့ မအောင် မြင်တဲ့ အချိန်အခါမျိုးတွေပါပဲ။

မအောင်မြင်တဲ့အတွက် အပေါင်းအဖော်မရှိ,ဖြစ်၊ ဘယ်သူကမှ မပေါင်းဖော်ချင် အပေါင်းအဖော်မရှိတော့ အလုပ်အကိုင်တွေက



www.burmeseclassic.com

www.burmeseclassic.com



လေမရှိလျှင် ....လှော်

(တတိယအကြိမ်)



အဆင်မပြေ၊ ဟိုအရင်ကရှိခဲ့တဲ့ အပေါင်းအဖော်တွေကလဲ ကိုယ့်ကို အောင်မြင်သူ မဟုတ်တဲ့အတွက် မဆက်ဆံချင်ဆိုတဲ့ အဖြစ်မျိုးတွေလဲ ရှိတတ်တယ်။ ကိုယ်နဲ့ ကြာရှည် ပေါင်းဖော်ခဲ့တဲ့ ဇနီးမယားနဲ့ ချစ်ခင်မြတ်နိုးခဲ့သူတွေကတောင် ကိုယ့်ကို စွန့်ခွာသွားတာမျိုးတွေလဲ ရှိတတ်တာပါပဲ။ ဒီအခါမျိုးတွေမှာ တစ်ကိုယ်ထီးတည်း ကိုယ်ရှေ့ဆက်ရမယ့်ခရီးကို အားငယ်စွာနဲ့ လှမ်းမျှော်ကြည့်ရင်း တွေဝေနေမိမှာပဲ။ ဒါပေမယ့်....

"လေမရှိလျှင်....လှော်"

ဆိုတဲ့ ပိုးလစ်ဆိုရိုးတစ်ခု ရှိတယ်။

ရေကြောင်းသွားတဲ့အခါ လှေဟာ လေကို အားကိုးပြုပြီး ရွက်တိုက်သွားရတာမျိုးရှိတယ်။ ဒါပေမဲ့ တစ်ခါတစ်ခါမှာ ရွက်တိုက်လောက်အောင် လေမရှိတဲ့အခါမျိုးကို ကြုံရတတ်ပါတယ်။

လေမရှိတော့လဲ လှော်တက်ယူပြီး ကိုယ့်ခွန်ကိုယ့်အားနဲ့ လှော်ခတ်ရမှာပါပဲ။ ကိုယ့်ကိုယ်ကိုအားကိုးပြီး လှော်ခတ်တာကလွဲလို့ တခြားနည်းလမ်းကောင်းကလဲ ရှိမှ မရှိဘဲ။ လှော်ရမှာပဲ။ ဒါမှလဲ လိုရာခရီးကို ရောက်နိုင်မှာပဲ။ ဒီနည်းတူ....ဘဝခရီး၊ ဘဝရေစီးမှာလဲ အပေါင်း အဖော်အစရှိတဲ့ အထောက်အကူ အသိုင်းအဝိုင်းတွေ မရှိရင် အားငယ်တွေဝေမနေဘဲ ကိုယ့်ကိုယ်ကို အားကိုးပြုပြီး လိုရာရောက်အောင် ဆက်ကြိုးစားသွားရမှာပဲ။ အားငယ်စွာနဲ့ စိတ်ဓာတ်ကျပြီး ကြိုးစားမှု၊ အလုပ်လုပ်မှု ရပ်သွားရင် လိုရာကို ရောက်တော့မှာ မဟုတ်ပါဘူး။

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



လောကထုံးစံအတိုင်း မအောင်မြင်ခင်၊ လိုရာကို မရောက်ခင်မှာ စိတ်တော့ပျက်မှာပဲ။ ဒါပေမယ့် စိတ်ပျက်ပျက်နဲ့ပဲ လုပ်သင့်တာကို ဆက်လုပ်နေရတာပဲ။ အောင်မြင်ဖို့၊ ရည်ရွယ်ရာ ရောက်ဖို့ ပဓာန အကြောင်း တရားကတော့ "အလုပ်"ပါပဲ။ ဝီရိယရှိရှိနဲ့ လုပ်ဖို့ပါပဲ။

ဗုဒ္ဓရှိစဉ်အခါက တစ်နေ့မှာ....လူငယ်ကလေး တစ်ယောက်ဟာ ကျောင်းတော်ကို ရောက်လာပြီး ဗုဒ္ဓကို မေးလျှောက်ဖူးပါတယ်။

"အကျိုးစီးပွား အလုံးစုံရရေးအတွက် ပဓာနအကျဆုံး၊ အရေးအကြီးဆုံး အကြောင်းတစ်ခုကို ပုဒ်တစ်ခုတည်းနဲ့ အတိုဆုံးပြောနိုင်ပါသလား....တဲ့။ ပြောနိုင်ရင် အဲဒီတစ်ခုတည်းသော ပုဒ်ဟာ ဘာပါလဲ အရှင်ဘုရား"လို့ မေးလျှောက်တယ်။ ဒီအခါမှာ ဗုဒ္ဓက....

"အကျိုးစီးပွားအလုံးစုံကို သိမ်းကျုံးမိတဲ့ အကျိုးစီးပွားဖြစ်ကြောင်း ပုဒ်ကတော့ ဝီရိယဖြစ်တယ်"လို့ ဖြေဖူးတယ်။

ဝီရိယက လှုပ်ရှားပေးလိုက်တဲ့ အခါမှာ လူဟာ တကယ် အလုပ်လုပ်တယ်။ အလုပ်စ ဖြစ်တယ်။ ဝီရိယရှိနေမှ မလျှော့မတမ်း၊ မရပ်တမ်း စိုက်လိုက်မတ်တတ် ကြိုးစားလုပ်ဆောင်နေနိုင်တာပဲ။ပြီးတော့ .... အကြံကောင်း ဉာဏ်ကောင်းတွေ ရနေပေမယ့် ဝီရိယနည်းရင် အလုပ်မဖြစ်ဘူး။ အလုပ်ကို မစဖြစ်နိုင်ဘူး။ တွေဝေနေတာတွေကို ရပ်ပြီး အလုပ်စဖို့ မဖြစ်နိုင်ဘူး။ ဒါကြောင့် ပြောကြတာဖြစ်မှာပဲ။





အောင်မြင်ဖို့ အတွက် ပထမလိုအပ်ချက်ကတော့ တွေဝေတာတွေကို ရပ်ပြီး အလုပ် စလိုက်ဖို့ပဲ.... တဲ့။ ဒီနေရာမှာ Liam D'Flaherty ရဲ့ His First Flight ဇာတ်လမ်းထဲက စင်ရော်ကလေးရဲ့အဖြစ်ကို မြင်ယောင်မိ ပါတယ်။

ပင်လယ်ပြင်ကြီးရဲ့ဘေးမှာ ထီးထီးမတ်မတ် မြင့်တတ်နေတဲ့ ကျောက်တောင်ကြီး တစ်ခုရှိတယ်။ အဲဒီ ကျောက်တောင်ကြီးရဲ့ ထိပ်နားက ပင်လယ်ပြင်ဘက် ထိုးထွက်နေတဲ့ ကျောက်စွန်းပေါ်မှာ စင်ရော် လေးတစ်ကောင်ဟာ တွေတွေဝေဝေနဲ့ ရပ်နေတယ်။ သူ့အစ်ကို စင်ရော် နှစ်ကောင်ဟာ လွန်ခဲ့တဲ့ နေ့ကပဲ ကျောက်စွန်းကို ထားချန်ပြီး ပျံသွားကြပြီ။ သူ့နှမ စင်ရော်လေးလဲ သူ့အစ်ကိုတွေ နောက် လိုက်ပြီး ပျံသွားတယ်။

သူကတော့ သူ့အစ်ကိုတွေနဲ့ နှမလို လိုက်ပြီး မပျံရဲတာနဲ့ အနေလို တွေတွေဝေဝေနဲ့ တစ်ကောင်ထီးတည်း ကျန်ရစ်ခဲ့တာပဲ။

စင်ရော်ကလေးဟာ သူ့အစ်ကိုတွေနဲ့ နှမလိုပဲ ပျံလိုက်မယ်လို့ အားတင်းပြီး ကျောက်စွန်းထိပ်ကို ရောက်အောင် ပြေးတယ်။ ကျောက်စွန်းထိပ်ရောက်တော့.... အတောင်ကိုခတ်ပြီး ပျံထွက်ဖို့ကို သူ ကြောက်လာတယ်။ ကြောက်မယ်ဆိုလဲ ကြောက်စရာပဲ။ သူ့အောက် ဟိုအဝေးကြီးမှာ ပင်လယ်ပြင်ကြီးကို မြင်နေရတယ်။ ပင်လယ်ပြင်ကြီး ထဲ ကျသွားမှာကို သူ ကြောက်နေတယ်။ ကျောက်စွယ်ကနေ လွှတ်ပြီး အောက်ကို သူ ကျသွားရင် သူ့အတောင်တွေက သူ့ကို ပင့်ထားနိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



စလုပ်ဖို့ ခက်နေသူ





မဟုတ်ဘူးလို့ သူ ထင်နေတယ်။ ဒါနဲ့ .... သူ့ဦးခေါင်းကို ငုံ့ပြီး နောက်ဘက်ကို ပြန်ပြေးတယ်။ သူနေနေကျ ကျောက်လိုဏ်ဂူ တွင်းကလေးထဲ ဝင်နေလိုက်တယ်။

သူ့နှမနဲ့ အစ်ကိုတွေရဲ့ အတောင်တွေဟာ တကယ်တော့ သူ့ အတောင်လောက် မရှည်ကြဘူး။ ဒါပေမယ့် သူတို့တွေဟာ ကျောက်စွယ်ရဲ့ အစွန်းကို ရောက်အောင်ပြေး.... အတောင်တွေကို ခတ်ပြီး တစ်ချီတည်း ပျံထွက်သွားခဲ့ကြတယ်။ သူက ဒီလို သူတို့တွေ ပျံထွက်ကြတာဟာ မိုက်ရူးရဲလုပ်တာလို့ပဲ သူထင်နေတယ်။ ဒီလို ထင်နေတော့ သူတို့နဲ့ ပျံထွက် လိုက်မယ်ဆိုတဲ့ သတ္တိမျိုး သူ့မှာ မွေးလို့မရဘူး ဖြစ်နေတယ်။

အဲဒီနေ့က သူ့အဖေနဲ့ အမေက သူ့ကို ပျံထွက်လာဖို့ သူ့အနားမှာ တရစ်ဝဲဝဲပျံရင်း တကြော်ကြော် ခေါ်နေကြတယ်၊ သူပျံမထွက်လာရင် အစာမကျွေးဘဲ ထားမယ်ဆိုတဲ့ သဘောမျိုးနဲ့ပဲ ဟစ်အော်နေကြတယ်။ ဒါပေမယ့် သူကတော့ ပျံကို ပျံမထွက်ရဲဘူး ဖြစ်နေတယ်၊ ဒါကြောင့် သူ့အမေနဲ့အဖေဟာ လက်လျှော့ပြီး ပျံသွားကြတယ်။ အဲဒီနေ့ တစ်နေ့လုံး သူ့အနားကို ဘယ်သူမှ မလာကြတော့ဘူး။

သူ့နှမနဲ့ အစ်ကိုတွေဟာ သူ့အဖေ အမေတို့နဲ့ အတူ အပျံကျင့်နေတာကို သူနေတဲ့ နေရာကနေပြီး လှမ်းမြင်နေရတယ်။

သူ့အဖေ အမေက သူ့အစ်ကိုနဲ့ နှမကို လှိုင်းပေါ်မှာ ဘယ်လို ကိုယ်ဖော့ပြီး စီး လိုက်ရမယ်။ ငါးကို ဘယ်လို ဖမ်းရမယ် ဆိုတာငေ



www.burmeseclassic.com

www.burmeseclassic.com



သင်ပေးနေတယ်။ မကြာခင်မှာဘဲ သူ့အစ်ကို စင်ရော်က ပထမဦးဆုံး အကြိမ်အဖြစ် ငါးတစ်ကောင်ကို မိသွားတယ်။ မိတဲ့ငါးကို ကျောက်ဆောင်ပေါ်ကို ချီယူသွားတယ်။ ဒါကို အဖေ အမေက ဝမ်းသာဂုဏ်ယူတဲ့အနေနဲ့ အနားမှာ အော်ဟစ်ပြီး လှည့်ပတ်ပျံသန်းနေတာ လှမ်းမြင်ရတယ်။

အဲဒီနေ့ တစ်မနက်လုံးပဲ သူ့ မိသားစုဟာ သူနဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ကျောက်ကမ်းပါး ပေါ်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ လူးလာခေါက်တုံ့လျှောက်နေကြတယ်။ သူတို့ရှိနေတဲ့ ကျောက်ကမ်းပါးက အခု သူနေ နေတဲ့ ကျောက်တောင်ကြီးထက် နိမ့်တော့ သူတို့လှုပ်ရှား တာတွေကို အသေအချာမြင် နေရတယ်။ သူ့မိသားစု တစ်စုလုံးက သူ့ရဲ့ သူရဲဘောကြောင်တာ တွေကို လှမ်းပြီး ကဲ့ရဲ့နေကြတယ်။

အဲဒီည သူအိပ်နေကျ ကျောက်လိုဏ်အပေါက်ထဲမှာပဲ သူ အိပ်လိုက်တယ်။

သူနိုးလာတော့ နေက အတော်မြင့်နေပြီ။ သူ့မှာ ပြင်းထန်တဲ့ ဆာလောင်မှု ဝေဒနာကို ခံစားနေရတယ်။ လွန်ခဲ့တဲ့နေ့ နေဝင်ချိန်ကတည်းက သူ အစာမှ မစားခဲ့ရဘဲ။ ဆာမှာပေါ့။ ကျောက်စွယ်ရဲ့ နောက်ဘက်မှာ လိမ်ခြောက်နေတဲ့ ငါးကွမ်းရှပ် တစ်ကောင်ရဲ့ အမြီး အစအနက လွဲလို့ ဘာမှ စားစရာ ရှာမရတော့ဘူး။

စားစရာ တစ်ခုခု ရှိလေမလားဆိုပြီး သူနဲ့ သူ့နှမ အစ်ကိုတို့ မွေးဖွားခဲ့တဲ့ အသိုက်ဆီကို လျှောက်သွားပြီး ရှာတယ်။ သူနဲ့ သူ့နှမ သူ့





အစ်ကိုတွေ တိုးထွက် ပေါက်ဖွားပြီး ကျန်ခဲ့တဲ့ ဥအခွံခြောက် အစအနတွေကို တွေ့တယ်။ ဆာလွန်းတော့ အဲဒီ ဥအခွံတွေကိုတောင် သူစားလိုက်တယ်။ စားသာနေရတယ် သူ့စိတ်ထဲမှာတော့ သူ့ကိုယ်သူ ပြန်မှဲ့စားနေသလို ထင်မိနေတယ်။ အဲဒီနောက် ကျောက်စွန်းထိပ်ဆီ လျှောက်သွားလိုက်၊ နောက်ပြန်လျှောက်လာလိုက်၊ တခါခါပြန်ပြီး ကျောက်စွန်းထိပ် လျှောက်သွားလိုက်နဲ့ လုပ်နေတယ်။ အမှန်က ဟို.... အောက် ကျောက်ကမ်းပါးပေါ်က သူ့မိသားစု ဆီကို မပျံဘဲနဲ့ ဘယ်လိုရောက်အောင် သွားရမလဲလို့ သူအကြံထုတ်နေတာပဲ။ ဒါပေမယ့် မပျံဘဲ ဘယ်လိုမှ မရောက်နိုင်ဘူး။ သူရှိနေတဲ့ ကျောက် တောင်နဲ့ သူ့မိသားစု ရှိနေတဲ့ ကျောက်ကမ်းပါးကြားမှာ ချောက်ကြီး ခြားနေတယ်။ ကူးစရာ ကျောက်စွယ် ဆိုလို့ တစ်ခုမှ မရှိဘူး။ ချောက် ထဲမှာ ပင်လယ်ရေကိုပဲ မြင်နေရတယ်။

သူက ကျောက်စွန်းထိပ်ကို လျှောက်သွားတယ်၊ ခြောက်တော့ ခြေတစ်ချောင်းကို အတောင်ကြားသွင်း၊ ကျန်တဲ့ တစ်ချောင်းတည်းနဲ့ ရပ်၊ မျက်စိတစ်ဖက်ကို မှိတ်၊ နောက်တစ်ဖက်ကိုတော့ မြင်ရုံဖွင့်ပြီး အိပ်ပျော်နေတဲ့ ဟန်လုပ်တယ်။

အစ ပထမတော့ သူ့အောက် ကျောက်ကမ်းပါးပေါ်က သူ့မိသားစုဟာ သူ့ကို သတိ မထားမိကြသေးဘူး။ သူ့အစ်ကိုနဲ့ နှမကတော့ အိပ်ငိုက်နေတုန်းပဲ။ သူတို့ ခေါင်းကလေးတွေကို လည်တိုင်က အမွေးတွေထဲ သွင်းထားကြတယ်။ သူ့အဖေကတော့ သူ့နှာသီးဖြူဖြူနဲ့



www.burmeseclassic.com

www.burmeseclassic.com



အမွေးအတောင်တွေကို သပ်ရပ်အောင်လုပ်နေတယ်။ သူ့အမေ တစ်ယောက်တည်းပဲ သူ့ဆီ မော့ကြည့်နေတယ်။ သူ့အမေက ကျောက်ကမ်းပါးရဲ့ အပေါ် ဖက်နေရာမှာ နားပြီး သူ့ခြေထောက်အောက်က ငါးတစ်ကောင်ကို ဆိတ်လိုက်၊ နှုတ်သီးကို ဘယ်တစ်လှည့်၊ ညာတစ်လှည့် ကျောက်ကမ်းပါးမှာ သွေးလိုက် လုပ်နေတယ်။ သူ့အမေ ခြေထောက်အောက်က ငါးကိုမြင်ရတော့ ဆာလွန်းနေတဲ့ သူ့အဖို့ စားချင်လွန်းလို့ ရူးမတတ်ဖြစ်လာတယ်။ သူ့အမေလိုပဲ နှုတ်သီးကို ထက်အောင်သွေးလိုက်၊ ငါးကို ထိုးဆိတ်လိုက် လုပ်ချင်စိတ်တွေ ပြင်းပြင်းထန်ထန်ဖြစ်လာတယ်။ ဒါနဲ့ အသံခပ်တိုးတိုးနဲ့ သူအော်လိုက်မိတယ်။ သူ့အမေကလဲ သူ့လိုပဲ ပြန်အော်တယ်။ ပြီးတော့ သူ့ကိုလှမ်းပြီး မော့ကြည့်တယ်။

သူက သူ့ဆီ အစာလာပို့ပါ ဆိုတဲ့အနေနဲ့ ထပ်ထပ်ပြီး အော်တယ်။ သူ့အမေက သူ့ကို သရော်သလိုလိုနဲ့ ပြန်အော်တယ်။ သူ မရှက်နိုင်တော့ဘူး။ သူ့ဆီ အစာယူလာဖို့ ထပ်တလဲလဲ အော်တယ်။

မကြာခင်မှာ သူ့အမေက ငါးကို ချီပြီး သူ့ဆီပျံလာတယ်။ သူက အစာယူဖို့ ရှေ့ကို အလောတကြီးနဲ့ တိုးလိုက်တယ်။ သူ့ခြေထောက်တွေက အောက်က ကျောက်ခဲတွေနဲ့ တိုက်မိကုန်တယ်။ သူ့အမေဟာ သူ့ရှေ့နားက ကျောက်စွန်းထိပ်နဲ့ ယှဉ်မိသည်အထိ ရောက်အောင် ပျံလာတယ်။ သူ့အမေချီလာတဲ့ နှုတ်သီးက အစာကို လှမ်းဆိတ်လိုက်မယ် ဆိုရင် မီလောက်နေပြီ။ ဒါပေမယ့် သူ့အမေက ရှေ့မတိုးဘူး။ သူက စားချင်လောဘ သိပ်ကြီးနေတော့ သူ့အမေနှုတ်သီးက ငါးကို ခုန်ဆွဲလိုက်တယ်။ ဒီလို ခုန်လဲ ဆွဲလိုက်ရော တစ်ခါတည်း ကျောက်စွန်းကနေ





အပြင်ဘက်ကို သူ လွင့်ကျသွားတယ်။ ငယ်သံပါအောင် အော်ရင်း လေဟာပြင်ထဲ သူကျသွားတယ်။ သူ့အမေက သူ့ကို ဘာမှမကူညီတဲ့ အပြင် ကျနေတဲ့ သူ့အနားက ဖြတ်ပြီး တစ်ဟုန်ထိုး အပေါ် ကို ပျံတတ် သွားတယ်။ အကြောက်ကြီးလိုက်တာမှ သူ့နှလုံးသွေးတွေ ရပ်သွားသလိုပဲ။ သူ ဘာကိုမှလဲ မကြားတော့ဘူး။

ဒါပေမယ့် မကြာလှပါဘူး။ ခဏအတွင်းမှာပဲ သူ့အတောင်တွေကို ဖြန့်ထုတ်လျက်သား ဖြစ်နေတာကို တွေ့ရတယ်။ လေက သူ့ရင်အုပ်က အမွေးတွေကို တွန်းပင့်ပြီး တိုက်နေတယ်။ ပြီးတော့ သူ့ ဝမ်းဗိုက်၊ သူ့ အတောင်တွေကိုလဲ လေက တွန်းပင့်နေတယ်။ သူ့အတောင်စွန်းကလေးတွေက လေကို ခွဲထွက်နေတာလဲ သူသိနေတယ်။

အခု သူ ဦးစိုက်ကျမ်းပြန်ကျ မနေတော့ဘူး။ တဖြည်းဖြည်းနဲ့ အသာအယာပဲ ကျနေတယ်။ သူ သိပ်မကြောက်တော့ဘူး။ နည်းနည်းလေး မူးနောက်သလိုတော့ သူ ခံစားနေရတယ်။ အဲဒီနောက် သူ့အတောင်တွေကို တစ်ကြိမ်ခတ်လိုက်တယ်။ အပေါ် ကို မြင့်တတ်သွားတယ်။ ဝမ်းသာပြီး သူတစ်ချက်အော်လိုက်တယ်။ အဲဒီနောက်.... သူ့အတောင်တွေကို ထပ်ခတ်တယ်။ အပေါ် ကို မြင့်သည်ထက်မြင့်သွားတယ်။ သူက ရင်ကို ကော့ရင်း လေကိုဆန်ပြီး ပျံတက်လိုက်တယ်။ သူ့အမေက သူ့အနားကနေ တောင်ပံခတ်သံပြင်းပြင်းနဲ့ တစ်ဟုန်ထိုး ဖြတ်ပျံတယ်။ သူက သူ့အမေကို လှမ်းအော်လိုက်တယ်. အဖေကလဲ သူ့အပေါ်က အော်ပြီး ပျံလိုက်တယ်။ ပြီးတော့ .... သူ့အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပျံလိုက်တော့လည်း ဖြစ်သွားတာပဲ။





နှစ်ယောက်နဲ့ နှမလေးကလဲ သူ့အနားမှာ ဝိုင်းပြီး ပျံနေကြတာ မြင်ခ တယ်။ သူတို့က လေထဲမှာ အမျိုးမျိုး နိမ့်လိုက် မြင့်လိုက် စောင်းလိုက် ဝဲလိုက်နဲ့ ပျံနေ ကြတယ်။

အခု....သူ "ငါပျံနိုင်တော့မှာ မဟုတ်ပါဘူး"ဆိုတဲ့ အထင် တွေကို လုံးလုံးမေ့သွားပြီး အမျိုးမျိုးပျံဖို့ကိုပဲ အားထုတ်နေပြီ။ အစွမ်းကုန် အော်ဟစ်ဖို့ပဲ အားထုတ်နေပြီ။

သူ ပင်လယ်ပြင်ပေါ်ကို ပျံလာတယ်။ သူ့အောက်မှာ ကျယ်ပြော လှတဲ့ စိမ်းလဲ့နေတဲ့ ပင်လယ်ပြင်ကြီးကို မြင်နေရတယ်။ လှိုင်းလေတွေ ကလဲ လူးလှိမ့်ပြေးနေကြတယ်။

စင်ရော်ကလေးဟာ ဦးခေါင်းကို ဘေးဘက်စောင်းငဲ့ပြီး ကျေကျေနပ်နပ်ကြီး အော်လိုက်တယ်။ သူ့အဖေ အမေ သူ့အစ်ကိုတွေနဲ့ နှမတို့က သူ့ရှေ့ကနေပြီး စိမ်းပြာနေတဲ့ ပင်လယ်ရေပြင်ပေါ်ကို ဆင်း နှင့်ကြပြီ။ သူတို့က အသံကုန်အော်ရင်း သူ့ကို လှမ်းခေါ်နေကြတယ်။ သူက ပင်လယ်ရေပြင်မှာ နားဖို့ သူ့ခြေထောက်ကို ချလိုက်တယ်။ ချလိုက် တယ် ဆိုရင်ပဲ သူ့ခြေထောက်တွေ ရေထဲ မြုပ်ဝင်သွားကြတယ်။ ဒါကို သူ လန့်ဖျပ်ပြီး တစ်အားကုန်အော်လိုက်တယ်။ ရေပြင်ကို သူအလျင်က တစ်ခါမှ မတွေ့မထိ မကြုံရသေးဘူးကိုး။ လန့်တာပေါ့။ သူက အတောင်တွေကို တစ်အားခတ်ပြီး အပေါ်ပျံတက်ဖို့လုပ်ထော ဒါပေမယ့် အခု သူ သိပ်လဲဆာနေပြီ။ စောစောက အမျိုးမျိုးပျံနဲ

www.burmeseclassic.com



တာတွေနဲ့ သိပ်ကို မောနေပြီဆိုတော့ အပေါ် ကိုပျံတက်ဖို့ မတက်နိုင်တော့ဘူး။ သူ့ ခြေထောက်တွေက ပင်လယ်ရေထဲ မြုပ်သွားကြပြန်တယ်။ သူ့ရင်ဘတ်နဲ့ ပင်လယ်ရေ ထိသည်အထိ သူ့ခြေထောက် တွေက ရေထဲ မြုပ်ဝင် သွားကြတယ်။ ဒါပေမဲ့ ရင်ဘတ်နဲ့ ပင်လယ်ရေထိပြီးတဲ့ နောက်မှာတော့ သူ ဆက်မမြုပ်တော့ဘူး။ ရေပေါ် မှာ ပေါလောပေါ် နေတယ်။ သူ့အနားမှာ ဝိုင်းပြီး သူ့မိသားစုအားလုံးက အော်ဟစ်နေ ကြတယ်။ သူ့ကို ချီးမွမ်းနေကြတာပဲ။ သူတို့တွေရဲ့ နှုတ်သီးတွေမှာ သူစားဖို့ အတွက် အစာကို ကိုက်ချီ ထားကြတယ်။

စင်ရော်လေးဟာ သူ့ရဲ့ ပထမပျံသန်းမှုကို အောင်မြင်စွာနဲ့ ပြီး မြောက်ခဲ့တာပဲ။

ကျောက်စွယ်ကြီးပေါ် မှာ ရှိစဉ်က စင်ရော်ကလေးရဲ့ အဖြစ်ကို ကြည့်ရင် သူဟာ ပျံမယ်ဆိုရင် ပျံနိုင်လောက်တဲ့ အခြေအနေရှိတယ်။ ဒါပေမယ့် တကယ်ပျံထွက်လိုက်ဖို့ကို တွန့်ဆုတ်နေတယ်။ ဒါဟာ အစ ခက်နေတာပဲ။ စပြီး လုပ်ဖို့ တွေဝေနေတာပါပဲ။ စပစ်လိုက်၊ လုပ်ပစ် လိုက်တော့လဲ ဖြစ်သွားတာပါပဲ။ အောင်မြင်စွာနဲ့ ပျံသွားနိုင်တာပါ ပဲ။ ဒီနည်းတူ လူ့ဘဝမှာလဲ လုပ်မယ်ဆိုရင် ဖြစ်နိုင်ပါလျက်နဲ့ ကျွန်တော် တို့ဟာ မလုပ်ဖြစ်ဘဲ တွေဝေနေတတ်ကြတယ်။ အလုပ် စလိုက်ဖို့ မဝံ့မရဲ ဖြစ်နေတယ်။

လူတစ်ယောက်ဟာ အကြံသစ်စိတ်ကူးသစ် တစ်ခုကို ရတယ်။ ရတဲ့ အကြံဉာဏ်သစ်၊ စိတ်ကူးသစ်ကို အဲဒီလူဟာ လက်တွေ့အကောင် အထည်ပေါ် အောင် လုပ်လိုက်တယ်။ အောင်မြင်လဲ သွားတယ်။ အဲဒီလူ





အောင်မြင်သွားတာကို မြင်ရတဲ့အခါမှာ အခြားလူ ဆယ်ယောက်က "ဟာ....တို့လဲ ဒီလိုလုပ်ဖို့ သူ့လို စိတ်ကူးမျိုး အကြံဉာဏ် မျိုးရသား ပဲ"လို့ ပြောတတ်ကြတယ်....တဲ့။ ဒါပေမယ့် ခုန အောင်မြင်သွားတဲ့ လူနဲ့ အခြား လူဆယ်ယောက်ခြားနားတာ ကတော့ ရသာတဲ့ စိတ်ကူး ဉာဏ်သစ်ကို တခြား လူဆယ်ယောက်က အောင်မြင်သွားတဲ့ သူလို တကယ်လက်တွေ့မလုပ်ဖြစ်ဘူး။ မလုပ်ဖြစ်နိုင်ခဲ့ဘူး ဆိုတဲ့ အချက် ပဲ....တဲ့။

ဖြစ်နိုင်လောက်တာထက် သိပ်ကျော်လွန်နေတဲ့ သိပ်အလှမ်းကွာ နေတဲ့ အလုပ်မျိုးဆိုရင်တော့လဲ အချိန်ကာလစတဲ့ အခြေအနေတွေ ကို စောင့်ရတာမျိုး ရှိပါလိမ့်မယ်။ လူတစ်ယောက်ဟာ သူ့အခန်းမှောင် မည်းနေလို့ လင်းထိန်သွားအောင် ဆိုပြီး နေလုံးကြီးကို သူ့အခန်းထဲဆွဲ သွင်းဖို့ စိတ်ကူးနဲ့ လုပ်ငန်းစတာမျိုးတော့ မဖြစ်သင့်ဘူးပေါ့။ အလင်း ရောင် ဝင်အောင် သူ့အခန်းပြတင်းတံခါးကို ဖွင့်သင့်က ဖွင့်ရမယ်။ ဒါမှ မဟုတ် မှန်တံခါးက အညစ်အကြေးကို သုတ်သင့်က သုတ်ရမယ်။ ဒါမှ မဟုတ်လဲ မီးထွန်းသင့်က ထွန်းရမှာပဲ။ အရေးကြီးဘာက ဖြစ်နိုင် လောက်တာကို လုပ်ဖြစ်အောင် လုပ်ဖို့၊ စဖြစ်အောင် စဖို့ပါပဲ။ စပြီး တဲ့နောက် ဝီရိယနဲ့ ဆက်လုပ်နေဖို့ပါပဲ။

လုပ်နေပေမယ့် ကြိုးစားနေပေမယ့် မအောင်မြင်တာတွေ ရှိမှာ ပါပဲ။ လုပ်နေရင်း၊ ကြိုးစားနေရင်း ချွတ်ချော်သွားဘာတွေ မှားသွား တာတွေ ရှိမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အိုင်းစတိုင်းက ပြောဖူးတယ်။ "ကျုပ် ၉၉ ရာခိုင်နှုန်း မှားတယ်" တဲ့။

အမြဲမှန်တဲ့ လူရယ်လို့ မရှိသလောက်ပါဘဲ။ တစ်နေရာရာ တစ်ခါခါမှာတော့ မှားမှာပါပဲ။ ဒါပေမယ့် မှားမှာကို ကြောက်နေရင် မလုပ်ဖြစ် တော့ဘူး။ ဂျာမန် ဒဿနပညာရှင်ကြီး ဟေဂယ်က "အမှားကို ကြောက် ခြင်းဟာ တိုးတက်မှုရဲ့ သေခြင်းပဲ" Panic of error is the death of progress. လို့ ပြောဖူးတယ်။ ဂေဟယ်ဟာ အမှားကို ကြောက်ခဲ့ရင် သူ့ရဲ့ ခမ်းနားထည်ဝါတဲ့ အတွေးအခေါ် ဒဿနစနစ်ကြီးကို တည်ဆောက်နိုင်ခဲ့မှာ မဟုတ်ဘူး။ မှားတဲ့အခါမှာ မှားတာကို သင်ခန်းစာယူပြီး အမှန်ကို ရောက်အောင် ဆက်လုပ်ရမှာပဲ။

ပန်းပဲသမားရဲ့ အထုအရိုက်ကိုခံရတဲ့သံဟာ အသုံးဝင်တဲ့ ပစ္စည်းဖြစ်လာရတယ်။ ကျောက်ဆစ်သမားရဲ့ အဆစ်အပိုင်း အဖွဲ့အနွဲ့ ကို ခံရတဲ့ ကျောက်တုံးဟာ လှပတဲ့၊ လက်ရာမြောက်တဲ့ ရုပ်လုံးဘဝ ရောက်လာရတယ်။ ဒီနည်းတူပါပဲ၊ မှားတာတွေ၊ မှားတာတွေကြောင့် ကြုံရတဲ့ဒုက္ခတွေနဲ့ အခက်အခဲတွေရဲ့ဒဏ်ကို ခံရဖန်များတဲ့အခါ အတွေ့အကြုံများသူ၊ စိတ်ဓာတ်ရင့်ကျက်ခိုင်မာတဲ့သူ၊ အရည်အသွေး ရှိသူ ဖြစ်လာရတယ်။ ဒီလို ခိုင်မာတဲ့စိတ်ဓာတ်နဲ့ အရည်အသွေးရှိသူ ဖြစ်လာမှ အခက်အခဲတွေကို ကျော်လွှားပြီး အောင်မြင်သူ ဖြစ်လာ မှာပဲလို့ အားတင်းပြီး ကြိုးစားရမှာပဲ။ ကိုယ့်ကို ကူညီမယ့် မိတ်ဆွေတွေ မရှိလဲ ကိုယ့်ကိုယ်ကို အားကိုးပြီး ကြိုးစား





မယ်ဆိုတဲ့ ခိုင်ခံ့တဲ့ စိတ်ဓာတ်နဲ့ လုပ်ရမယ့်အလုပ် ဆက်လုပ်ရမှာပဲ စိတ်ဓာတ်ခိုင်ခံ့ဖို့ဟာ အရေး ကြီးပါလိမ့်မယ်။ အဆိုတစ်ခုရှိတယ်။

ဒုက္ခရှေ့မှောက် ရောက်တဲ့အခါ တချို့လူတွေဟာ ချိုင်းထောက် ဝယ်တပ်ရပြီး တချို့လူတွေမှာတော့ အတောင် တွေ ပေါက်လာကြတယ်....တဲ့။

ဆိုလိုချင်တာကတော့ အခက်အခဲတွေ၊ ဒုက္ခအန္တရာယ်တွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ မိမိကိုယ်မိမိ အားကိုးယုံကြည်မှု၊ စိတ်ဓာတ် ခိုင်မာမှုရှိတဲ့သူတွေကတော့ တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်ခဲ့တယ်။ စိတ်ဓာတ် ခိုင်မာတည်ငြိမ်တဲ့အတွက် အခြေနေတွေကို ရှုမြင်သုံးသပ်နိုင်စွမ်းရှိပြီး အကြံကောင်း ဉာဏ်ကောင်းလဲ ထုတ်နိုင်တယ်။ အခက်အခဲ တွေကို ဖြတ်ကျော် ပျံသွားနိုင်တဲ့အတောင်များ ရသွားသလို အခက်အခဲနဲ့ ဒုက္ခ အန္တရာယ်တွေကို ကျော်လွှားလွန်မြောက်သွားနိုင်ကြတယ်။ ဒါပေမယ့် စိတ်အားငယ်သူတွေ၊ စိတ်ဓာတ်ပျော့ညံ့သူတွေကတော့ ဒုက္ခအန္တရာယ် နဲ့ ရင်ဆိုင်တိုးတဲ့ အခါမှာ ထိတ်ထိတ်ပျာပျာတွေ ဖြစ်ပြီး အကြံကောင်း ဉာဏ်ကောင်း မထုတ်နိုင်ဘူး။ အကြံကောင်း ဉာဏ်ကောင်း မရဘူး။ ဒီတော့ ဒုက္ခအန္တရာယ်တွေရဲ့ ထိခိုက်လာမှုတွေကိုလဲ မရှောင်တိမ်း မကျော်လွှားနိုင်ဘဲ ကျရှုံးသွားတတ်ကြတယ်။ ထိခိုက် နစ်နာသွားကြ တယ်။ ဒါကို ရည်ရွယ်ပြီး "တချို့လူတွေဟာ ဒုက္ခရှေ့မှောက် ရောက်ရင် ချိုင်းထောက် ဝယ်တပ်ကြရတယ်လို့" ဆိုတာ ဖြစ်မှာပါပဲ။

ဒီတော့ စိတ်ကို တင်းထားရမှာပဲ။ ကြိတ်မှိတ်ပြီး တင်းထား သင့်ကလဲ တင်းထားရမှာပဲ။ အလုပ်လုပ်ခြင်းဟာ အောင်မြင်မှုရဲ့ သော့



www.burmeseclassic.com

www.burmeseclassic.com



ချက်ပါပဲ။ တိုင်းပြည်တစ်ပြည် တိုးတက်တာဟာလဲ ပြည်သူပြည်သားတို့ ကောင်းကောင်းမွန်မွန် အလုပ်လုပ်မှုပေါ် မှာ မူတည်တာပါ ပဲ။

အလုပ် မလုပ်ဘဲနဲ့ ညည်းညူနေရင် ဘယ်သူကမှ ကျွန်တော်တို့ကို ကြင်နာနေမှာ မဟုတ်ဘူး။ ညည်းညူပြနေသူကို ဘယ်သူမှ စိတ်မရှည်ပါဘူး။ ညည်းညူပြတာကို တစ်ဖက်လူက နားထောင်နေပေမယ့် ကြိုက်နှစ်သက်လို့ နားထောင်နေတာမျိုးတော့ မဟုတ်ဘူး။ ဟန်ဆောင် ပြီး သည်းခံပြီး အားနာပါးနာနဲ့ နားထောင်နေတာမျိုးပဲ အများအား ဖြင့် ဖြစ်ပါလိမ့်မယ်။ ပုဂ္ဂိုလ်တစ်ဦးက သူ့အလုပ်ခန်းတစ်နေရာမှာ သူ့ ကိုယ်သူ သတိပေးတဲ့အနေနဲ့ "ညည်းညူ ပြမနေနဲ့၊ မင်းကို ဘယ်သူကမှ မသနားဘူး" လို့ ရေးထားတယ်။ ဟုတ်တယ်။ ညည်းညူသူကို သနားရ မယ့်အစား စိတ်ပျက်ပြီး တစ်ဖက်သူတွေဟာ မပေါင်းဖော်ချင်ပါဘူး။ အလုပ်လုပ်ရင်း ညည်းညူ သူကိုလဲ တခြားသူတွေက စိတ်ပျက်တာ ပဲ။

မုန်တိုင်းအန္တရာယ်ကနေ တစ်ကိုယ်တည်း လွတ်မြောက်လာတဲ့ သင်္ဘောကပ္ပတိန်တစ်ဦးဟာ မုန်တိုင်းက အဘယ်မျှပြင်းထန်တဲ့ အကြောင်း အသက်စွန့်ပြီး ဒုက္ခတွေကို ဘယ်လိုရင်ဆိုင်ခဲ့ရတဲ့ အကြောင်းကို ဘယ်လောက်ပဲ ပုံကြီးချဲ့ပြောပြော သူကြုံခဲ့ရတဲ့ ဒုက္ခတွေဟာ ကြီးမားလွန်းတဲ့အတွက် စိတ်ပျက်ဖွယ်ရာ ကောင်းလွန်းတဲ့ အကြောင်း ဘယ်လောက်ပဲ ညည်းညူပြပြ၊ သက်ဆိုင်ရာ အထက်က ပုဂ္ဂိုလ်တွေနဲ့ လူအများက အဲဒီကပ္ပတိန်ကို အထင်ကြီးမှာလဲ မဟုတ်





ဘူး။ သနားမှာလဲ မဟုတ်ဘူး.... တဲ့။ မုန်တိုင်းအန္တရာယ်ကနေပြီး ခရီးသည်တွေ အသက်ချမ်းသာစွာနဲ့ သင်္ဘောကို ကမ်းကပ်သည်အထိ သယ်ဆောင်လာနိုင်မှ သူ့ကို အများက အထင်ကြီးလေးစားမှာပဲ၊ မြတ်နိုး ချစ်ခင်ကြမှာပဲ.... တဲ့။

ကိုယ်က မအောင်မြင်ခင်မှာ ကိုယ့်ကို လူတွေက အထင်ကြီးလေ လေမလား၊ ဂရုစိုက်လာလေမလား၊ ချီးမွမ်းကြလေမလား ဆိုပြီး ပုံကြီး ချဲ့ပြ၊ ညည်းညူပြတာမျိုးဟာ ကိုယ့်ရဲ့ အားငယ်တဲ့ သဘော၊ ကိုယ့် ကိုယ်ကို ယုံကြည်မှုနည်းတဲ့သဘော အစွမ်းအစမရှိတဲ့သဘောကို ပြော ပြနေရာ ရောက်ပါတယ်။ ဒီတော့ ညည်းညူတွေဝေသူတွေဟာ နောက် တန်းမှာ ကျန်ရစ်တတ်တယ်ဆိုတာ သတိပြုပြီး မညည်းမညူ ကြိုးစား ရမှာပဲ။

"ယောကျ်ားသည် အကျိုးကိစ္စ ပြီးစီးသည် တိုင်အောင် အား ထုတ်အပ်သည် သာလျှင်တည်း။ အကျိုးကိစ္စသည် ပြီးမြောက်မှသာ လျှင် တင့်တယ်၏" ဆိုတဲ့ စကားအတိုင်း ကိစ္စ ပြီးမြောက်သည် အထိ ကြိုးစား လုပ်ဆောင်ဖို့ လိုမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၅ ]

### အမှန်တရား၏မျက်နှာကို ထောက်ထားခြင်း

ကိုယ်က မအောင်မြင်တဲ့အခါ ကျရှုံးတဲ့အခါမှာလဲ "ညံ့တာကိုး၊ လုပ်တာက ဟုတ်မှမဟုတ်ဘဲ၊ ဘယ်အောင်မြင်ပါ့မလဲ" စသည်ဖြင့် အပြစ်တင်တတ်ကြတယ်။ ကဲ့ရဲ့တတ်ကြတယ်။ ကိုယ်အောင်မြင်တော့လဲ ကိုယ့်အောင်မြင်မှုကို မနာလိုမှု အစရှိတဲ့ စိတ်ထားတွေနဲ့ အပြစ်အမျိုးမျိုးရှာပြီး အပြစ်တင်တတ်ကြတယ်။ ကဲ့ရဲ့တတ်ကြတယ်။ လူဟာ လူကို အကောင်းမြင်ခဲတယ်လို့ ဆိုရမလားပဲ။

ဂေါတမဗုဒ္ဓ သက်ရှိထင်ရှားရှိစဉ် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတုန်းက တစ်နေ့မှာ အတုလျလို့ခေါ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ





မိတ်ဆွေငါးရာလောက်နဲ့ အတူ ရှင်ရေဝတမထေရ်ထံ တရားနာမယ်ဆိုပြီး သွားကြပါတယ်။

ရှင်ရေဝတထံရောက်တဲ့အခါ ရှင်ရေဝတကို ရှိခိုးပြီး သင့်တင့်တဲ့ နေရာမှာ ထိုင်နေကြပါတယ်။

ရှင်ရေဝတ မထေရ်ဟာ တစ်ပါးတည်း နေတတ်ပြီး စကားအလွန်နည်းသူ ဖြစ်ပါတယ်။ ဒါကြောင့် ထိုင်နေကြတဲ့ အတုလျနဲ့ သူ့မိတ်ဆွေတွေကို တရားဟောဖို့ နေနေသာသာ ဧည့်ဝတ် စကားတောင် မပြောပါဘူး။ ဒါကြောင့် အတုလျက မကျေမနပ် ဖြစ်တယ်၊ စိတ်ဆိုးတယ်၊ ဒါနဲ့ "ဒီမထေရ်ဟာ စကားမပြောတတ်သူ ကု နေတာဘဲ ဧည့်ဝတ်စကားတောင် မပြောဘူး" စသည်ဖြင့် အပြစ်တင် ကဲ့ရဲ့ပြီး အတုလျက မိတ်ဆွေတွေနဲ့အတူ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးထံ သွားတယ်။

ရှင်သာရိပုတ္တရာ မထေရ်မြတ်ထံ ရောက်တဲ့အခါမှာ ရှင်သာရိပုတ္တရာ မထေရ်မြတ်က ဘာကြောင့် သူ့ထံလာကြသလဲလို့ မေးတော့ အတုလျက သူနဲ့မိတ်ဆွေတွေ ရှင်ရေဝတထံ တရားနာဖို့ သွားခဲ့ကြတဲ့ အကြောင်း၊ ဒါပေမယ့် ရှင်ရေဝတက စကားတစ်လုံးတောင် မပြောတဲ့ အတွက် အခုလို ရှင်သာရိပုတ္တရာထံ ရောက်လာခြင်း ဖြစ်ကြောင်း လျှောက်ထားတယ်။ တရားဟောဖို့လဲ တောင်းပန်တယ်။

ဒီအခါမှာ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက အတုလျနဲ့ အပေါင်းပါတို့ကို ထိုင်ခိုင်းပြီး အင်မတန် လေးနက်သိမ်မွေ့တဲ့ အဘိဓမ္မာတရားတော်ကို ရှည်လျားစွာ ဟောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်သာရိပုတ္တရာ မထေရ်မြတ်ဟောတဲ့ အဘိဓမ္မာ တရားက သိမ်မွေ့နက်နဲတော့ အတုလျဟာ နားလည်ဟန် မတူပါဘူး။ တရားက သိမ်မွေ့ရတဲ့အထဲ ရှည်လျားနေတော့ အတုလျက မကျေမနပ် ဖြစ်နေပြန်တယ်။ "တရားဟောတာကလဲ ရှည်လိုက်တာ၊ ဒီလောက်တောင်ပဲ ဟောနေရလား"လို့ ပြစ်တင်ကဲ့ရဲ့တယ်။ "တရားကလဲ ဆုံးပဲ မဆုံးနိုင်ဘူး၊ အဘိဓမ္မာတရားဟာ တို့အတွက် ဘာအကျိုးရှိမှာလဲ၊ ကျင့်စဉ်မှ မပါဘဲ" စသည်ဖြင့်လဲ အပြစ်တင်ချင် တင်မှာပဲ။ ဒီလို ပြစ်တင် ကဲ့ရဲ့မှုတွေ ပြုပြီးတော့ အတုလျဟာ သူ့မိတ်ဆွေတွေနဲ့ အတူ ရှင်သာရိပုတ္တရာ ထံမှ ထလာခဲ့တယ်။

အဲဒီနောက် ရှင်အာနန္ဒာဆီ သွားကြပြန်တယ်။

ရှင်အာနန္ဒာထံ ရောက်တဲ့အခါမှာ အရှင်အာနန္ဒာက အတုလျနဲ့ သူ့မိတ်ဆွေတွေကို "ဘယ်လိုအကြောင်းနဲ့ ရောက်လာကြတာလဲ"လို့ မေးတော့ အတုလျက ရှင်ရေဝတထံ တရားနာသွားပါတယ်။ စကား တစ်လုံး၊ တရားတစ်ပုဒ်မှ မပြောတဲ့အတွက် ရှင်သာရိပုတ္တရာထံ သွားတဲ့ အကြောင်း၊ ရှင်သာရိပုတ္တရာကျတော့လဲ တရားဟောတာ ရှည်လွန်းလို့ စိတ်မရှည် ဖြစ်ခဲ့ရတဲ့ အကြောင်း လျှောက်ထားတယ်။ ဒီအခါမှာ ရှင်အာနန္ဒာက နက်နဲသိမ်မွေ့တဲ့ တရားကို အတုလျနဲ့ သူ့မိတ်ဆွေများ အလွယ်တကူ နားလည်စေနိုင်တဲ့ နည်းမျိုးနဲ့ တိုတိုရှင်းရှင်းကလေး ဟောတယ်။ ဒီအခါမှာလဲ အတုလျက မကျေနပ်ပြန်ဘူး။ "တရားကလဲ လွယ်လွန်းတယ်"လို့ ပြစ်တင်မှု ပြုပြန်တာပဲ။ "ဒီတရားမျိုးကို တို့လဲ သိသားပဲ။ တို့မသိသေးတဲ့ တရားမျိုးများ ဟောလေမလားလို့ လာမိ





တာ၊ တို့ကို ဒီတရားမျိုး မသိဘူးထင်ပြီး ဟောနေသလား မပြောတတ်ဘူး။ တို့လဲ သူ့လောက်တော့ ပြောတတ်၊ ဟောတတ် သားပဲ"စသည်ဖြင့် ပြစ်တင် ကဲ့ရဲ့မှုမျိုးတွေလဲ လုပ်ချင်လုပ်မှာပါပဲ။

အတုလျနဲ့ သူ့မိတ်ဆွေတွေဟာ ရှင်အာနန္ဒာကိုလဲ မကျေမနပ်ဖြစ်ပြီး ဂေါတမဗုဒ္ဓထံ သွားကြပြန်တယ်။

ဂေါတမဗုဒ္ဓထံ ရောက်တဲ့အခါ အတုလျနဲ့ သူ့မိတ်ဆွေတွေကို ဗုဒ္ဓက "ဘယ်လိုအကြောင်းနဲ့ ရောက်လာကြတာလဲ"လို့ မေးတော့ အတုလျက ပြစ်တင် ကဲ့ရဲ့တဲ့လေသံနဲ့ ရှင်ရေဝတက စကားတစ်လုံးမှ မပြောတဲ့ အကြောင်း၊ ရှင်သာရိပုတ္တရာရဲ့ တရားက ရှည်လွန်းတဲ့ အကြောင်း၊ ရှင်အာနန္ဒာရဲ့တရားက လွယ်လွန်းတဲ့ အကြောင်း အဲဒီမထေရ်တို့ကို မကျေနပ်တဲ့အတွက် ဗုဒ္ဓဘုရားရှင်ထံ တရားနာဖို့ ရောက်ခဲ့ရပါကြောင်း လျှောက်ထားတယ်။ ဒီအခါမှာ ဗုဒ္ဓက အတုလျကို ဒီလိုပြောခဲ့ဖူးတယ်။

"အတုလျ ... ကဲ့ရဲ့ခြင်းဟာ ရှေးအခါကစပြီး အလေ့အထ ဖြစ်လာခဲ့တယ်။ ဘာမှမပြောဘဲ ဆိတ်ဆိတ်နေသူကိုလဲ ကဲ့ရဲ့တယ်။ များများပြောတဲ့သူကိုလဲ ကဲ့ရဲ့တယ်။ နည်းနည်း ပြောသူကိုလဲ ကဲ့ရဲ့တာပါပဲ။ လောကမှာ ကဲ့ရဲ့မှုကိုချည်း ခံရသူ၊ ချီးမွမ်းမှုကိုချည်း ခံရသူ ဆိုတာမျိုး မရှိပါဘူး။ တိုင်းပြည်ကို အုပ်ချုပ်တဲ့ ဘုရင်မင်းမြတ်ကိုလဲ အချို့သော သူတွေက ကဲ့ရဲ့ကြတယ်။ တချို့က ချီးမွမ်းတယ်။ ငါဘုရားကိုလဲ တချို့က ကဲ့ရဲ့တယ်။ တချို့က ချီးမွမ်းကြတယ်။ မိုက်မဲတဲ့ သူတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကဲ့ရဲ့ခြင်း။ ချီးမွမ်းခြင်းဟာ ပမာန မဟုတ်ပါဘူး။ အသိအမြင် အဆင်ခြင်ရှိကြတဲ့ ပညာရှိတွေရဲ့ ကဲ့ရဲ့ခြင်းသာ ကဲ့ရဲ့ခြင်း အမှန်ဖြစ်တယ်။ ပညာရှိတွေရဲ့ ချီးမွမ်းခြင်းသာ ချီးမွမ်းခြင်း အမှန်ဖြစ်တယ်" တဲ့။

လောကမှာ ပြစ်တင်ကဲ့ရဲ့ လွတ်တဲ့ သူရယ်လို့ မရှိနိုင်ပါဘူး။ ဟို တုန်းကလဲ မရှိခဲ့ဘူး၊ ခုလဲ မရှိဘူး၊ နောင်လဲ ရှိမှာမဟုတ်ဘူး.... တဲ့။ အပြစ်တင်ချင်သူကတော့ ကြံဖန်ပြီး ပြစ်တင် ကဲ့ရဲ့မှာပါပဲ။ ကိုယ် မှားနေရင် ဘယ်လိုမှားနေတယ်၊ ဘယ်လိုပြင်သင့်တယ်ဆိုတာကို ထောက်ပြတတ်တဲ့ ကိုယ့်ကို ကောင်းတာ ဖြစ်စေချင်တဲ့ မိတ်ဆွေကောင်း မျိုးဆိုတာ ရှားပါတယ်။

ကိုယ်က ကောင်းတာ မှန်တာကို လုပ်ကိုင် ဆောင်ရွက် ကြိုးစား နေပါလျက်နဲ့ ပြစ်တင်ကဲ့ရဲ့ ရှုတ်ချလာရင်တော့လဲ မိုက်မဲသူတွေရဲ့ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းဟာ ပမာန မဟုတ်ပါဘူး' ဆိုတဲ့ ဗုဒ္ဓရဲ့ စကား အတိုင်း ဂရုစိုက်မနေဘဲ ကိုယ့်အလုပ် ကိုယ်ဆက်လုပ်ဖို့ပါပဲ။ ကိုယ်သွားရ မယ့်လမ်းကို ဆက်သွားဖို့ပါပဲ။

"လူယုတ်တို့သည် ငိုကြွေးခြင်းဟူသော အားရှိကုန်၏။ မိန်းမတို့သည် အမျက်ထွက်ခြင်းဟူသော အားရှိကုန်၏။ ခိုးသူ တို့သည် လက်နက်ဟူသော အားရှိကုန်၏။ မင်းတို့သည် အစိုးရ ခြင်းအာဏာဟူသော အားရှိကုန်၏။ ပညာရှိတို့သည် အကျိုး ရှိ-မရှိကို ရှုမြင်ခြင်းဟူသော အားရှိကုန်၏။ အကြားအမြင်





များသူတို့သည် ဆင်ခြင်ခြင်း ဟူသော အားရှိကုန်၏။ သမဏ ဗြာဟ္မဏတို့သည် သည်းခံခြင်းဟူသော အားရှိကုန်၏။ လူမိုက် တို့သည် ပြစ်တင်ကဲ့ရဲ့ခြင်းဟူသော အားရှိကုန်၏" ဆိုတဲ့....

ဗုဒ္ဓရဲ့ စကားထဲကအတိုင်း လူမိုက်တွေဟာ တစ်ပါးသူတွေ အပေါ် ပြစ်တင်ကဲ့ရဲ့ခြင်းဆိုတဲ့ အားရှိသူတွေပါပဲ။ ပြစ်တင်ကဲ့ရဲ့ဖို့ဟာ သူတို့ အလုပ်လို ဖြစ်နေတတ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့် ဆရာတစ်ဦး ပြောပြတဲ့အကြောင်းအရာ ကလေး တစ်ခုကို အမှတ်ရမိပါတယ်။

မြန်မာပြည် အချို့အရပ်ဒေသတွေမှာ နွေဦးပေါက်လာရင် အိုး ရောင်းတဲ့ သူတွေဟာ အိုးလှည်းကြီးတွေနဲ့ မြို့ပေါ် တက်လာပြီး အိုး ရောင်းကြတယ်။ တချို့ မြင်ဖူးကြမှာပါပဲ။ ကောက်ရိုးတွေခံပြီး အိုးတွေ အဆင့်ဆင့် လှည်းပေါ်မှာ တင်ထားလိုက်တာ အများကြီး၊ အမြင့်ကြီး ပါပဲ။ မြို့ကိုလာခဲ့တဲ့ လမ်းတစ်လျှောက်က ရွာတွေမှာ အဆင်သင့်ရင်လဲ အိုးရောင်းသူဟာ သူ့လှည်းကို ရပ်နားပြီး လှည်းပေါ်ကပါတဲ့ အိုးတွေကို ရောင်းတတ်တယ်။ ရောင်းချပြီးတဲ့အခါ မြို့ဆီ ဆက်မောင်းသွားပြန်တယ်၊ ဒီလိုမောင်းလာရင်း တချို့ရွာတွေကို ညအချိန်မတော်မှ ရောက်လာတတ်တယ်။ ဒီလို ညအချိန်မတော်မှာ အိုးလှည်းကြီး ရွာထဲဝင်လာတဲ့အခါ ရွာထဲက ခွေးတွေက ဟောင်ကြတယ်....တဲ့။ ခွေးတွေကတော့ သူတို့ရဲ့ အကျင့်စရိုက်အတိုင်း ဟောင်ကြတာပါ....တဲ့။ သူတို့အလုပ်က ဟောင်တဲ့အလုပ်ပဲကိုး



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်သွားနေဖို့လိုတာပဲ။

(တတိယအကြိမ်)



ဟောင်မှာပါပဲ။ ဒါပေမယ့် အိုးလှည်းကြီးကတော့ သွားရမယ့် ခရီးကို တအိအိနဲ့ ဆက်လက်ပြီး သွားနေတာပါပဲ....တဲ့။ အိုးလှည်းကြီးရဲ့အလုပ်က လိုရာအရပ်ကို ရောက်အောင် သွားရမယ့် အလုပ်ဆိုတော့ ဆက်ပြီး သွားလျက်ပါပဲ....တဲ့။ ဒီအဖြစ်ကို မြင်ပြီး သူ့စိတ်ထဲမှာ ဘယ်လိုတွေးမိသလဲဆိုတော့ စိတ်ထားသေးသိမ်တဲ့ သူတွေကတော့ ပြစ်တင်ကဲ့ရဲ့မှာပဲ၊ စကားတင်း ဆိုနေကြမှာပဲ ဒါပေမယ့် မြင့်မြတ်ကောင်းမွန်တဲ့ ရည်မှန်းချက်ပန်းတိုင်ကို သွားနေတဲ့ ကိုယ့်အလုပ်ကတော့ ကိုယ်သွားရမယ့်ပန်းတိုင်ဆီကို မှန်မှန်ကြီးသွားနေဖို့ လိုတာပဲလို့ တွေးမိတယ်....တဲ့။ ဟုတ်ပါတယ်။ ကိုယ်ရည်ရွယ်ထားရာဆီကို မှန်မှန်ကြီးသွားဖို့ပါပဲ။

ဒါပေမယ့် တချို့ကျတော့လဲ ပြစ်တင်ကဲ့ရဲ့ပြီး စကားတင်းဆိုရုံမျှမကဘူး၊ မိုက်မဲစွာနဲ့ ကိုယ်ထိလက်ရောက် တစ်ဖက်သူကို ဖျက်ဆီးတာမျိုးတွေလဲ ရှိတယ်။ ပြီးတော့ ကိုယ့်ရဲ့အလင်းရောင်ကို ပိုပြီး တောက်ပစေချင်တာနဲ့ သူတစ်ပါးရဲ့ ဆီမီးတိုင်ကို လိုက်ပြီး ငြိမ်းသတ်သူမျိုးတွေလဲ ရှိတယ်။ သစ်တောထဲမှာ အမြင့်ဆုံး၊ အသားအကောင်းဆုံး၊ အချောဆုံး သစ်ပင်ဟာ အဦးဆုံး ခုတ်လှဲခြင်းကို ခံရတတ်သလိုပဲ....တဲ့။ လူတွေထဲမှာလဲ တော်တဲ့ ထင်ရှားတဲ့ ကောင်းတဲ့ ကျော်စောလာတဲ့၊ အောင်မြင်လာတဲ့ လူဟာ စောစောပဲ အဖျက်အဆီး ခံရတတ်တယ်။ ဒီ သဘောမျိုးကို ဥယျာဉ်သမားကြီး တစ်ဦးကပြောဖူးပါတယ်။ သူ့ခြံထဲမှာ အင်မတန်ချိုမြိန်တဲ့၊ အလုံး လှလှတွေ သီးတဲ့ သရက်ပင်တစ်ပင် ရှိတယ်....တဲ့။ တခြားသရက်ပင်တွေ ဘာမှ

(တတိယအကြိမ်)

www.burmeseclassic.com



အဖျက်ဆီး မခံရပေမယ့် အဲဒီ ချိုမြိန်တဲ့ လှပတဲ့ အသီးတွေ သီးတဲ့ သရက်ပင်ကတော့ အကိုင်း အခက်တွေ ပြတ်ကုန်သည် အထိ ဖျက်ဆီးခံရတာပဲ။ အဲဒီ သရက်ပင်ရဲ့ အဖြစ်လိုပဲ၊ လူတွေထဲမှာ မိမိက ကောင်းလာရင်၊ သူများတွေထက် သာလာရင်၊ ထင်ရှားလာရင် လူများကို ဦးဆောင်ရတဲ့ ခေါင်းဆောင်ကောင်း ဖြစ်လာရင် မကောင်းတဲ့လူတွေရဲ့ အဖျက်အဆီးကို ခံရတတ်တယ်။ သတိထား....တဲ့။

လူဟာ သူများကို အပြစ်တင်တတ်၊ အပြစ်မြင်တတ်ပေမယ့် ကိုယ်လုပ်တာကိုတော့ ဟုတ်တယ်မှန်တယ် ထင်တတ်တာပဲ။ လူရဲ့မာနက ဆင်ခြေအမျိုးမျိုးပေးပြီး ကိုယ်လုပ်ကိုင် ပြုမူပြောဆိုတာတွေဟာ ယုတ္တိတန်တယ်၊ မှန်တဲ့ အပြုအမူအပြောအဆိုတွေဖြစ်တယ်လို့ ထင်မှတ်အောင် ဖန်တီးပေးတတ်တာပဲ။ ဒီနေရာမှာ မောင်းထောင်ဆရာတော်ဘုရားကြီး ပြောပြခဲ့တဲ့ အဖြစ်အပျက်ကလေးတစ်ခုကို အမှတ်ရမိပါတယ်။

တစ်ခါတုန်းက မန်းစက်တော်ရဲ့ အနီး တောကျောင်းမှာ တောကျောင်းဘုန်းကြီးတစ်ပါး ရှိတယ်။

တစ်နေ့မှာ အဲဒီတောကျောင်း မထေရ်ကြီးက သူ့တပည့် ရဟန်းတွေကို "တပည့်တို့....အခုည ငါ့ခန္ဓာကိုယ်ရဲ့ အသွေးအသားတွေကို ခြင်သတ္တဝါတွေ စားသောက်ကြဖို့ လှူလိုတဲ့ ဆန္ဒရှိနေတယ်။ ဒါကြောင့် ငါ့ရဲ့လက်တွေကို ကြိုးနဲ့ ချည်နှောင် စည်းတုပ်ပြီး ပေါင်းမြက်ထူပြောတဲ့ နေရာကို ပို့ထားကြ"လို့ မိန့်တော်မူပါတယ်။ ဒီအခါမှာ တပည့်ရဟန်းတွေက "အရှင်ဘုရား.... ယခုကဲ့သို့ အရှင်ဘုရားပြုလုပ်ဖို့ မသင့်





တော်ပါဘူး။ ရှေးဆရာမြတ်အပေါင်း ဘုရားအလောင်း သူတော်ကောင်းတွေဟာ ဓုတင်တေရသကျင့်စဉ်တွေကိုပဲ ကျင့်နိုင်သမျှ ကျင့်ကြံအားထုတ်ကြပါတယ်။ ဓုတင်တေရသ ကျင့်စဉ်တွေကို အပြည့်အစုံ ဟောထားတာတွေ ရှိပါလျက်နဲ့ မြက်တောကြားမှာ ခြင်တွေရဲ့ အကိုက်ခံပြီး ခြိုးခြံတော်မမူသင့်ပါ၊ မကျင့်သင့်ပါဘုရား"လို့ လျှောက်ကြတယ်။ ဒါပေမယ့်လဲ မထေရ်ကြီးက "တပည့်တို့ .... ငါ့ရဲ့ အလိုအတိုင်း မဆိုင်းမဖင့် ငါ ကျင့်ဆောင် အားထုတ်လိုတယ်။ ငါ့ကို ဒီလိုမကျင့်နဲ့လို့ သင်တို့ မလျှောက်ကြနဲ့၊ ငါ့ကို ကြိုးနဲ့ချည်တုပ်ပြီး ပေါင်းမြက်ရှုပ်ရာ အရပ်ကို ပို့ကြလော့"လို့ အမိန့်ပေးတယ်။

တောင်းပန်လို့မရတဲ့အဆုံးမှာ တပည့်ရဟန်းတွေက မထေရ်ကြီးကို ကြိုးတွေနဲ့ စည်းနှောင်ချည်တုပ်ပြီး မြက်ရှုပ်တဲ့ အရပ်မှာ သွားချထားတယ်။

မထေရ်ကြီးဟာ အစပထမတော့ ကြိတ်မှိတ်ပြီး ခြင်ကိုက်ခံတာပေါ့။ ဒါပေမယ့် ခဏကြာတော့ မရေမတွက်နိုင်အောင် များလှတဲ့ ခြင်တွေရဲ့ အကိုက်အခဲကို လုံးဝ သည်းမခံနိုင်ဘူးဖြစ်လာတယ်။ ဒါနဲ့ သူ့တပည့်တွေကို "နာချက်က ဆိုးရွားလိုက်တာကွယ်တို့၊ ငါ့ကို တုပ်နှောင်ထားတဲ့ ကြိုးတွေကို အမြန်လာဖြေကြပါတော့"လို့ အော်ပြောတယ်....တဲ့။ ဒီအခါ မှာ တပည့်တွေက "တပည့်တော်များ အစက အရှင်ဘုရားကို ဒီလိုမလုပ် ပါနဲ့လို့ တားသားပဲ၊ တပည့်တော်တို့ တားတာကို နားမထောင်ဘဲ ကိုယ့်ကိုယ်ကို အရှင်ဘုရား ဒုက္ခရှာတာပဲ။ ခုမှတော့ ကြိုးစားပြီးသာ ခံလိုက်ပါဘုရား"လို့ လျှောက်ကြတယ် ဒီသို့လေးကား



www.burmeseclassic.com

www.burmeseclassic.com



မှားတယ်လို့ ဝန်ခံဖို့ခက်တယ်။

(တတိယအကြိမ်)



တော့ မထေရ်ကြီး က "ဟ....အစကတော့ ခြင်ချည်းလို့ထင်တာ အပြီးသတ်တော့ မှက်တွေကပါ လာပြီးကိုက်ကြတာ။ ငါသေရုံရှိတော့ မပေါ့၊ မခံနိုင်ဘူး"လို့ ပြောတယ်.... တဲ့။

ဒါနဲ့ တပည့်တွေက မထေရ်ကြီးကို ကြိုးဖြေပေးပြီး ကျောင်းပေါ် ခေါ် ခဲ့ကြရတယ်။

မထေရ်ကြီးဟာ သူလုပ်ခဲ့တဲ့အလုပ်ကို မှားတယ်လို့ ဝန်မခံခဲ့ ဘူး။ မထေရ်ကြီးရဲ့မာနက ခြင်ကိုက်မခံနိုင်တာကို မခံနိုင်ဘူးလို့ဝန်မခံ ဘဲ မှက်ကိုက်လို့ဆိုပြီး မှက်ပေါ် အပြစ်လွှဲချတယ်။ သင်္ဂဇာ ဆရာတော် ဘုရားကြီး ပြောဖူးတာ တစ်ခုလဲ ရှိသေးတယ်။

တစ်ခါမှာ လူတစ်ယောက်ဟာ ထင်းပေါက်ဖို့ မရှိတာနဲ့ ပန်းပဲ အိမ်ကို သွားတယ်.... တဲ့။ ပန်းပဲအိမ်ကို ရောက်တော့ ဝယ်သူလာရင် ရောင်းဖို့ဆိုပြီး ပုဆိန်နဲ့ ပဲခွပ်တွေကို တန်းစီ ပြထားတာ တွေ့ရတယ် ဒီလူက ခပ်ညံ့ညံ့ ဆိုတော့ ပဲခွပ်နဲ့ ပုဆိန်ကို ကွဲကွဲပြားပြား မသိဘူး ဒီတော့ အသွားကန့်လန့်နဲ့ ပဲခွပ်ကို ပုဆိန်အမှတ်နဲ့ ဝယ်လာခဲ့တယ်။

အိမ်ရောက်တော့ အဲဒီပဲခွပ်နဲ့ ထင်းပေါက်တယ်။ ပဲခွပ်က အသွားကန့်လန့်ဖြတ်ဆိုတော့ ထင်းခွဲလို့ မရဘူးဖြစ်နေတယ်။ ခွဲလို့မရ တော့ သူ့မိန်းမဆီ လှမ်းပြီး "ထင်းပေါက်လို့ကလဲ ဘယ်တော့မှ ရ မဟုတ်ဘူး" လို့ ညည်းညူပြီး ပြောနေတယ်။ မိန်းမက သူ ထင်းပေါက် နေတာကို ထွက်ကြည့်တော့.... ကန့်လန့်ဖြတ်အသွား တပ်ထားတဲ့ ပဲခွပ်နဲ့ ထင်းပေါက်နေတာကို မြင်တယ်။ ဒီအခါမှာ မိန်းမက...

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဟာက ပုဆိန်မှ မဟုတ်ဘဲ၊ ဘယ်တော့ ထင်းက ကွဲမှာလဲ၊ ရှင့်မလဲ လုပ်လိုက်ရင် အလွဲချည်းပဲ၊ အမှားချည်းပဲ၊ ရှင်ပေါက်နေတဲ့ဟာက ပုဆိန်မဟုတ်ဘူးရှင့်.... ပဲခွပ်"လို့ ဆိုတော့ အဲဒီလူက သူ့မိန်းမကို....

"အို....ငါမှားတာက တစ်ချောင်းတည်းရယ်၊ ပန်းပဲသမားမှားထားလိုက်တာမှ တတန်းကြီး၊ တသီကြီး...."လို့ ပြန်ဖြေလိုက်တယ်တဲ့။

လူဟာ ကိုယ်မှားတာကို မှားပါတယ်လို့ ဝန်မခံနိုင်ဘူး။ မငြင်းနိုင်လောက်အောင် အသေအချာ မှားနေမှန်း သိပါလျက်နဲ့ ကိုယ်တစ်ယောက်တည်း မှားတာမျိုးမဖြစ်လိုဘဲ သူများကိုပါ လိုက်မှားစေချင်တဲ့ စိတ်မျိုး၊ ကိုယ့်အမှားကို သူများကိုပါ ဝေငှပေးချင်တဲ့ စိတ်မျိုး၊ ပန်းပဲသမားကိုပါ မှားဖော်မှားဖက် ဖြစ်စေချင်တဲ့ စိတ်မျိုးတောင် ဖြစ်တယ်။

လူဟာ အသိဉာဏ်ရှိတဲ့ သတ္တဝါဖြစ်ပေမယ့် ကိုယ်မှားရင် မှားတယ်၊ ကိုယ်မသိရင် မသိဘူးလို့ ကိုယ့်စိတ်ကိုယ်ကို အရှိပကတိအတိုင်း သိနိုင်ခဲတယ်။ သိရင်လဲ သိတဲ့အတိုင်း ဖြောင့်စင်းတဲ့ စိတ်၊ မကောက်ကွေ့ မဖုံးကွယ်တဲ့စိတ်နဲ့ ဝန်ခံနိုင်ခဲတဲ့ သူမျိုးပဲ ဖြစ်ပါတယ်။ အမှန်တရားရဲ့ မျက်နှာကို ထောက်ထားပြီး ဖြောင့်စင်းတဲ့စိတ်၊ ရိုးသားမှန်ကန်တဲ့စိတ် တွေသာ လူတော်တော်များများမှာ ရှိကြမယ်ဆိုရင် လူ့လောကကြီးဟာ ငြိမ်းအေးပြေလွင်ဖို့ အလားအလာ အများကြီး ရှိတယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။



အခန်း [ ၆ ]

## ပန်းများကို ပွင့်စေသူ

လောကကြီးမှာ မိတ်ကောင်းဆွေကောင်း အဖော်ကောင်း ရှား ပါးတယ်။ စိတ်သဘော ကောင်းမြတ် ဖြောင့်စင်းသူ ရှားပါးတယ်လို့ ပြောတတ်ကြပါတယ်။ ဒီမှာလဲ တစ်လျှောက်လုံး မိတ်ကောင်း ဆွေကောင်း ရှားပါးတဲ့အကြောင်း အများကြီးပြောခဲ့ပါတယ်။ ပြော တာလဲ လွယ်ပါတယ်။ ဒါပေမယ့်.... ဒီမှာ နားထောင်သူတွေ‌ေ ပြောနေသူ ကိုယ်တိုင်ပါ အခါများစွာ မေ့လျော့နေတတ်တဲ့ အချ တစ်ခုရှိပါတယ်။ ဘာလဲဆိုတော့....

မိတ်ကောင်း ဆွေကောင်း အဖော်ကောင်း ရှားကြောင်း၊ စိ သဘော ဖြောင့်စင်းသူ ရှားကြောင်း ပြောတဲ့အခါ ကိုယ့်ကိုယ်ကို ပြန်မကြည့်ဘဲ ချန်ထားပြီး ကိုယ့်ပြင်ပ ပတ်ဝန်းကျင်က လူတွေကို ကြည့်ကြည့် ပြောတတ်တယ် ဆိုတဲ့ အချက်ပါပဲ။ ကိုယ့်အကျိုး မတွေ့ရင် ဒါမှမဟုတ် ကိုယ့်အကျိုးစီးပွားအတွက် ဆောင်ရွက်မပေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လူကို မိတ်ဆွေကောင်းမဟုတ်ဘူးလို့ ပြောတတ်တာမျိုးတွေလဲ ရှိပါတယ်။

ဖြစ်သင့်တာကတော့ ကိုယ့်ကိုယ်ကို ဦးစွာကြည့်ပြီး "ငါကိုယ်တိုင်ကကော ငါနဲ့ သက်ဆိုင်သူတွေအတွက် မိတ်ကောင်းဆွေကောင်း အဖော်ကောင်းဟုတ်ရဲ့လား၊ ငါကိုယ်တိုင် စိတ်ထားကောင်းမြတ်သူ၊ ဖြောင့် စင်းသူ ဟုတ်ရဲ့လား" ဆိုတာ စိစစ်ဖို့ပါပဲ။ ရှေ့နိဒါန်းမှာပြောခဲ့တဲ့ မိတ်ဆွေကောင်းရဲ့ ဂုဏ်အင်္ဂါအရည်အသွေးတွေနဲ့ တစ်ဖက်သူတွေ အပေါ် မဆက်ဆံပါဘဲလျက်နဲ့ ကိုယ့်ဝန်းကျင်က လူတွေကို မိတ်ဆွေ ကောင်း မဟုတ်ဘူးလို့ ပြောဖို့ မသင့်ဘူး ထင်ပါတယ်။

ကိုယ်က မိတ်ဆွေကောင်းတို့ရဲ့ ဂုဏ်အင်္ဂါတွေနဲ့ ကိုယ့်ဝန်းကျင်က လူတွေကို ဆက်ဆံပေမယ့် အဲဒီလူတွေက ကိုယ့်ကို မိတ်ကောင်းဆွေကောင်းအဖြစ် တုံ့ပြန်ပြီး မဆက်ဆံတာမျိုးတွေလဲ ရှိမှာပါပဲ။ ကိုယ်က ဘယ်လောက်ကောင်းပေမယ့် ပြန်မကောင်းတာမျိုးတွေနဲ့လဲ ကြုံရမှာပါပဲ။ ပုထုဇဉ်တွေဆိုတော့ အသိမဲ့၊ သတိမဲ့၊ ကျေးဇူးမဲ့ တွေနဲ့ စိတ်ထားတွေ အမျိုးမျိုး ဖောက်ဖောက်ပြန်ပြန် ဖြစ်တတ်တာပါပဲ။

တစ်ခါတုန်းက အင်မတန် အမျက်စောင်းမာန် ကြီးတဲ့မင်းသား တစ်ပါးရှိတယ်။ ဘုရင့်သား ဆိုတဲ့ မာန်ကလဲ ရှိတယ်။ အသက်အရွယ်ကလဲ ငယ်ငယ်ဆိုတော့ အသိပညာကလဲ နည်းသေးတယ်။ ပင်ကိုဗီဇကလဲ မကောင်းတဲ့စရိုက်၊ အထုံဝသီ ပါလာတဲ့သူဆိုတော့ တုတ်၊





လုံတံထိခိုက်မိတဲ့ မြွေဟောက်လို အင်မတန်ရုန့်ရင်း ကြမ်းတမ်းတယ်။ ဒေါသ အာဃာတတွေ များတယ်။ မဆဲရေး မပုတ်ခတ်ဘဲ စကားပြောလေ့ မရှိဘူးတဲ့။ ဒီတော့ အနီးဝန်းကျင်မှာ ရှိတဲ့ လူတွေဟာ မင်းသားကို မြင်ရင် သူတို့ကို စားဖို့လာတဲ့ ဘီလူးလို ကြောက်ရွံ့ကြတယ်၊ မင်းသားငယ်ကို အင်မတန် မုန်းတီးစက်ဆုပ်ကြတယ်။

တစ်နေ့မှာ မင်းသားငယ်က မြစ်ကို ရေကစားသွားတယ်။ အခြွေအရံတွေ၊ အလုပ်အကျွေးတွေလဲ လိုက်သွားကြရတယ်။

မင်းသားက မြစ်တွင်းဆင်းပြီး ရေကစားနေတုန်း အရပ် လေးမျက်နှာလုံး အုံ့မှိုင်း မှောင်မည်းသွားအောင် မိုးသားတွေ တက်လာတယ်။ သည်းသည်းထန်ထန် မိုးရွာတော့မယ့် အခြေအနေ ရှိနေတော့ မင်းသားကို မုန်းတဲ့ အခြွေအရံ အလုပ်အကျွေးတွေက "ဒီမင်းသား ရေနစ် သေအောင် ထားပစ်ခဲ့မယ်" လို့ တိုင်ပင်ကြတယ်။ ဒီလို တိုင်ပင်ပြီး မြစ်လယ်မှာ မင်းသား ရေကစား နေတုန်းမှာ အခြွေအရံတွေက ကုန်းပေါ် သူထက်ငါ ရောက်အောင် တက်ပြေးကြတယ်။ ကုန်းပေါ် လဲ ရောက်ရော မင်းသားကို လှည့်လို့တောင် မကြည့်ဘဲ ထွက်ပြေးသွားကြတယ်။ နန်းတော်ရောက်လို့ သူတို့ကို မင်းကြီးက "မင်းသားငယ်ကော ပါရဲ့လား" လို့ မေးတော့ "ရှေ့က ပြန်သွားနှင့်တယ်" လို့ လိမ်ပြောကြတယ်။ မင်းသားငယ်ကို မတွေ့ရတော့ မင်းကြီးက သူတို့ကို မြစ်ဆိပ်ကို ပြန်သွားပြီး မင်းသားငယ်ကို ရှာခိုင်းတယ်။ ဒါနဲ့ သူတို့အဖွဲ့ မြစ်ဆိပ်ကို ပြန်သွားကြရတယ်။ သူတို့ရောက်တော့ မိုးက သဲသဲမဲမဲ ရွာ၊ လေကထန် ဆိုတော့ မင်းသားငယ်ကို ရှာလို့ မတွေ့နိုင်ကြတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ညည်းညူရတဲ့ အဖြစ်မျိုးတွေ





မင်းသားငယ်ဟာ မိုးလေထန်တဲ့ မြစ်ကြောလယ်မှာ ထင်းတုံးတစ်တုံးကို တွယ်မိပြီး ရေစီးနဲ့ မျောပါသွားတယ်။ မိုးလေထန်လို့ မျောပါလာတဲ့ မြွေတစ်ကောင်နဲ့ ကြွက်တစ်ကောင်ကလဲ အဲဒီမင်းသား ဖက်တွယ်လာတဲ့ ထင်းတုံးကို တွယ်ပြီး လိုက်လာကြတယ်။ အဲဒီ မြစ်ကမ်းမှာရှိတဲ့ လက်ပံပင်တစ်ပင်ဟာ မိုးလေကြောင့် မြစ်ထဲလဲကျတယ်။ လက်ပံပင်မှာနေတဲ့ ကြက်တူရွေးကလေး တစ်ကောင်ဟာလဲ မပျံနိုင်တာနဲ့ အဲဒီမင်းသား တွယ်ဖက်မျောလာတဲ့ ထင်းတုံးကို တွယ်နားပြီး ပါလာတယ်။

ဒီလို သတ္တဝါ လေးဦးသား ထင်းတုံးတစ်တုံးမှာ ခိုတွယ်ပြီး မျောလာတာကို ရသေ့တစ်ပါးက မြင်တော့ မြစ်ထဲဆင်းပြီး သူတို့ကို ဆယ်တယ်။ ဒီလိုဆယ်ပြီး သူ့ကျောင်းသင်္ခမ်းကလေးဆီ ဆောင်ယူလာခဲ့တယ်။

ကျောင်းသင်္ခမ်းကလေးကို ရောက်တော့ ရသေ့က မီးပုံတစ်ခုကို ဖိုပြီး အားနွဲ့တဲ့ ကြက်တူရွေးကလေး၊ မြွေနဲ့ ကြွက်ကလေးကို အလျင်အဦး မီးလှုံစေတယ်။ နောက်မှ မင်းသားကို မီးလှုံစေတယ်။ အစာကျွေးတဲ့အခါမှာလဲ အားနွဲ့တဲ့ သတ္တဝါကလေးတွေကို ကျွေးပြီးမှ မင်းသားကို ကျွေးတယ်။ ရသေ့ရဲ့ သဘောကတော့ အားနွဲ့တဲ့သူကို ဦးစားပေးတာပါပဲ။ မင်းသားကို မုန်းလို့ နောက်ချန်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းသားကတော့ အကြီးအကျယ် စိတ်ထဲမှာ ကျိတ်ပြီး ဒေါသဖြစ်တယ်

"ငါမင်းသား ဖြစ်ပါလျက်နဲ့ ငါ့ကိုတော့ ဂရုမစိုက်၊ ဦးစားမပေး၊



www.burmeseclassic.com

www.burmeseclassic.com



ဘိရစ္ဆာန်တွေကိုမှ ဦးစားပေးတယ်” ဒီလိုသဘော ထားပြီး ရသေ့ကို ရန်ငြိုးဖွဲ့တယ်။

နှစ်ရက်သုံးရက်ကြာလို့ သူတို့တွေ ကျန်းမာပြီး အင်အား ပြည့်လာတဲ့အခါမှာ မြစ်ရေ ကြီးတာလဲ ကျသွားပြီဆိုတော့ ကိုယ့်အရပ် ကိုယ် ပြန်ကြဖို့ ပြင်ဆင်ကြတယ်။ ဒီအခါမှာ မြွေ၊ ကြွက်၊ ကြက်တူရွေး တို့က ရသေ့ကို “မိမိတို့ထံ လာခဲ့ပါ၊ ကျေးဇူးဆပ်ပါရစေ၊ လှူဒါန်းပါရစေ”လို့ အသီးသီး ပြောကြတယ်။ ဒီအခါမှာ မင်းသားကလဲ (စိတ်မပါ ပေမယ့် သူများတွေက ပြောနေတော့ မကောင်းတတ်ပါဘူးလို့ တွေးပြီး) သူ ဘုရင်ဖြစ်တဲ့အခါ ရှင်ရသေ့ ကြွလာခဲ့ပါ၊ ပစ္စည်းလေးပါးနဲ့ ပူဇော်ပါ့ မယ်လို့ပြောတယ်။ ဒီလိုပြောပြီး အသီးသီး ပြန်ကြတယ်။ မင်းသားငယ် ဟာ မကြာခင်ဘဲ ဘုရင်ဖြစ်တယ်။

တစ်နေ့မှာ ရသေ့ဟာ သူ ကယ်ဆယ်ခဲ့တဲ့ သူတွေရဲ့ သဘော ထားတွေကို စုံစမ်းဦးမယ်လို့ တွေးမိတယ်။ ဒီအတွေးနဲ့ ရသေ့ဟာ မြွေ ဆီကိုသွားတယ်၊ ကြွက်ဆီကိုလဲ သွားတယ်၊ ကြက်တူရွေးဆီကိုလဲ သွားတယ်။ အားလုံး ဝမ်းသာစွာနဲ့ ကြိုဆိုကြတယ်။ သူတို့မှာ ရှိသမျှ ပစ္စည်းဥစ္စာ၊ အစာဟူသမျှကို ပေးလှူကြတယ်။ ရသေ့ကလဲ နောင် လိုတဲ့အခါ အလှူခံမယ့်အကြောင်း ပြောပြီး ပြန်ခဲ့တယ်။ မြွေ၊ ကြွက်၊ ကြက်တူရွေးငယ် တို့ဟာ ကျေးဇူးသိတတ်တာ တွေ့ရတော့ ရသေ့က ဝမ်းသာနေတယ်။

“မြွေ၊ ကြွက်၊ ကြက်တူရွေးငယ်တို့ကတော့ ကျေးဇူး သိတတ်ပါ ပေဘယ်။ မင်းသားကို စုံစမ်းဦးမယ်၊ ဘယ်လိုသဘောထားများ ရှိမလဲ”





လို့ တွေးပြီး ရသေ့ဟာ မင်းသားထံကို ထွက်ခဲ့တယ်၊ မြို့ကိုရောက်တော့ နန်းဥယျာဉ်မှာ တည်းခိုတယ်။

မနက် ဆွမ်းခံချိန်ရောက်တော့ ရသေ့ဟာ မြို့ထဲကို ဆွမ်းခံထွက် လာခဲ့တယ်။

ရသေ့ ဆွမ်းခံထွက်လာတဲ့ အချိန်မှာပဲ မင်းသားဟာ ဘုရင် ဖြစ် နေပြီဆိုတော့ မင်္ဂလာဆင်တော်ကို စီးပြီး အခြွေအရံတွေနဲ့ မြို့ကို လက်ယာရစ် လှည့်လာခိုက်နဲ့ ကြုံနေတယ်။ ဆွမ်းခံ ထွက်လာတဲ့ ရသေ့ ကို မင်္ဂလာဆင်တော်ပေါ်က ဘုရင်က ချက်ခြင်းမှတ်မိတယ်၊ “ကောက်ကျစ် စဉ်းလဲတဲ့ ရသေ့လာပြီ၊ ငါ့ထံမှာ စားကာ သောက်ကာနဲ့ နေလိုဟန် တူတယ်။ ငါ့ကို ပြုစုထားတဲ့ ကျေးဇူးကို လူအများကို သူ မပြောခင် သူ့ကို ငါအသတ်ခိုင်းမှပဲ”လို့ ဘုရင်က ကြံပြီး အနီးက မင်းချင်းတွေကို “ဟော ဟိုက ကောက်ကျစ်တဲ့ရသေ့ကို ဖမ်းဆီး ချုပ်နှောင်ပြီး လမ်းဆုံရောက်တိုင်း ရောက်တိုင်း ရိုက်နှက်ပြီး မြို့ပြင် ထုတ် သတ်ရမယ်”လို့ အမိန့်ပေးတယ်။

မင်းချင်းတွေကလဲ ရသေ့ကို ဖမ်းဆီး တုပ်နှောင်ပြီး လမ်းဆုံ ရောက်တိုင်း၊ လမ်းဆုံရောက်တိုင်းမှာ ရိုက်နှက်ကြတယ်။

ရသေ့ဟာ ရိုက်တိုင်း ရိုက်တိုင်း ဘယ်နှယ် ညည်းညူသလဲဆို တော့....

“မြစ်ထဲ မျောလာတဲ့ သစ်တုံးကို ဆယ်ယူတာကမှ မြတ် သေးသည်။ အဆွေ ခင်ပွန်းကောင်းကို ပြစ်မှားတဲ့ လူယုတ်မာ ကို ဆယ်တင်ရခြင်းကတော့ မမြတ်သည်သာတည်း”လို့ အချို့



www.burmeseclassic.com

www.burmeseclassic.com



ပညာရှိတို့ ပြောဆိုကြတဲ့စကားဟာ မှန်လိုက်တာ"လို့ ညည်းညူတယ်....တဲ့။ *

ရသေ့ညည်းညူသလို ညည်းညူရတဲ့ အဖြစ်မျိုးတွေ ကျွန်တော် တို့ ဘဝခရီးမှာ ကြုံတတ်ပါတယ်....။

"ပုပ်နေတဲ့သစ်တော်သီးမှာ လှည့်ကိုက်စရာ တစ်နေရာတော့ ရှိတတ်တယ်"ဆိုတဲ့ စကားကို ထောက်ပြီး ကိုယ် ကြုံတွေ့ရတဲ့ လူတစ်ဦးဟာ မကောင်းပေမယ့် သြော် သူ့မှာ ကောင်းကွက်တစ်ခုတော့ ရှိမှာပဲ ဆိုပြီး ဖြေဆည်ရနိုင်တာမျိုးလဲ ရှိတော့ ရှိပါရဲ့။ ဒါပေမယ့် တစ်ခါတစ်ခါမှာ အူတိုင်ကနေ အပေါ် ခွံအထိ ပုပ်နေတဲ့ ဖရဲသီးပုပ်၊ သခွားသီးပုပ်မှာ လှည့်ကိုက်စရာဆိုလို့ တစ်နေရာမှ မရှိသလိုဘဲ၊ ဘယ်နေရာမှာမှ မကောင်းတဲ့ ဖြေဆည်စရာမရနိုင်တဲ့ လူမျိုးကိုလဲ ကျွန်တော်တို့ ဘဝခရီးမှာ ကြုံရတတ်ပါတယ်။ ကိုယ်က မိတ်ဆွေကောင်းရဲ့ သဘောထားနဲ့

---

* ရသေ့သည်းညူတဲ့စကားကို ကြားတဲ့အခါမှာ ပညာရှိကြတဲ့ သူတွေက 'အို.... အရှင်ရသေ့.... သင်သည် ကျွန်ုပ်တို့ရဲ့ မင်းကြီးကို ပြုခဲ့ဖူးတဲ့ ကျေးဇူး တစ်စုံတစ်ရာရှိပါသလား'လို့ မေးကြတယ်။ ဒီအခါမှာ ရသေ့က သူတို့ရဲ့ မင်းကြီးကို မင်းမဖြစ်ခင် မင်းသားဖြစ်စဉ်က မြစ်ထဲမှာ မျောပါလာလို့ ကယ်ဆယ်ခဲ့ဖူးကြောင်း အစမှအဆုံးတိုင် ပြောပြတယ်။ ဒီအခါမှာ ပညာရှိကြသူတွေ၊ အမတ်ပုဏ္ဏားတွေဟာ 'ကျေးဇူးရှင်ကိုတောင် ပြစ်မှားတဲ့မင်းကို မှီပြီး ဘယ်မှာ အကျိုးရှိမှာလည်း မင်းအဖြစ်တင်မြှောက်ထားတာ ဘာ အကျိုးရှိမှာလဲ'ဆိုပြီး နန်းချပစ်ကြတယ်။ ရသေ့ကို မင်းအဖြစ် မြှောက်တင် လိုက်ကြတယ်လို့ ဆိုပါတယ်။





ဘယ်လောက် အနစ်နာခံပြီး ကူညီပေမယ့် ရိုင်းပင်းပေမယ့် ကျေးဇူးသိတတ်ဖို့ နေနေ သာသာ သူ့အခွင့်အရေးအတွက် ကိုယ့်ကို ထိခိုက်နစ်နာအောင် လုပ်သွားသူမျိုးတွေလဲ ရှိတာပါပဲ။ ဒါကလဲ ဘဝခရီးကို သွားဖန်များသူ၊ ဘဝအတွေ့အကြုံတွေ များသူမှပဲ သိနိုင်၊ ခံစားနိုင်ပါတယ်။ အဲဒီ အခါမျိုးမှာ အထက်က ရသေ့ ညည်းညူသလို သစ်တုံးဆယ်တင်တာက မှ အကျိုးရှိသေးတယ်။ ကျေးဇူးမသိတတ်တဲ့ သူကို ကယ်တင်ခြင်း ကတော့ အလကားပဲလို့ ညည်းညူရတာမျိုးတွေလဲ ရှိတတ်ပါတယ်။

ဒါပေမယ့် မိတ်ဆွေကောင်းဆိုတာ အဲဒီလို လူမျိုးတွေနဲ့ ကြုံရပေမယ့်လဲ စိတ်မပျက်သင့်သေးပါဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ .... မိတ်ဆွေကောင်းဆိုတာ "သဒ္ဓါတရားနှင့် ပြည့်စုံ၏။ စင်ကြယ်သော သီလရှိကုန်၏။ များသော အကြားအမြင်ရှိ၏။ ဝန်မတိုဘဲ စွန့်ကြဲခြင်း ရှိကုန်၏။ ပညာနှင့် ပြည့်စုံကုန်၏"လို့ ဖော်ပြထားတာ ရှိသေးတယ်။

ဆိုခဲ့တဲ့ မိတ်ဆွေကောင်းရဲ့ ဂုဏ်အင်္ဂါထဲမှာ အကြားအမြင်များခြင်း၊ ပညာရှိခြင်းဆိုတာ ပါနေတယ်။

လူလူချင်းဆက်ဆံတဲ့အခါ၊ တစ်ဖက်သားကို ကူညီတဲ့အခါမှာ ဗဟုသုတအတွေ့အကြုံနည်းနေလို့ ပညာအမြော်အမြင်လိုနေလို့ ငါ့ရဲ့ကူညီမှု ဆက်ဆံရိုင်းပင်းမှုဟာ ချွတ်ချော်တဲ့အတွက် ကိုယ့်ကို တစ်ဖက်လူက အထင်မှား အမြင်မှား ဖြစ်လေရော့သလား၊ ဒီလို အထင်မှား အမြင်မှားဖြစ်ပြီး ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



မဖွယ်မရာ တုံ့ပြန်လေရော့သလားလို့လဲ ဆင်ခြင်ရမယ်....တဲ့။ ကိုယ့်စေတနာက ကောင်းပေမယ့် ဗဟုသုတ အတွေ့အကြုံ ပညာ အမြော်အမြင်နည်းရင်လဲ ကိုယ့်ရဲ့ အပြုအမူတွေဟာ ချွတ်ချော်ပြီး စေတနာ....ဝေဒနာဖြစ်ဆိုတဲ့ အဖြစ်မျိုးကို ရောက်သွားတာများလားလို့လဲ ဆင်ခြင်ရမယ်တဲ့။ ပျားပိတုန်းတွေဟာ ပန်းပွင့်၊ ပန်းခိုင်တွေနဲ့ ထိတွေ့ဆက်ဆံပြီး ဝတ်ရည်ယူတဲ့ အခါမှာ ယူလိုတဲ့ ဝတ်ရည်ကိုလဲ ရခဲ့တယ်။ ဒီလို ဝတ်ရည်ယူရင်း ပန်းပွင့်ပန်းခိုင်တွေနဲ့ ထိတွေ့ဆက်ဆံမှုကြောင့် ပန်းပွင့် ပန်းခိုင်တွေမှာ ဘာမှ ထိခိုက်မှုမရှိရုံမျှမက ဝတ်မှုန်တွေကူးပြီး တလှတပ ပန်းခင်းကြီးအဖြစ်ကိုတောင် ရောက်စေတယ်။ ဒီနည်းတူ လူတွေနဲ့ ဆက်ဆံတဲ့အခါမှာ ကိုယ့်အကျိုးလဲ ပြီးမြောက် သူတစ်ပါးကိုလဲ မထိခိုက်ရုံမက အကျိုးရှိစေတဲ့ လုပ်ရပ်မျိုး ရှိနိုင်သေးတယ်။ ဒီလို လုပ်ရပ်မျိုး ဖြစ်အောင် အတွေ့အကြုံ ဗဟုသုတတွေ၊ ပညာ အမြော်အမြင်တွေနဲ့ နှိုင်းနှိုင်းချိန်ချိန် လုပ်သင့်တယ်လို့ ကိုယ့်ကိုယ်ကို သတိပေးရမယ်....တဲ့။

မိတ်ဆွေကောင်းရဲ့ ဂုဏ်အင်္ဂါတွေနဲ့ ပြည့်စုံဖို့ဆိုတာ လွယ်တော့ မလွယ်ပါဘူး။ ကိုယ်ကိုယ်တိုင် မိတ်ဆွေကောင်းဖြစ်ဖို့ ခက်ခဲ နေရင် ကိုယ့်ဝန်းကျင်ကလူတွေကို မိတ်ဆွေကောင်းတွေ မဟုတ်ပါဘူး လို့ အလွယ်တကူ အပြစ်မတင်ဖို့လဲ သတိထားရမှာပါပဲ။ "သင်က ကော မိတ်ဆွေကောင်း ဟုတ်ရဲ့လား"လို့ ပြန်ပြီး အမေးခံရနိုင်တယ်ဆို တာကိုလဲ သတိပြုရမှာပါပဲ။

(တတိယအကြိမ်)



ပန်းများကို ပွင့်စေသူ။

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မိတ်ဆွေကောင်းတို့ရဲ့ ဂုဏ်အင်္ဂါနဲ့ညီအောင် အတတ်နိုင်ဆုံး ဆက်ဆံပြုမူပေမယ့် တစ်ဖက်လူတွေက ကောင်းမွန်စွာ မတုံ့ပြန်ရုံမက ကိုယ့်အကျိုးကို ပျက်စီးအောင် လုပ်လာတယ်ဆိုရင်လဲ အားငယ်စိတ်ပျက်စရာတော့ မလိုပါဘူး။ ဒီလိုလူမျိုးတွေကို ရှောင်သင့်က ရှောင်၊ ဖယ်သင့်က ဖယ်ပြီး ကျွန်တော်တို့ရဲ့ စေတနာ၊ ပညာ၊ ဝီရိယတွေကိုပဲ မိတ်ဆွေကောင်းအဖြစ်၊ အဖော်မွန်အဖြစ် ပေါင်းသင်းဆက်ဆံပြီး ဘဝခရီးကို တည်ငြိမ်စွာနဲ့ ကိုယ်ရည်မှန်းထားတဲ့ ပန်းတိုင်ရောက်သည်အထိ လျှောက်လှမ်းသင့်တယ်လို့ ပြောရင်း နိဂုံးချုပ်ပါတယ်။

> မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကုန်လော့။

မဟာပရိနိဗ္ဗာနသုတ်

(တတိယအကြိမ်)

www.burmeseclassic.com